# စာစဉ် ၆၃ : အပိုင်း ၁

# အပိုင်း ၉၃၁ : မင်းရဲ့ နာမည်

တရုပ်ရုပ် အသံများကြောင့် ကျားလက်သည်းက
နိုးလာခဲ့ကာ သမ်းဝေလိုက်ရင်း မြွေသွားအနားသို့
ကုန်းကုန်းကွကွဖြင့် ရောက်လာခဲ့သည်။
"ဒါကဘာလဲ... စာတစ်စောင်လား"

စာပေါ်သို့ သွားရည်များ ယိုကျလာမည်ကို
စိုးရိမ်နေသဖြင့် မြွေသွားသည် ကျားလက်သည်း၏
မျက်နှာအား အဝေးသို့ ချက်ချင်း တွန်းလိုက်သည်။
"ဘာဖြစ်လို့လဲ... မင်းဘာသာမင်း
သွားအိပ်နေစမ်းပါကွာ"

+

"ငါဆာနေပြီ… တစ်ခုခု စားဖို့ လိုနေတယ်"
ကျားလက်သည်းက သူ၏ ဝမ်းဗိုက်ကို ပွတ်နေရင်း
ပြောလေသည်။

"ဒါဆိုရင် ရေနည်းနည်း တည်ပြီး ချက်လိုက်လေ…
သြော်… ဒါနဲ့… ငါက အုတ်ဂျုံ စားချင်နေတယ်"

"ကောင်းပြီလေ" ကျားလက်သည်းက
ပြန်ပြောလိုက်ပြီးမှ တစ်စုံတစ်ခုအား
အမှတ်ရသွားခဲ့သည်။ "မင်းငါမေးတာကို
မဖြေရသေးဘူးနော်"

+

"ဒါက ငါ့ရဲ့ မှတ်ပုံတင်ကတ်နဲ့ အလုပ်ခေါ်စာပဲ" မြွေသွားက စိတ်မရှည်စွာဖြင့် ပြန်ပြောလိုက်သည်။

"အိုး" ကျားလက်သည်း၏ မျက်လုံးများက အရောင်တောက်လာ၍ အနားသို့ ပြန်ကပ်လာခဲ့ပြီး မြွေသွား၏ လည်ပင်းပေါ်တွင် လက်တစ်ဖက် ရစ်သိုင်းလိုက်ကာ စိတ်လှုပ်ရှားစွာဖြင့် လှုပ်ခါလိုက်သည်။ "မင်းက နောက်ဆုံးမှာ မှတ်ပုံတင်ကတ် ရသွားခဲ့ပြီပေါ့… ဟားဟား… ဒါက အောင်ပွဲခံဖို့ ထိုက်တန်ပြီး ငါတို့က အုတ်ဂျုံထက် ပိုကောင်းတဲ့ တစ်စုံတစ်ခုကို လိုအပ်နေတယ်… ဈေးသွားပြီးမှ ငါးခြောက်အချို့နဲ့ မှိုတွေကို သွားဝယ်ကြရအောင်"

+

"ငါက ပိုက်ဆံစုဖို့ ကြိုးစားနေသေးတယ်"

"ငါကမင်းကို နည်းနည်း ချေးပေးမယ်လေ" ကျားလက်သည်းက အမှုမထားဟန်ဖြင့် ပြောလိုက်သည်။ "မင်းက မှတ်ပုံတင်ကတ်ကို စောင့်နေတာ ကြာလှပြီ... ဒီလိုအချိန်ကို အစာကောင်းကောင်းစားပြီး အောင်ပွဲမခံပဲ လွတ်သွားလို့ ဘယ်ဖြစ်မလဲ... ငါမှတ်ပုံတင်ကတ် ရတုံးက မင်းဘာပြောခဲ့သလဲ ဆိုတာကို မှတ်မိသေးလား"

မြွေသွားသည် သူ့အနေဖြင့် ကျားလက်သည်း၏ စိတ်ကောင်း စေတနာများကို ငြင်းပယ်၍ မသင့်ဟု ကောင်းစွာ သိနေပေသည်။

+

ကျားလက်သည်းသည် အရပ်အမောင်း မြင့်မား၍
ကိုယ်ကာယ သန်စွမ်းသော သူတစ်ယောက် ဖြစ်ကာ
အလုပ်အလွန် ကြိုးစားပြီး အခြား
အလုပ်သမားများထက် များစွာပို၍
အလုပ်လုပ်နိုင်သည်။ အထူးသဖြင့် အစာကို
လုံလောက်စွာ စားနိုင်ခဲ့သည့် အချိန်တွင် ဖြစ်သည်။

သူ၏ အလုပ်ကြပ်သည် ဤအရာကို ကောင်းစွာ
သတိပြုမိပြီး သူ့အား ကောင်းစွာ တန်ဖိုးထားခဲ့၍
နောက်ပိုင်းတွင် တတိယ ဆောက်လုပ်ရေး အဖွဲ့မှ
စံပြလုပ်သား အဖြစ်ပင် ရွေးချယ်ခဲ့သေးသည်။
သူသည် လစာပို၍ ရရှိပြီး အပို
ဆုကြေးများကိုလည်း ရနိုင်ခဲ့သေးရာ

+

အိမ်တစ်လုံးအတွက် ကနဦး ပေးချေရန် လုံလောက်သည့် ငွေကြေးကို ပိုင်ဆိုင်နေနိုင်ပြီ ဖြစ်သည်။

မည်သည့် ရွှေ့ပြောင်းလုပ်သား မဆို ကိုယ်ပိုင်အိမ် တစ်လုံး ရနိုင်သည်နှင့် မှတ်ပုံတင်ကတ် ရရှိနိုင်ကာ ကျားလက်သည်းက သူ့အိမ်အသစ်၏ သော့ကို ရရှိသည့် နေတွင် မြွေသွားက အောင်ပွဲခံသည့် အနေဖြင့် သူ့အား ဒကာခံခိုင်းခဲ့ကာ သူ၏ ပိုင်ဆိုင်မှုများကိုပင် အုတ်အိမ်အသစ်သို့ ရွှေ့လာခဲ့သေးသည်။

+

"ကောင်းပြီ… ကောင်းပြီ… ငါသိပါပြီ" မြွေသွားက ကူရာမဲ့စွာဖြင့် ပြောလိုက်သည်။ "ခဏနေ သွားကြတာပေါ့"

"ဟုတ်ပြီ… ဒီအတိုင်းပဲ လုပ်ကြတာပေါ့" ကျားလက်သည်းသည် ကျေနပ်သွား၍ သူ့အိပ်ရာဘေးသို့ ပြန်သွားကာ ဈေးသွားဝယ်လျှင် ဝတ်ဆင်မည့် အဝတ်များကို လှန်လှော ရှာဖွေနေခဲ့သည်။ "ဩော်… ဒါနဲ့… အကြောင်းကြားစာ အထဲမှာ ဘာပါသလဲ"

"ရထားလမ်း တည်ဆောက်ရေး အသင်းရဲ့ အလုပ်ခေါ်စာ ဖြစ်တယ်" မြွေသွားက အသက်ပြင်းပြင်း တစ်ချက်ရှူ၍ ပြောလိုက်သည်။

+

"ငါက သိပ်မကြာခင်မှာ မီးခိုးရောင် ရဲတိုက်နယ်စပ်ပြင်ပက မြေရိုင်းဒေသကို အလုပ်သွားလုပ်ရတော့မယ်"

"ဘာ" ကျားလက်သည်း၏ လက်များက ရုတ်တရက် ရပ်တန့်သွားခဲ့သည်။ "မင်းက ဘယ်တုံးက ဒီအတွက် လျှောက်လိုက်တာလဲ… ငါ့ကို ဘာမှ မပြောခဲ့ပါလား"

"မင်းက ငါနဲ့အတူ လိုက်ချင်နေရင် ဘယ်လိုလုပ်မလဲ… အိမ်စောင့်မယ့်သူ မကျန်ပဲ ဖြစ်သွားမှာပေါ့"

+

"ငါကမင်းနဲ့ အတူလိုက်မှာ မဟုတ်ပါဘူး… မဟုတ်ဘူး… ငါဆိုလိုနေတာဟာ… ငါက ဘာဖြစ်လို့ ဒီလောက်အထိ အန္တရာယ်များတဲ့ နေရာကို သွားရမှာလဲ" ကျားလက်သည်းက အသံကို မြှင့်၍ ပြောလိုက်သည်။ "လတ်တလောမှာ ဘာဖြစ်ခဲ့သလဲ ဆိုတာကို မင်းသိနေတာပဲ… မြို့ပြင်မှာ မိစ္ဆာတွေ ရောက်နေခဲ့ပြီ"

လတ်တလောတွင် မိစ္ဆာတို့၏ မြို့ရိုးပေါ်သို့ တိုက်ခိုက်မှုသည် မြို့သူမြို့သား အကြားတွင် အကြီးအကျယ် မငြိမ်မသက် ဖြစ်စေခဲ့သည်။ အစ ပထမတွင် သတိပေးသံများက မကြာခဏ ပေါ်လာတတ်ပြီး နောက်ပိုင်းတွင် ထူးခြားသော မကောင်းဆိုးဝါးများက မြို့အတွင်းတွင် ပေါ်လာကြ၍ ထိုညဥ့် ကျင်းပခဲ့သော

+

အခမ်းအနားတွင် ကြားခဲ့ရသည့် အရာများက အားလုံးတို့၏ စိတ်ကို ထိတ်လန့် တုန်လှုပ်စေခဲ့သည်။

ဘုရင် ရိုလန်သည် အများပြည်သူတို့အား ထိုမကောင်းဆိုးဝါးများသည် လူသားတို့က အနေးနှင့် အမြန် ရင်ဆိုင်ရတော့မည် ရန်သူများ ဖြစ်သည်ဟု ပြောကြားခဲ့သည်။ မြေရိုင်းဒေသဟု ခေါ်သော နေရာသည် အစ ပထမတွင် လူသူ ကင်းမဲ့နေသည့် နေရာ မဟုတ်ပဲ တစ်ချိန်က 'ဖွံ့ဖြိုးသော နယ်မြေ'ဟု ခေါ်သည့် နေရာဖြစ်ကြောင်းကိုလည်း ပြောခဲ့သေးသည်။

+

မိစ္ဆာ သားရဲများနှင့် မိစ္ဆာများက သူတို့အား တိုက်ခိုက် နှောင့်ယှက်ခဲ့ကြသဖြင့် ဤလူများသည် ယခု တိုင်းပြည်လေးခု တည်ရှိနေသော နေရာသို့ ဆုတ်ခွာလာခဲ့ရခြင်း ဖြစ်လေသည်။

ဖွံ့ဖြိုးသော နယ်မြေမှ ထွက်ပြေးလာသော လူအချို့သည် ဘုရားကျောင်းကို တည်ထောင်ခဲ့ကြကာ ရန်သူများနှင့် ပတ်သတ်၍ လိမ်ညာ ပြောဆိုခဲ့ကြသည်။ သူတို့သည် မိစ္ဆာများအား အလွန် အစွမ်းထက်သည်ဟု ဖော်ပြခဲ့ကြပြီး စုန်းမများ၏ မှော်စွမ်းအားများကို ကြောက်ရွံ့နေသဖြင့် စုန်းမများကို မိစ္ဆာများနှင့် ပတ်သတ်သည်ဟု လွဲမှားစွာ စွပ်စွဲခဲ့ကြသည်။

သို့သော်လည်း ဤတစ်ခါက် ဆောင်းမဲ့မြို့တော်
ရရှိခဲ့သည့် အောင်ပွဲသည် မိစ္ဆာများက
ကောက်ကျစ်ကာ ကြောက်မက်ဖွယ်
ကောင်းလှသော်လည်း ပြိုင်ဘက်ကင်း
မဟုတ်မှန်းကို သက်သေပြနိုင်ခဲ့သည်။

နယ်မြေအား ချဲ့ထွင်နိုင်ရန်နှင့်
ဆောင်းမဲ့မြို့တော်အား ရန်သူများ၏ တိုက်ခိုက်မှုမှ
ကာကွယ်နိုင်ရန် ဘုရင်သည် မြေရိုင်းဒေသအား
တတ်နိုင်သမျှ အမြန်ဆုံး ချီတက်ကာ လူသားများ
တစ်ချိန်က ပိုင်ဆိုင်ခဲ့သည့် နယ်မြေအား ပြန်လည်
သိမ်းပိုက် လိုနေခဲ့သည်။

+

အခမ်းအနားတွင် ဘုရင်၏ အတိအလင်း ကြေညာချက်သည် မရေမတွက်နိုင်သော ကောင်းချီး ဩဘာများကို ရရှိစေခဲ့ပြီး ပထမ စစ်တပ်က အသား ယာဂုနှင့် အသားကင်များကို ပရိသတ်များထံ ဝေငှခဲ့ချိန်တွင် ရင်ပြင်ထံမှ ပတ်ဝန်းကျင်က အထွတ်အထိတ် အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။

နောက်ငါးရက် အတွင်းတွင် တစ်ယောက်သည် မည်သည့်နေရာ သွားသွား လူအများ၏ မိစ္ဆာများ အကြောင်း ဆွေးနွေးနေကြသည်ကို ကြားနိုင်ခဲ့ကာ ဆောက်လုပ်ရေး အဖွဲ့ အတွင်းမှ မြွေသွား၏ လုပ်ဖော်ကိုင်ဖက်များကလည်း ချွင်းချက် မဟုတ်ခဲ့ပေ။

+

သူတို့သည် "မိစ္ဆာနဲ့ မိစ္ဆာ သားရဲတွေ အကြားမှာ ဘယ်သူက ပိုသန်မာသလဲ"၊ "ဆောင်းမဲ့မြို့တော်ကို အနောက်မြောက်ပိုင်းထံ တိုးချဲ့သင့်သလား" အစရှိသော မေးခွန်းများကို စိတ်အဝင်စားကြဆုံး ဖြစ်သည်။

ဤအချိန် အတောအတွင်းတွင် မြို့တော်ခန်းမမှ အလုပ်ခေါ်စာ များစွာတို့ကို ထုတ်ပြန်ခဲ့ပြီး သူတို့အနက်မှ တစ်ခုသည် မြူခိုးငွေ့ တောအုပ် အတွင်းတွင် ရထားသံလမ်းကို ဆောက်လုပ်ရန်ပင် ဖြစ်သည်။

+

မြွေသွားသည့် ဤမေးခွန်းများ၏ အဖြေများကို
ဂရုမစိုက်နေသော်လည်း အရှင်မင်းမြတ်
ပြောခဲ့သည့် အရာများသည် သူ၏ဦးနှောက်ကို
တစ်နည်းတစ်ဖုံအားဖြင့် အလင်းပွင့်သွားစေခဲ့ကာ
ရုတ်တရက်ပင် သူ၏စိတ်က ကြည်လင်သွားခဲ့သည်။

သူသည် သူက ဘယ်ကလာသည်နှင့်
ဘယ်ကိုသွားမည် ဆိုသည်ကို တစ်ခါမှ
မတွေးဖူးခဲ့သော်လည်း ယခုအချိန်၌ သူတို့
အားလုံးသည် မြေရိုင်းဒေသမှ
ရွှေ့ပြောင်းလာခဲ့သည်ကို နားလည်သွားခဲ့လေပြီ။

ကမ္ဘာကြီးသည် တိုင်းပြည်လေးခုထက် များစွာပို၍
ကြီးမား၍ သူ၏ နယ်နိမိတ်များသည် မီးခိုးရောင်

+

ရဲတိုက်ထက် များစွာပို၍ ကြီးမားသော ဖွံ့ဖြိုးသော နယ်မြေ ကိုယ်တိုင်ထက် များစွာပို၍ ကျယ်ပြန့်နေပေသည်။

ထို့အပြင် သူက ကောင်းမွန်လှသော လစာ၏ ဆွဲဆောင်မှုကို ခံခဲ့ရသည်။

ကျားလက်သည်းသည် ပြန်လှည့်လာကာ သူ၏ လက်မောင်းအား ဆုပ်ကိုင်လိုက်သည်။ "မင်းက အမြဲတမ်း ဉာဏ်ပိုကောင်းတော့ ဒီအကြောင်းကို ငါ့ထက်ပိုပြီးမှ ကောင်းကောင်း နားလည်နေမှာပဲ… မိစ္ဆာတွေဟာ အားလုံး ထင်ထားသလို ရင်ဆိုင်ဖို့ လွယ်ကူတဲ့ ရန်သူတွေ မဟုတ်ဘူး"

+

"တကယ်လို့ သူတို့က တကယ်ပဲ အားနည်းနေခဲ့ရင် လူသားတွေကို ဘယ်လိုလုပ်ပြီးမှ မျိုးသုဥ်းလုနီးပါး ဖြစ်အောင် လုပ်နိုင်ခဲ့မှာလဲ... အရင်က ဖွံ့ဖြိုးသော နယ်မြေမှာ မြို့တော်တွေ ရာနဲ့ချီ ရှိပြီး လူသန်းပေါင်းများစွာ နေထိုင်ခဲ့ကြတယ်လို့ အရှင်မင်းမြတ်က ပြောခဲ့တယ်"

"ငါက ဒါတွေကို သိနေလို့ပဲ ဒီဆုံးဖြတ်ချက်ကို ချခဲ့တာပေါ့" မြွေသွားက ဆုံးဖြတ်ချက် မပြောင်းပဲ ပြန်ပြောလိုက်သည်။ "လစာက တစ်လကို ငွေပြား ၃၅ပြား ရမှာ ဖြစ်ပြီး အလုပ်မသွားခင် ခြောက်လစာ လစာကို ကြိုပေးထားဦးမှာ ဖြစ်တယ်... ဒါ့အပြင် ငါက အခန်း နှစ်ခန်းပါတဲ့ အိမ်ကို ဝယ်နိုင်ခွင့်ရှိပြီး ဒီလို အခွင့်အရေးမျိုးကို ကြုံဖို့ အမတန်မှ မလွယ်ဘူး"

+

"အခန်း နှစ်ခန်းပါတဲ့အိမ်..." ကျားလက်သည်း၏ နှုတ်ခမ်းများက တွန့်သွားသည်။ "မင်းက ဒါကို တကယ်ပဲ ဒီလောက်အထိ စွဲလန်း မက်မောနေတာလား"

"ဒါပေါ့" မြွေသွားက လက်သီးဆုပ်၍ ပြောလိုက်သည်။ "သူ့မှာ ရေပူစနစ် တစ်ခုပါပြီး မီးဖိုချောင်နဲ့ ရေချိုးခန်းက သက်သက်စီ ဖြစ်တယ်... အိမ်တစ်အိမ်က ဒီလိုမျိုး ဖြစ်နေရမှာ"

သူသည် ကျားလက်သည်းလောက် လစာ မကောင်းသော်လည်း ယခုအချိန်တွင် ရွှေပြားတစ်ပြား စုမိနေပြီ ဖြစ်သည်။ သူသည် သူတို့

+

အလုပ်ကြပ်၏ အိမ်ကို မြင်ပြီးချိန်မှ စ၍
အတွင်းမြို့၏ လူနေအိမ်ရာ အတွင်းတွင်
သူ၏ကိုယ်ပိုင် အခန်းနှစ်ခန်းပါ အိမ်ကို ဝယ်ရန်
ဆုံးဖြတ်ခဲ့သည်။

သို့သော်လည်း သာမန်အိမ်များနှင့် မတူပဲ
ထိုအိမ်အတွက် ကနဦး ပေးချေမှုသည်
ရွှေပြားသုံးပြား ဖြစ်နေသဖြင့် သူက
မဝယ်နိုင်ခဲ့သေးချေ။

မြွေသွားက အခြားသူများကို မပြောခဲ့သော်လည်း
ပို၍ အရေးကြီးသည့် အချက်မှာ ယခုကဲ့သို့
အိပ်ရာငယ်လေး တစ်ခုကို ဝေမျှ သုံးနေရသည့်
အိပ်ခန်းတစ်ခန်းပါ အိမ်နှင့်စာလျှင် အိပ်ခန်း

+

နှစ်ခန်းက များစွာပို၍ သက်တောင့်သက်သာ ရှိနေပေသည်။

ကျားလက်သည်းက ဤအလုပ်အား မလုပ်ရန် သူ့အား ဟန့်တားလိုနေသေးသည်ကို မြင်ခဲ့ရသော အခါ မြွေသွားက သူ၏ခေါင်းကို ခါကာ ပြောလိုက်သည်။ "ဒါက အနည်းငယ် အန္တရာယ် များနေတယ် ဆိုတာကို ငါက သိနေပေမဲ့ ငါတို့ ကြွက်အနေနဲ့ နေခဲ့ရစဉ်က နေ့စဉ်နေ့တိုင်း စွန့်စားခဲ့ရတာပဲ"

"မတူညီတဲ့ အချက်ဟာ အဲ့ဒီအချိန်က ငါတို့ စွန့်စားခဲ့ရသမျှဟာ အချည်းနှီး ဖြစ်ခဲ့ပေမဲ့ အခု အချိန်မှာ အနည်းဆုံးတော့ ငါတို့ရဲ့ လုံ့လတွေက

+

အကျိုးပေးမယ် ဆိုတာကို သေချာနေနိုင်တယ်… ငါက ဉာဏ်ကောင်းတယ်လို့ မင်းတို့က ထင်နေပေမဲ့ ဆောင်းမဲ့မြို့တော်မှာ ဒါက ဘာမှ အသုံးမဝင်နိုင်ဘူး"

"တကယ်လို့ ငါတို့က လုံခြုံ စိတ်ချရတဲ့ ဘဝကို လိုချင်နေခဲ့ရင် အစကတည်းက ဘာဖြစ်လို့ တခြားမြို့ကို ပြောင်းလာခဲ့မှာလဲ"

"ငါက မင်းနဲ့ ပြိုင်ပြင်းရင် ဘယ်တော့မှ မနိုင်ဘူး ဆိုတာကို မင်းသိနေတာပဲ" ကျားလက်သည်းက အရှုံးပေးသည့် အနေဖြင့် သူ၏ လက်များကို မြှောက်လိုက်သည်။ "မင်းက အသေအချာ

+

စဥ်းစားပြီးသွားပြီ ဆိုရင်တော့ ငါက
မကန့်ကွက်တော့ပါဘူးကွာ"

"စိတ်မပူပါနဲ့… ငါက အကျိုးအမြတ်ကိုပဲ ဂရုစိုက်ပြီး
အရမ်းကာရော လုပ်ခဲ့တာ မဟုတ်ပါဘူး"
မြွေသွားက သူ၏ လက်ဝါးကို ဖြန့်ပြီးမှ
ပြောလိုက်သည်။ "ပထမ စစ်တပ်က လုံခြုံရေး
အတွက် တာဝန်ယူပေးမှာ ဖြစ်ပြီး စုန်းမ
အချို့ကလည်း ဆောက်လုပ်ရေး အဖွဲ့နဲ့
ပါလာမယ်လို့ ပြောနေကြတယ်"

"တကယ်လို့ ငါတို့က မိစ္ဆာတွေနဲ့ တွေ့ခဲ့ရင်တောင်
သူတို့က ငါတို့ကို တုတ်တွေ၊ ပေါက်ပြားတွေနဲ့

+

တိုက်ခိုက်ခိုင်းမှာ မဟုတ်ပါဘူး… ခြုံပြောရရင် ဒါက
လုံခြုံ စိတ်ချရတဲ့ အလုပ်တစ်ခုပါပဲ"

"ငါကလည်း ဒီလိုပဲ မျှော်လင့်နေပါတယ်"
ကျားလက်သည်းက တိုးတိုးလေး ပြောလိုက်သည်။
"ငါက မျက်နှာ သွားသစ်လိုက်ဦးမယ်…
ငါ့အစာအိမ်က အသံမြည်နေပြီ… အခုအချိန်မှာ
မင်းက လစာကောင်းတဲ့ အလုပ်တစ်ခု ရသွားပြီ
ဆိုတော့ ခဏနေ အဝတီးရမယ်"

မြွေသွားက သူ့အား
မျက်စောင်းထိုးကြည့်လိုက်လေသည်။

+

ကျားလက်သည်း ကိုယ်လက် သန့်စင်နေသည့် အချိန်တွင် မြွေသွားသည် တတိယ စာကို ဖြန့်ဖတ်လိုက်ရာ အတွင်းတွင် ရေးထားသည့် အရာများကြောင့် အနည်းငယ် အံ့သြ တုန်လှုပ်သွားမိသည်။

ထိုအရာသည် လွှဲပြောင်းခြင်း စာချုပ်ပင် ဖြစ်နေသည်။

အတိုချုံး ပြောရလျှင် ဘာပဲ ဖြစ်ခဲ့ဖြစ်ခဲ့ မြို့တော်ခန်းမသည် အားလုံးတို့၏ လစာနှင့် ဆုလာဘ်များကို ပြန်သိမ်းမည် မဟုတ်ပဲ ကြီးကြီးမားမား မတော်တဆမှု တစ်ခုနှင့် ကြုံခဲ့ပါက သူတို့၏ ပိုင်ဆိုင်မှုများကို လွှဲပြောင်းပေးရန်

+

တစ်စုံတစ်ယောက်ကို ရွေးချယ်ထားရမည် ဖြစ်သည်။

လွှဲပြောင်းခြင်း စာချုပ်က မှန်ကန်နေပါက ထိုလူသည် မြို့တော်ခန်းမထံမှ အကြောင်းကြားစာကို ရရှိလိမ့်မည် ဖြစ်လေသည်။

မြွေသွားသည် သူ၏ မျက်လုံးကို မှိတ်လိုက်ရာ ပုံရိပ်အချို့က သူ၏ စိတ်အတွင်းတွင် ပေါ်လာခဲ့သည်။ ဂျိုး၊ နေကြာပန်း၊ ကျားလက်သည်း... နောက်ဆုံးတွင် အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် ကောင်မလေး တစ်ယောက်ပုံတွင် မြင်ကွင်းများက ရပ်တန့်သွားခဲ့လေသည်။

+

မြွေသွားသည် ကျောက်မီးသွေးကို
ကောက်ကိုင်လိုက်ကာ စာချုပ်၏ လွတ်နေသော
နေရာတွင် နာမည်တစ်ခုကို အသေအချာ
ရေးသားလိုက်လေသည်။

"ပေပါ"

စာစဥ် ဖ၃ : အပိုင်း ၂

အပိုင်း ၉၃၂ : ဆုံတွေ့ရန် မဖြစ်နိုင်သည့်
တစ်စုံတစ်ယောက်

+

ဟောဴဖော့ကွင်းသည် အပြည့်ဖြည့်ထားသော
ဝိုင်တစ်ခွက်ကို ကိုင်ထားရင်း မှန်လုံးပြည့်
ပြတင်းပေါက် အရှေ့တွင် ရပ်နေကာ
ညကောင်းကင်ယံ လွှမ်းခြုံထားသည့် မြို့တော်အား
ကြည့်နေလေသည်။

ဤအရာသည် 'ဘယ်တော့မှ
မအိပ်သောမြို့'ဟုလည်း အမည်ရသော အရဏ်ဦး
နိုင်ငံ၏ အလယ်ဗဟို ဖြစ်သည်။ မြင့်တက်နေမင်း
ရိပ်သာလမ်းမှ စတင်လာသော
အလင်းရောင်များသည် လမ်းနှစ်ဘက်စလုံးအား
စိမ်းလန်းသော အလင်းရောင် သစ်ပင်တစ်ခု အလား
ဆန့်တန်းသွားခဲ့သည်။

+

ထိုသစ်ပင်၏ ထိပ်ဖျားတွင် မရေမတွက်နိုင်သော ရှားပါး ပစ္စည်းများကို ရောင်းချနေသည့် နိုင်ငံ၏ အထင်ရှားဆုံး ဈေးရှိနေသည်။ ကုန်သည်များ အတွက်မူ ညသည် နေ့သစ်တစ်ခု စတင်ခြင်းပင် ဖြစ်သည်။

ပြိုးပြက် ဝင်းလက်နေသည့် မြို့တော်၏ ဂုဏ်ကျက်သရေကို ထိန်းသိမ်းထားရန် ဘုရင့်မြို့တော် အတွင်းမှ နေ့စဥ် သုံးစွဲရသည့် ဖယောင်းတိုင်များ၊ ထင်းများနှင့် ရေနံဆီ တို့သည် အံ့အားသင့်ဖွယ် ပမာဏ ရှိနေပြီး အရှေ့ပိုင်း ဆိပ်ကမ်းမှ ငါးအဆီများနှင့် မြောက်ပိုင်း တောင်ကုန်းမှ သစ်တို့အား မြို့အတွင်းသို့ လှေတစ်စင်းပြီး တစ်စင်းဖြင့် အဆက်မပြတ် တင်သွင်းနေရသည်။

+

ဤ၊လုပ်ငန်း တစ်ခုတည်းကပင်
လူတစ်သောင်းနီးပါးနှင့် ကုန်သည်
တစ်ရာကျော်တို့အား ထမင်းကျွေးထားနိုင်သည်။

ပြီးတော့ ထိုအရာသည် ဤ၊မြို့တော် စီးပွားရေး
ကုန်သွယ်မှု၏ သေးငယ်သော အစိတ်အပိုင်း
တစ်ခုသာ ရှိနေသေးသည်။

ပုံမှန်ဆိုလျှင် ဟော်ဖော့၏ အကြီးမားဆုံး
နှစ်သက်မှုမှာ ညမြို့တော်၏ တောက်ပမှုများကို
ခံစားရန်ပင် ဖြစ်သည်။ ဂျွန်မိုရာ၏
တော်ဝင်မိသားစုနှင့် မိသားစုကြီး သုံးခုတို့၏
ပူးပေါင်း အုပ်ချုပ်မှု အောက်တွင် ဤ၊မြို့တော်သည်

+

တောရိုင်းဒေသ တစ်ခုမှ ယနေ့တွင် စည်ကား
သိုက်မြိုက်လှသည့် နာမည်ကျော် နေရာတစ်ခု
ဖြစ်လာခဲ့ပေပြီ။ ဤအရာသည် သူတို့
ဘိုးဘေးများ၏ အဆက်မပြတ်
အားထုတ်မှုများကြောင့်ပင် ဖြစ်သည်။

သို့သော်လည်း ယနေ့တွင် သူသည် ဤအရာ
အားလုံးကို မြင်ရသည်မှာ ပင်ပန်းနေသည်ဟု
ခံစားနေရသည်။

တောက်ပမြို့တော်၏ ညမြင်ကွင်းမှာ
အရင်အတိုင်းပင် ရှိနေသေးကာ ဆွဲဆောင်မှု အပြည့်
ရှိနေသေးသည်။ သို့သော်လည်း တောက်ပမှု၏
ပြင်ပတွင် ဆက်လက် လျစ်လျူရှု၍

+

မရနိုင်တော့သည့် အမှောင်ထု တစ်ခုက
ဖြည်းဖြည်းချင်း ကျယ်ပြန့်လာခဲ့သည်။

လင်းထိန်စွာ တောက်ပနေသည့် နယ်မြေ တစ်ခု၌
နေနေရသော်လည်း သူသည် အလွန်အမင်း စိုးရိမ်
ပူပန်နေသကဲ့သို့ ခံစားနေရသေးသည်။

သူက အသက်ကြီးလာပြီနှင့် တူနေသည်။
ဟော်ဖော့သည် ဝိုင်ကို တစ်ငုံ
သောက်လိုက်သော်လည်း ဝိုင်၏ ချိုမြိန်မှုသည်
သူ့ပါးစပ် အတွင်းမှ ခါးသီးနေမှုကို
မလွှမ်းမိုးနိုင်ခဲ့ပေ။

+

"အဖေ" စာကြည့်ခန်း တံခါးက ပွင့်သွားပြီး
လူငယ်လေး တစ်ယောက်က ဝင်လာခဲ့သည်။
"မြောက်ပိုင်းလေပြင်း မြို့တော်က ဘာရှန်
အယ်လ်ဖွန်ဆိုက အဖေနဲ့ တွေ့ချင်နေပါတယ်"

"မတွေ့ဘူး" ဟော်ဖော့က သူ၏ခေါင်းကို
ပြန်မလှည့်ပဲနှင့် ပြောလိုက်သည်။
"ငါနေမကောင်းဘူးလို့ပဲ ပြောလိုက်ပါ"

"ဒါပေမဲ့..." ဟောင်းက အချိန် အနည်းငယ်
ချီတုံချတုံ ဖြစ်သွားပြီးမှ အိမ်တော်ထိန်းအိုကြီးထံ
လက်ဝှေ့ယမ်းပြလိုက်သည်။

+

အိမ်တော်ထိန်းက ချက်ချင်းပင် ခေါင်းညိတ်ပြလိုက်ပြီးမှ စာဖတ်ခန်း အတွင်းမှ လှည့်ထွက်သွားလေသည်။

အခန်း အတွင်းတွင် သူတို့ နှစ်ယောက်တည်း ကျန်ခဲ့သည့် အချိန်မှသာ ဟောင်းသည် သူ၏ စိုးရိမ်နေမှုများကို စတင် ပြောကြားလိုက်သည်။

"အဖေ… ဒါဟာ အဖေ ငြင်းလွှတ်လိုက်တဲ့ ၁၂ယောက်မြောက် မှူးမတ်ပဲ… နန်းတော် အတွင်းမှာ ပြဿနာ တစ်ခု ရှိနေတယ် ဆို ကျွန်တော်ကတောင် သိနေပြီး အပြင်က မှူးမတ်တွေ မြို့ထဲကို ဝင်လာတဲ့ ရည်ရွယ်ချက်တွေက အမတန်မှ သိသာနေတယ်…

+

တကယ်လို့ အဖေက သူတို့ကို တွေ့ဖို့ ငြင်းဆန်နေဦးမယ် ဆိုရင် သူတို့က အထင်လွဲပြီး..."

"အထင်လွဲပြီး ဘာဖြစ်လဲ"

"အထင်လွဲပြီး..." သူက သူ၏နှုတ်ခမ်းကို ကိုက်ကာ ပြောလိုက်သည်။ "အဖေက အရှင်မင်းမြတ် အဲဒီပန် မိုရာဘက်မှာ ရှိနေသေးတယ်လို့ ထင်သွားကြလိမ့်မယ်"

"ဟောင်း..." အားလ်ကွင်းသည် ပြန်လှည့်လိုက်ကာ ကွင်းမိသားစု၏ ဆက်ခံသူအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။ "မိသားစု သုံးခုဟာ အရဏ်ဦး

+

နိုင်ငံ ဘုရင်ဘက်မှာ ရှိနေတာက အမှားတစ်ခုလို့ မင်းက ထင်နေသလား"

"ဒါပေမဲ့ အခုအချိန်မှာ အရှင်မင်းမြတ်က ကျွန်တော်တို့ကို မလိုတော့ဘူး" ဟောင်းက သူ၏ သတ္တိများကို စုစည်းကာ ပြောလိုက်သည်။ "ကျွန်တော်တို့ စစ်တပ်ဟာ ဟားမီးစ်မှာ အကြီးအကျယ် ရှုံးနိမ့်လာပြီးကတည်းက သူက အဖေ့ရဲ့ အကြံညာဏ်တွေကို မတောင်းခံတော့ပဲ အဖေဟာ ဝန်ကြီးချုပ် ဖြစ်ပေမဲ့ တော်ဝင် နန်းတော် အတွင်းကိုတောင် မဝင်နိုင်တော့ဘူး"

"အခု အချိန်မှာ မြို့စောင့်တပ်ကိုတောင် ကြေးစားတွေနဲ့ အစားထိုးလိုက်ပြီ…

+

ဒီရက်အတွင်းမှာ နန်းတော်အတွင်းကို
အဆင့်ခေါ်ခံရတဲ့ လူတွေကိုပဲ ကြည့်လိုက်ပါ...
သူတို့က လူပြက်တွေ၊ အကသမားတွေနဲ့
ဂေးရှားမယ်တွေပဲ ဖြစ်ကြတယ်"

အားလ်သည် ဘာမှ မဖြေကြားပဲ သူ၏
ဝိုင်ခွက်ကိုသာ ငြိမ်သက်စွာ
စိုက်ကြည့်နေလေသည်။

ဟောင်းသည် အသက် ဆယ့်ရှစ်နှစ်သာ
ရှိသေးသော်လည်း သူကပင် နိုင်ငံတဝှမ်းမှ
သူကောင်းမျိုးများ၏ ဘုရင့်မြို့တော်သို့
ရောက်လာကြသည့် နောက်ကွယ်မှ
အကြောင်းရင်းကို သိနေခဲ့ပြီး အခြား ဒေသခံ

+

မှူးမတ်များကလည်း ရဲတိုက် အတွင်းမှ
ပြောင်းလဲမှုများကို အာရုံခံနိုင်ခဲ့လေသည်။

အမှန်အတိုင်း ပြောရလျှင် သူသည် သူတို့၏
မရပ်တန့်နိုင်ဟု ထင်နေရသည့် စစ်တပ်က
ရှုံးနိမ့်လာသည် ဟူသော သတင်းကို
ကြားခဲ့ရကတည်းက ဤနေ့က
ရောက်လာလိမ့်မည်ကို မျှော်လင့်ထားပြီး ဖြစ်သည်။

တပ်ဖွဲ့ပေါင်း တစ်သောင်းကျော်နှင့် မြို့များစွာတို့မှ
သခင် အများစုတို့သည် တစ်ချိန်က
အင်အားကြီးခဲ့သည့် ဘုရားကျောင်းထံမှ
အကျိုးအမြတ် တစ်ပိုင်းတစ်စကို ရလိုနေ၍
စစ်ချီခဲ့ကြသည်။ သို့သော်လည်း သူတို့သည်

+

မည်သည့် ဆုလာဘ်ကိုမှ မရနိုင်သည့် အပြင် သူတို့၏ အသက်များကိုပင် ဆုံးရှုံးခဲ့ရသေးသည်။

ထိုအရာသည် တစ်ခုတည်းသော နောက်ဆက်တွဲ အကျိုးဆက် ဆိုလျှင် တော်သေးသည်။ သို့သော်လည်း အရဏ်ဦး ဘုရင်သည် သူ၏ နိုက်သူရဲကောင်း တပ်ဖွဲ့ဖြင့် အင်အားချိနဲ့စွာ အသက်ရှင်လျက် ပြန်ရောက်လာခဲ့သည်။

အေပန်၏ အရှက်ရစွာ ပြန်လာခဲ့မှု သတင်းသည် တောမီးကဲ့သို့ ပျံ့နှံ့သွားခဲ့ကာ တစ်ချိန်တည်းတွင် ကျရှုံးခဲ့သည့် ဤစစ်ဆင်ရေး အတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ် ဖြစ်သွားခဲ့သည်။ အေပန် ထိန်းချုပ်ထားသည့် အာဏာများသည် အခြား

+

မှူးမတ်များ၏ လောဘကို ဖယ်ရှားနိုင်ရန် မလုံလောက်တော့ပြီ။

မြို့တော်သို့ ညအချိန်တွင် ခိုးကြောင်ခိုးဝှက် ဝင်ရောက်လာသည့် ဤမှူးမတ်များက သိသာသည့် အချက်ပြမှု တစ်ခု ဖြစ်နေသည်။ သူတို့သည် ထောက်ပံ့မလား သို့မဟုတ် ပေါင်းစည်းကြမလား ဆိုသည်ကို မဆုံးဖြတ်မည် မိသားစုကြီး သုံးခု၏ တုံ့ပြန်မှုများကို မြင်လိုနေကြသည်မှာ သံသယ ဖြစ်ဖွယ် မရှိပေ။ သို့သော်လည်း ဤအခြေအနေအတိုင်း ဆက်ရှိနေရန် မည်သူမှ မလိုလားကြတော့ပေ။

+

ဟော်ဖော့သည် မျက်လုံးမှိတ်ထားခဲ့လျှင်ပင် ဤလူများ၏ အတွေးကို မှန်းဆနိုင်သေးသည်။ သူတို့သည် ဟားမီးစ်တွင် အရင်းအမြစ် များစွာ ဆုံးရှုံးခဲ့ရသဖြင့် ဤဆုံးရှုံးမှုများကို ကာမိနိုင်ရန် နည်းလမ်းများကို ရှာဖွေလိုနေကြခြင်းပင် ဖြစ်သည်။

"အဖေ" သူ့ဖခင်က ငြိမ်သက်နေသေးသည်ကို မြင်ခဲ့ရသော အခါ ဟောင်းက အလောတကြီးဖြင့် ပြောလိုက်သည်။ "အခြေအနေတွေက လွန်ခဲ့တဲ့ ဆယ်နှစ်နဲ့ မတူတော့ပဲ အေပန် မိုရာက အရှင်မင်းမြတ် မိုရာ မဟုတ်တော့ဘူး... လော်ရီး အိမ်တော်ကိုပဲ ကြည့်စမ်းပါ... အိုတိုလော်ရီးက အခုအထိ နန်းတော် အကျဉ်းခန်း အတွင်းမှာ ချုပ်နှောင်ခံနေရဆဲ ရှိသေးတယ်"

+

"အဖေက တော်ဝင် နန်းတော်ရဲ့ ဝန်ကြီးချုပ် ဖြစ်နေပြီး လူတွေရဲ့ ရိုသေ လေးစားခြင်းကို ခံထားရတယ်… တကယ်လို့ အဖေက ရှေ့ထွက်ပြီး တခြား မိသားစုကြီး နှစ်ခုရဲ့ ထောက်ခံမှုကို ရနိုင်ခဲ့ရင် ကျန်တဲ့ မှူးမတ်တွေ အားလုံးက အဖေ့ရဲ့ ဦးဆောင်မှု အနောက်ကို ပျော်ပျော်ကြီး လိုက်ကြလိမ့်မယ်လို့ ကျွန်တော်က သေချာနေတယ်"

"ရှေ့ထွက်ရမယ်… ဟုတ်လား" အားလ်ကွင်း၏ မျက်လုံးများက ကျဉ်းမြောင်းသွား၍ သူ၏ အသံမှာ အန္တရာယ် ရှိသောပုံ ပေါက်လာခဲ့သည်။

+

"အာ..." ဟောင်း၏ အသံက မထွက်လာတော့ပဲ အလန့်တကြားဖြင့် သူ၏ခေါင်းကို ငုံ့လိုက်ကာ သူ့ကိုယ်သူ ကာကွယ်သည့် အနေဖြင့် ပြောလိုက်သည်။ "အဖေက အရှင်မင်းမြတ် အေပန်ရဲ့ ဘက်မှာ နေစရာ မလိုဘူး မဟုတ်လား... မဟုတ်ရင် အဖေက နေမကောင်းချင် ဟန်ဆောင်ပြီး ဘယ်သူ့ကိုမှ တွေ့ဖို့ ငြင်းနေခဲ့မှာ မဟုတ်ဘူး"

"တကယ်လို့ ဘုရင်ဟောင်းသာ ဆိုရင်တော့ အဖေက ဟိုမှူးမတ်တွေကို တိုင်းပြည်ရဲ့ တည်ငြိမ်မှုကို အရင် စဥ်းစားကြဖို့ တိုက်တွန်းခဲ့မှာပဲ"

+

သူ့သားက ငယ်ရွယ်လွန်းနေသေးမှန်းကို သဘောပေါက်သွားသဖြင့် ဟော်ဖော့က သက်ပြင်းတစ်ချက် ချလိုက်သည်။ "တကယ်လို့ မင်းပြောတာ မှန်ခဲ့ရင် အေပန် မိုရာကလည်း ဒါကို မမြင်နိုင်ပဲ နေလိမ့်မယ်လို့ မင်းထင်နေသလား"

"ဘယ်လို" ဟောင်းက အနည်းငယ် မှင်သက်သွားသည်။

"ငါတို့စံအိမ် အပြင်မှာ စောင့်ကြည့်နေတဲ့ မျက်လုံးတွေ ရှိနေမယ်လို့ ငါပြောရဲတယ်... သူတို့က ငါဘယ်သူနဲ့ တွေ့သလဲ... ငါလတ်တလောမှာ ဘယ်သွားသလဲ ဆိုတာကို ထောက်လှမ်းနေပြီး အေပန်ကို

+

အကြောင်းကြားနေကြမှာ ဖြစ်တယ်" အားလ်က သူ၏ စားပွဲသို့ ပြန်လာခဲ့၍ ထိုင်ချလိုက်သည်။

"ငါက ရှေ့ထွက်ပြီး ဟိုမှုူးမတ်တွေနဲ့ တွေ့ခဲ့ရင် ဘာဖြစ်သွားမလဲ ဆိုတာကို မှန်းဆကြည့်ပါ... သူက နိုက်သူရဲကောင်း တပ်ဖွဲ့ တစ်ခုလုံး ဆုံးရှုံးသွားခဲ့တာတောင် တိုင်းပြည်ကို ထိန်းချုပ်နိုင်မှုက အများကြီး အားမနည်းသွားသေးဘူး"

"အေပန်က ထီးနန်း ဆက်ခံပြီးတာနဲ့ သက်တော်စောင့်တွေ... ရဲတိုက် အစောင့်တွေကို သူ့လူတွေနဲ့ စတင် အစားထိုးခဲ့တယ်... သူ့မျက်စိအောက်မှာတင် ပုန်ကန်ရမယ်...

+

ဟုတ်လား... သူက ငါ့လည်ပင်းကို ကြိုးကွင်း စွပ်ခဲ့တဲ့ အချိန်မှာ ဟိုမှူးမတ်တွေက ငါ့ကို လာကယ်မယ်လို့ မင်းထင်နေတာလား"

သူက စားပွဲကို ဖြန်းကနဲ ရိုက်ချလိုက်သည်။ "အခုအချိန်မှာ လေဘ်ရှီးနဲ့ တိုကတ် မိသားစုတို့က ငါ့ကို ဘာဖြစ်လို့ လာမရှာပဲ အဝေးက မှူးမတ်တွေသာ လာတွေ့နေကြသလဲ ဆိုတာကို မင်းသဘောပေါက်ပြီလား"

ဟောင်းက ပင့်သက်ရှိုက်လိုက်သည်။ "ဒီလိုဆိုရင် ကျွန်တော်တို့ရဲ့ နယ်မြေကို အရင်ပြန်ရင် မကောင်းဘူးလား... အနည်းဆုံးတော့ အဖေ့ရဲ့ နိုက်သူရဲကောင်းနဲ့ ကြေးစားတွေက အဲ့ဒီမှာ ရှိနေပြီး

+

ငှားရမ်းထားတဲ့ ကျေးကျွန်တွေလဲ ရှိနေသေးတယ်… ဒါဆိုတော့ တကယ်လို့ သူက အဖေ့ကို တစ်ခုခု လုပ်ချင်နေရင်တောင်…"

အားလ်က သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "ကွင်းမိသားစုက ဒီနေရာမှာ အခြေချနေခဲ့တာ အချိန် အတော်ကြီး ကြာသွားပြီး ဆက်သွယ်မှုတွေ၊ ဆွေမျိုးနီးစပ်တွေ၊ ထုတ်လုပ်မှုတွေ၊ စွမ်းအားတွေ ဘာမှ မရှိတော့ဘူး… တကယ်လို့ ငါက မြို့ထဲကနေ တစ်ယောက်တည်း ထွက်သွားနိုင်ခဲ့ရင်တောင် ဘာမှ ယူသွားလို့ ရမှာ မဟုတ်ဘူး"

"ငါ့ရဲ့ လူတွေက သံသယဖြစ်ဖွယ် လှုပ်ရှားမှု တစ်ခုခု ပြုလုပ်ခဲ့ရင် ဘုရင်ရဲ့ လက်အတွင်းမှာ

+

အကြီးအကျယ် ဒုက္ခရောက်သွားနိုင်တော့ ငါက
အလောတကြီးနဲ့ ဘာမှ ပြုလုပ်လို့ မရဘူး…
အမှန်အတိုင်း ပြောရရင် တောက်ပမြို့တော်
အတွင်းမှာ ငါရှိနေတာက အာမခံချက် တစ်ခု
ဖြစ်နေပြီး နေမကောင်းချင် ယောင်ဆောင်တာက
ငါအများဆုံး လုပ်လို့ရတဲ့ အရာပဲ… ဒါ့အပြင်
ငါလုပ်နိုင်တာ ဘာမှ မရှိနေဘူး"

ဘုရင့်မြို့တော်နှင့် နီးကပ်စွာ
ပေါင်းစည်းနေခြင်းသည် သူတို့ မိသားစု၏
ဂုဏ်ယူစရာ အရာတစ်ခု ဖြစ်နေခဲ့သော်လည်း
ကွင်းတို့၏ အဓိက အားနည်းချက်လည်း ဖြစ်နေခဲ့ပြီး
အတော်လေး ရယ်ရွှင်ဖွယ် ကောင်းနေခဲ့သည်။

+

"တကယ်လား... ဒါပေမဲ့ ကျွန်မကတော့ ဒီလို မထင်နေဘူး" ထိုအချိန်၌ပင် ထူးဆန်းသော အသံတစ်ခုက အပြင်မှ ထွက်လာခဲ့သည်။

စကားပြောခဲ့သော သူသည် အိမ်အတွင်းမှ အစေခံ သို့မဟုတ် အစောင့်တစ်ယောက် မဟုတ်ပဲ ဤကဲ့သို့ ကျူးကျော် ဝင်ရောက်လာခြင်းသည် ကြီးလေးသော ပြစ်မှု ဖြစ်နေသဖြင့် ဟော်ဖော့၏ မျက်နှာက အကြီးအကျယ် ပြောင်းသွားခဲ့သည်။ ထိုလူက အစောင့်များကို မည်ကဲ့သို့ ထိုးဖောက် ဝင်ရောက်လာခဲ့ပြီး သူစကားပြောခဲ့ချိန်က မည်သူကမှ ဝင်ရောက် ဟန့်တားခြင်း မပြုခဲ့သနည်း။

+

"ဘယ်သူလဲ" ဟောင်းကလည်း အလားတူ အံ့သြ
တုန်လှုပ်သွားခဲ့ကာ ထိတ်လန့်တကြားဖြင့်
နောက်လှည့်၍ လက်နက်တစ်ခုကို ရှာခဲ့သော်လည်း
သူ့လက်များက ဖယောင်းတိုင်ကိုသာ
ကိုင်မိလေသည်။

"ကျွန်မပါ" တံခါး ပွင့်သွားပြီးနောက်
ရွှေရောင်ဆံပင်နှင့် အမျိုးသမီး တစ်ယောက်က
ဟော်ဖော့ကွင်း အရှေ့တွင် ပေါ်လာခဲ့ကာ
ထူးခြားသော ထိုမိန်းကလေးသည်
တစ်နည်းတစ်ဖုံအားဖြင့် သူနှင့် ရင်းနှီး
ကျွမ်းဝင်နေခဲ့သည်။ "ကျွန်မကို
မှတ်မိပါသေးလား... သခင်ကွင်း"

+

# စာစဥ် ၆၃ : အပိုင်း ၃

## အပိုင်း ၉၃၃ : ဘုရင်၏ အမိန့်များ

အားလပ်ကွင်းက ကြက်သေသေနေကာ
သူကိုင်ထားသော ဝိုက်ခွက်က
ပြုတ်ကျသွားသည်ကိုပင် သတိမပြုမိတော့ချေ။

သူမကို တွေ့ခဲ့ရသည့် အချိန်တွင် သူသည်
မအောင့်နိုင်ပဲ လူနှစ်ယောက်၏ နာမည်ကို
စဥ်းစားမိသည်။ တစ်ယောက်မှာ သူ့အနားတွင်
သူ၏ သက်တမ်းတစ်ဝက်ကျော် နေခဲ့သည့်သူ
ဖြစ်ပြီး သူမ ချစ်မြတ်နိုးရသည့် တစ်စုံတစ်ယောက်

+

ဆုံးရှုံးသွားသည့် အတွက် စိတ်ခတ်ကျကာ
နောက်ဆုံးတွင် ဘဝ အဆုံးသတ်သွားသူ ဖြစ်သည်။

အခြား တစ်ယောက်မှ ဆုံးရှုံးသွားသော
ချစ်မြတ်နိုးရသည့် သူဖြစ်ပြီး သူနှင့် တစ်ခါမှ
ပြန်လည် တွေ့ဆုံတော့မည် မဟုတ်ဟူ ယူဆခြင်း
ခံနေရသူ ဖြစ်သည်။ ဆယ်နှစ်နီးပါး ကြာသွားပြီး
ဖြစ်ကာ သူမသည် ယခုအချိန်၌ အရပ်များစွာ
ပိုရှည်လာ၍ ပိုမို ချောမော လှပလာသော်လည်း
အားလ်ကွင်းအနေဖြင့် သူမအား
မှတ်မိနေခဲ့သေးသည်။

+

သို့သော်လည်း သူတို့နှစ်ယောက်သည် အတော်လေးကို ရုပ်ချင်း ဆင်တူနေကြသဖြင့် သူက နာမည်ကိုပင် မှားခေါ်လုနီးပါး ဖြစ်သွားခဲ့သည်။

"အဖေ… အဖေက သူမကို သိနေတာလား" ဟောင်း၏ စကားများသည် သူ့အား သတိပြန်ဝင်လာစေခဲ့သည်။

ဟော်ဖော့သည် ဖြည်းဖြည်းချင်း ထရပ်လိုက်ကာ တည်ငြိမ်စွာဖြင့် မေးလိုက်သည်။ "မင်းက… အန်ဒရီယာလား"

"ဘာ… အဖေက သူမဟာ… ကွယ်လွန်သွားခဲ့တဲ့သူလို့ ပြောနေတာလား…"

+

ဟောင်းသည် သူတို့ နှစ်ယောက်အား အပြန်အလှန် ကြည့်နေရင်း မယုံနိုင်စွာဖြင့် တီးတိုး ရေရွတ်လိုက်သည်။

"သခင်... သူမက တကယ်ပဲ အန်ဒရီယာ မိန်းကလေး ဖြစ်ပါတယ်" အိမ်တော်ထိမ်းအိုကြီးက အခန်းအတွင်းမှ ကျန်သောသူများထက် ပို၍ စိတ်လှုပ်ရှားနေခဲ့သည်။ "ကျွန်တော်မျိုး မမှားနိုင်ပါဘူး... သူမဟာ သခင်မကြီးရဲ့ လက္ခဏာတွေ အားလုံးကို အမွေဆက်ခံထားခဲ့ပါတယ်"

"ကြည့်ရတာ ရှင်က ကျွန်မကို မှတ်မိနေသေးတာပဲ" အန်ဒရီယာက အမူအရာ ကင်းမဲ့နေသော ပုံစံဖြင့်

+

ပြောလိုက်သည်။ "ဒီလိုဆိုတော့ ကျွန်မတို့ရဲ့ စေ့စပ် ညှိနှိုင်းမှုက ပိုပြီးမှ လွယ်ကူသွားပြီပေါ့"

ဟောဖ်ဖော့သည် မအောင့်နိုင်ပဲ ရင်အတွင်းမှ ရေရွတ် မြည်တမ်းလိုက်သည်။ သူ့သမီးက စုန်းမ တစ်ယောက်အဖြစ် နိုးထလာခဲ့သည့် အဖြစ်သည် လူအားလုံးထံမှ ဖုံးကွယ်ထားသည့် လျှို့ဝှက်ချက် တစ်ခု ဖြစ်ပြီး အန်ဒရီယာ၏ မိခင်ဖြစ်သူ သူ့ဇနီး ဖန်နက်စီကပင် ဤအကြောင်းကို မသိခဲ့ချေ။

ဤအဖြစ်ကို အန်ဒရီယာ၏ အစေခံက သူ့အား လာရောက် အကြောင်းကြားခဲ့သည့် အချိန်တွင် သူသည် သူမအား ချက်ချင်းပင် မြစ်အတွင်းသို့ တွန်းချရန် ဆုံးဖြတ်ခဲ့ပြီး သူ့လူများအား

+

မတော်တဆမှု တစ်ခု အဖြစ်
ဖုံးကွယ်ထားစေခဲ့သည်။

ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် သူ့သမီးက သူ့အား
တစ်သက်လုံး မုန်းသွားမည်ဟု သိနေခဲ့သော်လည်း
အနည်းဆုံးတော့ သူမသည် သူမအဖေက
မည်ကဲ့သို့သောသူ ဆိုသည်ကို တစ်သက်လုံး
မှတ်မိနေပေလိမ့်မည်။

သို့သော်လည်း သူမအား ပြန်တွေ့ခဲ့ရ အပြီးတွင်
ပြီးခဲ့သော နှစ်များက သူပြုလုပ်ခဲ့သည့်
ဆုံးဖြတ်ချက်သည် သူ့ရင်အတွင်း၌ စူးဝင်နေသော
ဆူးတစ်ချောင်းကဲ့သို့ ဖြစ်သွားပေသည်။

+

ထိုအချိန်က သူလုပ်ခဲ့သည့် ဆုံးဖြတ်ချက်သည်
မှန်နေသလားဟု သူ့ကိုယ်သူ
ပြန်မေးခွန်းထုတ်နေသည့် အချိန်တွင်
ဤဆူးစူးနေသကဲ့သို့ ခံစားချက်က ပိုမို
ပြင်းထန်လာခဲ့သည်။

သို့သော်လည်း ယခုအချိန်၌ ပို၍ အရေးကြီးနေသည့်
ကိစ္စများ ရှိနေသည်ဟု အားလ်က သိနေခဲ့သည်။
အန်ဒရီယာသည် အဘယ်ကြောင့်
တောက်ပမြို့တော်တွင် ပေါ်လာပြီး သူမက
အန်ဒရီယာ အစစ် ဖြစ်နေသလား ဟူသော
မေးခွန်းများပင် ဖြစ်သည်။

+

ထို့အပြင် သူမ၏ "ကျွန်မကတော့ ဒီလို မထင်နေဘူး" ဟူသော စကားက ဘာကို ဆိုလိုနေသနည်း ဟူသည်ကို သူက အဓိပ္ပာယ် မဖော်နိုင်ခဲ့ပေ။ ဤမေးခွန်းများသည် အတိတ်မှ အမှားများ အကြောင်းကို ပြန်လည် စဉ်းစားနေခြင်းထက် များစွာပို၍ အရေးကြီးနေသည်။

သူသည် သူ၏ ရင်အတွင်းမှ သံသယနှင့် အတွေးများကို ဖိနှိပ်ထားခဲ့ပြီးမှ ဟောင်းအား ငေ့ယမ်းပြလိုက်သည်။ "မင်းအရင် ထွက်သွားနိုင်တယ်"

+

"အဖေ" ဟောင်းက စိုးရိမ်တကြီးနှင့် တုံ့ပြန်လိုက်သည်။

"ငါပြောသလို လုပ်ပါ" ဟော်ဖော့က ပြတ်သားစွာ ပြန်ပြောလိုက်သည်။

သူ့ဖခင်၏ စိတ်ကို ပြောင်းလဲနိုင်စွမ်း မရှိသည်ကို တွေ့လိုက်ရသော အခါ ဟောင်းသည် အခန်းအတွင်းမှ တွန့်ဆုတ်စွာ ထွက်သွားလေသည်။

"တခြားသူတွေကို မသိစေပါနဲ့" အားလ်က အိမ်တော်ထိန်းအား ပြောလိုက်သည်။"ပြီးတော့ ခြံဝင်းတံခါးကို ပိတ်လိုက်ပြီး ခန်းမအတွင်းက မီးအားလုံးကိုလည်း ငြိမ်းလိုက်ပါ... အစိုးရ အဖွဲ့က

+

တစ်စုံတစ်ယောက် မေးလာခဲ့ရင် ငါက
စာရွက်စာတမ်း အချို့ ပြုစုနေလို့ တစ်ယောက်မှ
နှောင့်ယှက်ခွင့် မပြုနိုင်ဖူးလို့ ပြောလိုက်ပါ...
နားလည်သလား"

"ကျွန်တော်က အခုချက်ချင်း လုပ်လိုက်ပါမယ်...
ဒါပေမဲ့..." အိမ်တော်ထိန်းက သူ၏ခေါင်းကို
ကုတ်နေရင်း မေးလိုက်သည်။ "အန်ဒရီယာ
မိန်းကလေး ခေါ်လာတဲ့ သူမ မိတ်ဆွေတွေကို
ဘယ်လို လုပ်ရမလဲ"

"မိတ်ဆွေတွေ... ဟုတ်လား" သူက
အန်ဒရီယာအား သံသယ ဖြစ်စွာဖြင့်

+

လှမ်းကြည့်လိုက်သည်။ "သူတို့ကို ကပွဲခန်းမကို ခေါ်သွားပြီး သင့်တော်စွာ ဧည့်ခံထားလိုက်ပါ"

"မှန်လှပါ... သခင်"

တံခါး ပြန်ပိတ်သွားသော အခါ စာဖတ်ခန်းက ရုတ်ခြည်းပင် တိတ်ဆိတ်သွားလေသည်။ သူတို့ နှစ်ယောက်သည် အချင်းချင်း ကြာမြင့်စွာ စိုက်ကြည့်နေခဲ့ပြီးမှ အားလ်သည် သည်းမခံနိုင်တော့ပဲ တိတ်ဆိတ်မှုကို ချိုးဖောက်လိုက်သည်။

"မင်းနဲ့ ငါ့သမီးက အတော်လေး ဆင်တူနေပေမဲ့ မင်းက အန်ဒရီယာလို့ ငါက အလောတကြီးနဲ့

+

လက်ခံလို့ မရနိုင်ဘူး... ဘာပဲပြောပြော သူမ ထွက်သွားတဲ့ အချိန်က သူမဟာ ၁၆နှစ်သာ ရှိသေးပြီး အခု အချိန်ဆယ်နှစ် ကြာသွားပြီ ဆိုတော့..." သူက ခေတ္တ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။ "မင်းကိုယ်မင်း ဘယ်သူဆိုတာကို သက်သေပြဖို့ တခြား နည်းလမ်းတွေ ရှိသေးသလား"

အကောင်းဆုံး ရုပ်ပြောင်းရုပ်လွှဲ ပညာရပ်ကပင် တစ်ယောက်၏ ဝိညာဉ်ကို ပြောင်းလဲနိုင်စွမ်း မရှိသဖြင့် သူက သူ့အရှေ့မှသူသည် သူ့သမီး ဖြစ်မှန်းကို ယုံကြည်နေပြီး ဖြစ်သော်လည်း သေချာစေရန် ဤမေးခွန်းကို မေးခဲ့ရခြင်း ဖြစ်သည်။ သူမ၏ လှုပ်ရှားမှုတိုင်းမှ တဆင့် အားလ်သည်

+

တောက်ပမြို့တော်၏ ပန်းပွင့်အရိပ်ကို
မြင်နေရလေသည်။

သူ့မေးခွန်းကို ဖြေကြားမည့် အစား
အန်ဒရီယာသည် သူမ၏ လက်ကို ဖွင့်လိုက်ရာ
မှော်လေးတစ်စင်းက သူမ၏ လက်ဝါးအတွင်းတွင်
ပေါ်လာခဲ့သည်။ ပြိုးပြက် ဝင်းလက်နေသော
လေးသည် ဖြည်းဖြည်းချင်း အရောင်မှိန်လာကာ
ပုံစံတစ်ခု အဖြစ် ပြောင်းသွားလေသည်။
ထိုအရာသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက
သူ့သမီးအတွက် သူပြုလုပ်ပေးခဲ့သော
လက်ဆောင်တစ်ခု ဖြစ်သည်။

+

ဤအချိန်၌ ဟောင်ဖော့သည် သံသယ လုံးဝ မရှိတော့ပေ။ အစ လေ့ကျင့်သူများအတွက် ဤလေးနှင့်မြားသည် ရထားလုံးနှင့် တကွ ပျက်စီးသွားခဲ့ပြီး ဖြစ်ကာ ယခုအချိန်၌ သူကပင် သူ၏ပုံစံကို တိကျစွာ ဖော်ပြနိုင်စွမ်း မရှိတော့ချေ။

သို့သော်လည်း လေးပစ်ခြင်းကို ငယ်စဉ်ကတည်းက အထူး ဝါသနာပါခဲ့သော အန်ဒရီယာ အနေဖြင့် ဤလက်ဆောင်ကို ကောင်းစွာ မှတ်မိနေပေလိမ့်မည်။

"မင်းပဲ..." အားလ်က သက်ပြင်း အရှည်ကြီး တစ်ချက် ချပြီးမှ ပြောလိုက်သည်။ "မင်းက ဘာဖြစ်လို့ ပြန်လာတာလဲ... လုံခြုံ ဘေးကင်းစွာ

+

အသက်ရှင်နိုင်ဖို့ ငါကမင်းကို အစကတည်းက အဝေးပို့လိုက်တာ"

"ဒီအကြောင်း တစ်ခုတည်းကြောင့်ပဲလား" အန်ဒရီယာက လေးကို ပြန်ရုပ်သိမ်းလိုက်ရင်း ပြောလိုက်သည်။ "ဒါမှမဟုတ် ဝန်ကြီးချုပ်မှာ မိစ္ဆာတွေရဲ့ သွေးဆောင် ဖြားယောင်းမှုအောက်ကို ကျရောက်သွားတဲ့ သမီးတစ်ယောက် ရှိနေတာကို အပြင်လူတွေ သိသွားမှာ စိုးရိမ်နေလို့လား"

"ကျွန်မကတော့ အကာကွယ်ခံရတယ်လို့ မထင်နေပဲ အစွန့်ပစ် ခံရတယ်လို့သာ ခံစားနေရတယ်... ကျွန်မလို စုန်းမတစ်ယောက် အတွက် လုံခြုံ စိတ်ချရတဲ့ နေရာဆိုတာ မရှိပဲ

+

ကျွန်မနဲ့ ဘဝတူ အပေါင်းအဖော် တစ်အုပ်စုနဲ့
မတွေ့ခဲ့ရင် ကျွန်မက အစောကြီးကတည်းက
လူမသိ သူမသိနဲ့ သေသွားခဲ့မှာပဲ ဖြစ်တယ်"

ထိုအရာသည် ထိုအချိန်က သူ၏ ပူပန်မှုများ
အနက်မှ တစ်ခု အမှန်တကယ် ဖြစ်နေခဲ့သဖြင့် သူ၏
ပါးစပ်ကို ဟလိုက်သော်လည်း သူမ၏ စွပ်စွဲမှုကို
ပြန်လည် မချေပနိုင်ခဲ့ပေ။ အန်ဒရီယာက
စုန်းမတစ်ယောက် ဖြစ်သည်ကို အခြားလူများ
သိသွားပါက မိသားစု တစ်ခုလုံးက အန္တရာယ်
ရှိလာနိုင်သည်။

သူတို့၏ မိသားစုဝင်အား ဘုရားကျောင်း သို့မဟုတ်
အခြား မှုုးမတ်များထံ ပို့ရသည်ကို မည်သူကမှ

+

လိုချင်နေမည် မဟုတ်သဖြင့် ကွင်းမိသားစု တစ်ခုလုံးအား ခက်ခဲသော ဤဆုံးဖြတ်ချက်နှင့် ရင်မဆိုင်စေပဲ ဤဆုံးဖြတ်ချက်ကို သူတစ်ယောက်တည်း ချခဲ့ခြင်း ဖြစ်သည်။

"ဒါပေမဲ့ ဒါတွေအားလုံးက အတိတ်မှာ ကျန်ခဲ့ပြီ ဖြစ်ပြီး ကျွန်မက အနာဟောင်းတွေကို ပြန်လည် တူးဆွဖို့ ရောက်လာခဲ့တာ မဟုတ်ပါဘူး" အန်ဒရီယာက အကောင်းဘက်မှ နေ၍ ပြောလိုက်သည်။

"အစောင့်တွေက ကျွန်မရဲ့ ဓာတ်လမ်းကို အလွယ်တကူ ယုံကြည်နေကြမှာ မဟုတ်လို့ ကျွန်မက အားလ်ရဲ့ အိမ်တော်အတွင်းကို

+

ဘယ်လိုလုပ် အလွယ်တကူ ဝင်လာနိုင်သလဲ ဆိုတာကို ရှင်က သိချင်နေမှာပဲ... ပြီးတော့ အိမ်တော်ထိန်းကို မြင်ခဲ့တဲ့ အချိန်မှာ ကျွန်မက တံခါးအပြင်မှာ တမင်သက်သက် စောင့်နေခဲ့တယ်"

"ရှင့်ကို အဖေလို့ ခေါ်ခဲ့တဲ့သူက မိသားစုရဲ့ ဆက်ခံသူလား... ဘယ်တုံးက ကျွန်မမှာ ဒီလို မောင်လေးတစ်ယောက် ရှိသွားတာလဲ"

"သူက မိသားစုခွဲ တစ်ခုကနေ လာခဲ့တာ... နင်ထွက်သွားပြီး တစ်နှစ်အကြာမှာ နင့်အမေက သေသွားပြီး ကွင်းမိသားစုက ဆက်ခံသူ တစ်ယောက်ကို လိုအပ်နေတယ်" ဟော်ဖော့က တီးတိုး ပြောလိုက်သည်။

+

အကယ်၍ လွန်ခဲ့သော ဆယ်နှစ်ခန့်က အဖြစ်အပျက် မဖြစ်ခဲ့လျှင် ဤနေရာသည် သမီးကြီး၏ နေရာပင် ဖြစ်ပေလိမ့်မည်။

ဤသတင်းကို ကြားခဲ့ရအပြီး အန်ဒရီယာက အစ ပထမတွင် မှင်သက်သွားခဲ့သော်လည်း ပြီးတာနှင့် သူမ၏ မျက်လုံးများက အရောင်မှိန်လာခဲ့၍ ခဏကြာ ငြိမ်သက်သွားပြီးမှ ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ကွင်းမိသားစုရဲ့ မိသားစု ခေါင်းဆောင်က အပြောင်းအလဲ လုပ်လို့ မရပဲ အရှင်မင်းမြတ်ဟာ ရှင့်ကို နောက်မဆုတ်ပဲ ရှေ့တစ်လှမ်း ထပ်တိုးစေလိုနေတယ်… လက်ရှိ

+

အခြေအနေ အရ မိသားစုကြီး သုံးခုရဲ့
အားလပ်ကွင်းက လွဲလို့ သူက တခြား ကိုယ်စားလှယ်
တစ်ယောက်ကိုမှ အသိအမှတ် ပြုမှာ မဟုတ်ဘူး"

"မင်းက ဘာကို ဆိုလိုနေတာလဲ" ဟောင်ဖော့က
သူမ၏ စကားများကို ကြားခဲ့ရသော အခါ
အနည်းငယ် စိတ်ရှုပ်ထွေးသွားသည်။
"မင်းဆိုလိုနေတဲ့ အရှင်မင်းမြတ်က..."

"မီးခိုးရောင် ရဲတိုက် ဘုရင်... အရှင်မင်းမြတ် ရိုလန်
ဝင်ဘယ်ဒန်က လွဲလို ဘယ်သူ ရှိဦးမှာလဲ...
ကျွန်မက ဒီနေရာကို သူ့ရဲ့ အမိန့်အရ လာခဲ့တာ"
အန်ဒရီယာက အသက်ပြင်းပြင်း တစ်ချက်

+

ရှုလိုက်ကာ သူမ၏ နောက်ထပ် စကားများကို
တစ်လုံးခြင်း ဆက်ပြောလိုက်သည်။

"အရှင်က... အရဏ်ဦး နိုင်ငံရဲ့ ဘုရင်
ဖြစ်လာရမှာကို ဘယ်လို သဘောရပါသလဲ"

## စာစဥ် ၆၃ : အပိုင်း ၄

## အပိုင်း ၉၃၄ : တောက်ပမြို့တော်၏ မြင့်တက်လာမှု

"မင်းက... ဘာပြောလိုက်တယ်" သူ့ဘဝတွင်
မရေမတွက်နိုင်သည့် မုန်တိုင်းများစွာတို့အား
ဖြတ်သန်းလာပြီး ဖြစ်သော အားလ်ကွင်းကပင်

+

အန်ဒရီယာ၏ စကားကြောင့် လုံးဝကို
အံ့အားသင့်ကာ ပါးစပ် အဟောင်းသား
ဖြစ်သွားသည်။

သို့သော်လည်း သူအံ့အားသင့်သွားရခြင်း၏
အကြောင်းရင်းသည် 'အရဏ်ဦး၏ ဘုရင်အသစ်'
ဟူသော စကားကြောင့် မဟုတ်ပဲ သူမသည်
အရှင်မင်းမြတ် ရိုလန် ဝင်ဘယ်ဒန်၏
အမိန့်အောက်တွင် ရှိနေခြင်း ဟူသော
အကြောင်းကြောင့်ပင် ဖြစ်သည်။
ဤစကားလုံးများသည် မတူညီသော သူများက
ပြောခဲ့သော အခါ လုံးဝကို ကွဲပြား ခြားနားနေသော
အဓိပ္ပာယ် တစ်ခုကို သယ်ဆောင်ထားသည်။

+

ဟောင်းသည် အစောပိုင်းက တူညီနေသော အကြောင်းအရာ တစ်ခုကို အကြံပြုခဲ့သော်လည်း အားလ်အနေဖြင့် အရုဏ်ဦး နိုင်ငံ၏ လက်ရှိ တော်ဝင် မိသားစုအား ဖြုတ်ချရန် ကွင်းမိသားစု တစ်ခုတည်းဖြင့် မည်သို့မှ မဖြစ်နိုင်ကြောင်းကို ကောင်းစွာ သိနေခဲ့သည်။ ဟောင်းက သူ့အား ရှေ့ထွက်ရန် တိုက်တွန်းခဲ့ခြင်းသည် စိတ်ကူးယဉ် ဆန်နေသော အရာတစ်ခုသာ ဖြစ်ပေသည်။

သို့သော်လည်း ယခု စကားပြောခဲ့သောသူသည် မီးခိုးရောင် ရဲတိုက် ဘုရင်၏ ထောက်ခံမှုကို ရရှိထားသဖြင့် ထိုစကားလုံးများက များစွာပို၍ စွမ်းအား ကြီးမားနေခဲ့သည်။

+

"ရှင်ထင်ထားတဲ့ အတိုင်းပါပဲ" သူမ မိခင် သေဆုံးသွားသော သတင်းကို ကြားခဲ့ရ၍နှင့် တူသည်၊ အန်ဒရီယာ၏ လေသံသည် ယခင်ကလောက် မမာနေတော့ချေ။ "အရှင်မင်းမြတ် ရိုလန်က အေပန် မိုရာကို ပလ္လင်ပေါ်မှာ မမြင်ချင်တော့သလို တည်ငြိမ်မှု ကင်းမဲ့နေတဲ့ တိုင်းပြည် တစ်ခုကိုလည်း မလိုချင်နေဘူး... ဒါကြောင့်မို့ အခြေအနေကို တတ်နိုင်သမျှ အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့ လူထု ထောက်ခံမှု ရရှိနိုင်တဲ့ ဘုရင် အသစ်တစ်ပါးကို လိုအပ်နေတယ်"

သူမ၏ ပထမဆုံး စကားကို နားကြားမှားခဲ့ခြင်း မဟုတ်ဟု အတည်ပြုပြီးနောက်တွင် အားလ်က

+

တီးတိုး မေးလိုက်သည်။ "ဒါပေမဲ့ ဘာဖြစ်လို့ ငါ့ကို ရွေးခဲ့တာလဲ"

"အရှင်မင်းမြတ် အနေနဲ့ အရဏ်ဦး နိုင်ငံ အတွင်းမှာ သူယုံလို့ရတဲ့လူ များများစားစား မရှိတာကြောင့် ကျွန်မကို အရင် ရွေးချယ်ခဲ့တယ်... ဒါပေမဲ့ ကျွန်မက ငြင်းပယ်ခဲ့တယ်"

ထိုအကြောင်းရင်းကြောင့်ပဲလား။

သမီးဖြစ်သူက ငြင်းပယ်ခဲ့သဖြင့် ထီးနန်းအား အဖေကို ပေးလိုက်သည်။ ထိုကဲ့သို့သော အပြုအမူမျိုးသည် ကလေး တစ်ယောက်နှင့်

+

တူနေခဲ့သော်လည်း ထူးခြားစွာဖြင့် ဟော်ဖော့သည်
ထိုအရာက ဟာသတစ်ပုဒ်ဟု ထင်မနေခဲ့ချေ။

အေပန် အနေဖြင့် ဟားမီးစ်တွင် ရှုံးနိမ့်ခဲ့ခြင်းကို
ပြောကြားခြင်းမှ လုံးဝ ပိတ်ပင်ထားသော်လည်း
ဤဖြစ်စဥ် အတွင်းတွင် ပါဝင်ခဲ့သော မှူးမတ်များစွာ
ရှိနေသဖြင့် စစ်ပွဲနှင့် ပတ်သတ်သည့် သတင်းကို
လုံးဝ တားဆီးရန် မဖြစ်နိုင်ခဲ့ချေ။

သူတို့ ရင်ဆိုင်ခဲ့ရသည့် ရန်သူများသည်
ဘုရားကျောင်း မဟုတ်ပဲ မြင့်မြတ်သော
မြို့တော်အား သိမ်းပိုက်ခဲ့သည့် မီးခိုးရောင် ရဲတိုက်
ဖြစ်မှန်းကို ဟော်ဖော့က ကောင်းစွာ သိနေခဲ့သည်။
လူတစ်သောင်းကျော် ပါဝင်သည့် စစ်တပ် တစ်ခုက

+

ချက်ချင်းပင် ရှုံးနိမ့်သွားခဲ့ပြီး အသက်ရှင်
ကျန်ရစ်ခဲ့သူ အများစုက တိုက်ပွဲတွင်
ဘာဖြစ်ခဲ့သည်ကိုပင် ကောင်းစွာ မဖော်ပြနိုင်ခဲ့ပေ။

သူတို့ အနေဖြင့် ကစဉ့်ကလျား ဖြစ်မှုများ
အကြားတွင် ကောင်းကင်ထံမှ မီးတောက်များက
အဆက်မပြတ် ကျဆင်းလာသည်ကိုသာ မြင်ခဲ့ရပြီး
မိုးကြိုးကဲ့သို့ ပစ်ခတ်မှုများက
ဘေးတစ်ဘက်တစ်ချက်မှ ဝင်လာခဲ့ကာ သာမန်
ကျေးကျွန်များသာ မက ချပ်ဝတ်တန်ဆာ
ဝတ်ဆင်ထားသော နိုက်သူရဲကောင်းများကိုပါ
ပြာပုံများ အဖြစ် ပြောင်းလဲစေခဲ့သည်။

+

အကယ်၍ သတင်းများက အပြည့်အဝ
မှန်ကန်နေခြင်း မရှိလျှင်ပင် မီးခိုးရောင် ရဲတိုက်၏
စွမ်းအားများက မှုုးမတ်များ၏
မျှော်လင့်ထားမှုထက် များစွာ သာလွန်နေမှန်းကို
ဆိုလိုနေခြင်း ဖြစ်သည်။ စစ်တပ်စွမ်းအား
ဤမျှအထိ ကွာခြားနေခဲ့သဖြင့် မီးခိုးရောင်
ရဲတိုက်သည် သူ့အိမ်နီးချင်း နိုင်ငံများ၏
ဘုရင်များကို သူတို့ ကြိုက်သလို
ခန့်အပ်လိုနေလျှင်လည်း အကျိုးအကြောင်း
မဆီလျှော်နေခြင်း မရှိနေပေ။

မေးရန်ကျန်သည့် တစ်ခုတည်းသော မေးခွန်းမှာ
ဘုရင်က အဘယ်ကြောင့် သူကိုယ်တိုင်
မလာခဲ့ရခြင်းပင် ဖြစ်သည်။

+

"တကယ်လို့ အရှေ့ဘက်ဦး နိုင်ငံက မျိုးမတ်တွေ
အားလုံးဟာ သူတို့ အင်အားတွေ အားလုံးကို
အလံတံခွန် တစ်ခုတည်း အောက်မှာ စုစည်းပြီး
အတူတကွ ပုန်ကန်ဖို့ လိုလားနေမယ် ဆိုရင်
အရှင်မင်းမြတ်က ဒီလိုမျိုး ရွေးချယ်ခဲ့မှာပဲ"
အန်ဒရီယာက သူ၏ မေးခွန်းကို ကြိုတင်
ရိပ်စားမိနေဟန် တူသည်။

"အမှန်အတိုင်း ပြောရရင် အရှင်မင်းမြတ် ရိုလန်က
အခုအချိန်မှာ ပိုအရေးကြီးတဲ့ ရန်သူတွေကို
ရင်ဆိုင်ဖို့ လုံးပန်းနေရတဲ့ အတွက် လာမယ့်
သုံးလေးနှစ် အတွင်းမှာ အရှေ့ဘက်ဦး နိုင်ငံကို

+

မီးခိုးရောင် ရဲတိုက် အတွင်း သိမ်းသွင်းဖို့ အချိန်နဲ့ အရင်းအမြစ်တွေ မရှိနေဘူး"

"ဘာပဲပြောပြော လက်ရှိ အုပ်စိုးနေတဲ့ တော်ဝင် မိသားစုကို ဖျက်ဆီးဖို့ လွယ်ကူပေမဲ့ နောက်ပိုင်းမှာ တိုင်းပြည်ကို ပြန်လည် တည်ဆောက်ရခြင်းက ရှည်ကြာတဲ့ ဖြစ်စဥ် တစ်ခု ဖြစ်တယ်"

"ပိုပြီးမှ အရေးကြီးတဲ့… ရန်သူတွေ… ဟုတ်လား"

"ဟုတ်တယ်… မိစ္ဆာတွေပဲ" အန်ဒရီယာက ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "အိုတိုလော်ရီးက ဘုရားကျောင်းရဲ့ လုပ်ဆောင်ချက်တွေ အားလုံးဟာ ကမ္ဘာဖျက် တိုက်ပွဲရဲ့ သတင်းတွေနဲ့

+

ပတ်သတ်နေတယ်လို့ ဖော်ပြခဲ့ပြီး ဖြစ်လိမ့်မယ်…
ဒါက ပဟေဋ္ဌိရဲ့ အစိတ်အပိုင်းငယ် တစ်ခုသာ
ရှိသေးတယ်… ဒီစစ်ပွဲရဲ့ နာမည်ကို နတ်ဘုရားဆန္ဒ
စစ်ပွဲလို့ ခေါ်ပြီး သူက နှစ်ပေါင်း တစ်ထောင်နီးပါး
ကြာမြင့်ခဲ့ပြီ ဖြစ်တယ်"

သူ့သမီး၏ ဇာတ်လမ်းကို နားထောင်ခဲ့အပြီးတွင်
အားလ်ဟော်ဖော့၏ ကျောပေါ်တွင် ချွေးအေးများ
စီးကျလာခဲ့သည်။

အရှေ့ဦး နိုင်ငံ အပါအဝင် တိုင်းပြည် လေးခုသည်
ကုန်းမြေတစ်ခု၏ အစွန်အဖျား တစ်နေရာပင်
ဖြစ်သလော။ ယခုအချိန်တွင် လူသား
မျိုးနွယ်စုသည် စစ်ပွဲ နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ပြီး

+

ဖြစ်ကာ အကယ်၍ မိစ္ဆာများ၏ ကျူးကျော်မှုကို မခုခံနိုင်ခဲ့ပါက တတိယ အကြိမ် ရှုံးနိမ့်ခဲ့ အပြီးတွင် မျိုးသုဥ်း ပျောက်ကွယ်သွားတော့မည် ဖြစ်သည်။

ဤကဲ့သို့သော ကြောက်ခမန်းလိလိ အခြေအနေမျိုး အောက်တွင် ရိုလန် ဝင်ဘယ်ဒန်သည် လေးလံသော ဝန်ထုပ်ဝန်ပိုးကို ထမ်းကာ နတ်ဘုရားဆန္ဒကို ရရှိနိုင်ရန် အတွက် အစွမ်းထက်သော ရန်သူများနှင့် စစ်ပွဲ ဆင်နွှဲလိမ့်မည် ဖြစ်သည်။

လူတစ်ယောက် အနေဖြင့် ဤကဲ့သို့ ပြုလုပ်နိုင်ရန် မည်မျှအထိ သန်မာသော စိတ်စွမ်းအားနှင့် သတ္တိတို့ကို လိုအပ်နေမည်နည်း။

+

ဤအကြောင်းကို ကြားလိုက်ရုံဖြင့်ပင် အားလ်သည် အသက်ရှူရန် စက္ကန့် အနည်းငယ်မျှ မေ့သွားခဲ့လေသည်။

"ဘာဖြစ်လို့လဲ" အားလ်က အလောတကြီးဖြင့် မေးလိုက်သည်။ "ဒါက သူ့ကို ဘာအကျိုးအမြတ် ရရှိစေမှာလဲ... သူက ရှုံးနိမ့်မှုရဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေကို မကြောက်နေဘူးလား"

"ကျွန်မလည်း မသိဘူး..." အန်ဒရီယာက သက်ပြင်းချကာ ပြန်ဖြေလိုက်သည်။ "အရှင်မင်းသမီး တီလီကလည်း ဒီအကြောင်းကို အရင်က ဖော်ပြခဲ့ဖူးပေမဲ့ သူမရဲ့ ထင်မြင်ယူဆချက်တွေက ပိုပြီးမှ ပဟေဠိ ဆန်နေခဲ့တယ်"

+

"သူမက ဘာပြောခဲ့တာလဲ"

"သူမက သူဟာ လူသား မျိုးနွယ်စု အတွက် ပြုလုပ်နေတာ မဟုတ်ပဲ သူ့ကိုယ်သူ အတွက်သာ ပြုလုပ်နေတယ်လို့ ပြောခဲ့တယ်..." အန်ဒရီယာက အနည်းငယ် ချီတုံချတုံ ဖြစ်သွားခဲ့ပြီးမှ ဆက်ပြောလိုက်သည်။ "ကြည့်ရတာ သူက စိန်ခေါ်မှု အသစ်တွေကို ရှာဖွေနေတာနဲ့ တူနေပြီး ကျွန်မတို့က ဒီအခြေအနေမှာ အကျိုးအမြတ် ရရှိခဲ့သူတွေသာ ဖြစ်နေခဲ့တယ်"

အားလပ်အနေဖြင့် ဘာပြောရမှန်းကို မသိတော့သဖြင့် နှုတ်ဆိတ်သွားသည်။ သူသည် မှုးမတ်

+

များစွာတို့အား တွေ့ခဲ့ဖူးသော်လည်း သူတို့ တစ်ယောက်ကမှ ရိုလန် ဝင်ဘယ်ဒန်နှင့် မတူနေကြပေ။ နောက်ဆုံးတွင် သူသည် ဤမေးခွန်းကို ဘေးဖယ်ထားလိုက်ပြီး အဓိက အကြောင်းရင်းကို ပြန်ဆက်လိုက်သည်။ "သူကငါ့ကို ဘာအတွက် လိုအပ်နေတာလဲ... သူ့အတွက် တိုက်ခိုက်ပေးရမှာလား"

"မဟုတ်ဘူး" အန်ဒရီယာက သူမ၏ ခေါင်းကို ခါလိုက်သည်။ "ရှင်က အရဏ်ဦး နိုင်ငံရဲ့ တည်ငြိမ်မှုကို ထိန်းသိမ်းပေးပြီး လိုအပ်တဲ့ အချိန်မှာ အရင်းအမြစ်တွေကို ထောက်ပံ့ပေးရုံပဲ... ဒါတွေ အတွင်းမှာ လူအင်အား၊ ရှားပါးတဲ့ သတ္တုရိုင်းနဲ့ တခြား အရင်းအမြစ်တွေ ပါဝင်နေတယ်"

+

"ပမာဏနဲ့ အမျိုးအစား အသေးစိတ် အချက်အလက်တွေကိုတော့ အရှင်မင်းမြတ်က နောက်ပိုင်းမှာ တစ်စုံတစ်ယောက်ကို စေလွှတ်ပြီး ဆွေးနွေးပါလိမ့်မယ်"

မီးခိုးရောင် ရဲတိုက်၏ ထောက်ခံမှု အတွက် တန်ဖိုးတစ်ခု ပေးရမည် ဖြစ်သည်ကို သိခဲ့ရအပြီးတွင် ဟော်ဖော့က စိတ်သက်သာရာ ရသွားခဲ့သည်။ အကယ်၍ ရိုလန်သည် ဘာမှပြန်လည် တောင်းဆိုခြင်း မပြုပဲ ကွင်းမိသားစုအား ထောက်ခံခဲ့ခြင်း ဖြစ်ပါက သူသည် နောက်ကွယ်မှ ပူးပေါင်း ကြံစည်မှုများကို သေချာပေါက် သံသယဝင်မိပေလိမ့်မည်။

+

သို့သော်လည်း အရဏ်ဦး နိုင်ငံ အတွင်းရှိ လက်ရှိ အခြေအနေများ အရ အကယ်၍ ပူးပေါင်းကြံစည်မှု တစ်ခု ရှိနေခဲ့လျှင်ပင် သူက ကျည်ဆန်ကို ကိုက်ကာ သဘောတူရလိမ့်မည် ဖြစ်သည်။

နာမကျန်းချင် ယောင်ဆောင်နေရခြင်းသည် အေပန်နှင့် အခြား မှူးမတ်များ အကြားတွင် မျှခြေတစ်ခု ရှိနေစေရန် အချိန်ဆွဲသည့် နည်းဗျူဟာ တစ်ခုသာ ဖြစ်နေသေးသည်။ အကယ်၍ ထိုမှူးမတ်များသည် မိုရာ မိသားစုအား နန်းချနိုင်ရန် အစွမ်းရှိနေခဲ့ပါက ကွင်းမိသားစုသည် ဘေးထိုင်ကြည့်နေသည့် အတွက် ဘုရင့်မြို့တော်၏

အုပ်ချုပ်မှု အတွင်းမှ သေချာပေါက်
ထုတ်ပယ်ထားခြင်း ခံရပေလိမ့်မည်။

ထိုအရာသည် အမှန်တွင် အကောင်းဆုံး ရလဒ်ပင်
ဖြစ်နေသေးသည်။ အကယ်၍
တစ်စုံတစ်ယောက်သည် မိသားစုကြီး သုံးခုကိုလည်း
ဖျက်ဆီးလိုခဲ့ပါက သူတို့သည် တော်ဝင်
မိသားစုအား ထောက်ခံနေကြသေးသည် ဟူသော
ကောလာဟလများကို ဖြန့်လိုက်ရုံသာ
လိုအပ်နေသည်။

ဤအရာသည် ရှားပါးလှသော အခွင့်အရေး တစ်ခု
ဖြစ်ချေသည်။

+

ထို့အပြင် အန်ဒရီယာကလည်း ပါဝင်နေသေးသည်။

သူမသည် သူ့အား မုန်းတီးကောင်း မုန်းတီးနေမည် ဖြစ်သော်လည်း သူမ မိသားစုအား အန္တရာယ် ဖြစ်အောင် မည်တော့မှ ပြုလုပ်လိမ့်မည် မဟုတ်ချေ။

ဤအထိ တွေးခဲ့အပြီးတွင် အားလ်ဟော်ဖော့သည် ချက်ချင်း ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်လေသည်။

"ငါက မီးခိုးရောင် ရဲတိုက် ဘုရင်ကို အလုပ်အကျွေး ပြုဖို့ လိုလားနေတယ် ဆိုတာကို ကျေးဇူးပြုပြီးမှ အရှင်မင်းမြတ် ရိုလန် ဝင်ဘယ်ဒန်ကို

+

အကြောင်းကြားလိုက်ပါ" သူက လေးနက်သော အမူအရာ တစ်ခုဖြင့် ပြောလိုက်သည်။

သူ့သမီးအား စကားပြောနေခြင်း ဖြစ်သော်လည်း သူမသည် ယခုအချိန်၌ ဘုရင်၏ သံတမန် ဖြစ်နေသဖြင့် မှူးမတ်တို့၏ ထုံးတမ်းစဉ်လာ အတိုင်း အားလ်သည် သူမအား အနည်းငယ် ဦးညွတ်လိုက်သည်။

"သူက ဘယ်အချိန်မှာ စတင် လှုပ်ရှားမှာလဲ… မြို့တော် အတွင်းကို ထိုးဖောက် ဝင်ရောက်လာဖို့ မီးခိုးရောင် ရဲတိုက် တပ်ဖွဲ့တွေ အနေနဲ့ အနည်းဆုံး နှစ်လ၊ သုံးလလောက်တော့ ပြင်ဆင်ဖို့ လိုအပ်နေလိမ့်မယ်"

+

မြို့စောင့်တပ်အား ထိန်းချုပ်သည့် စွမ်းအားကို အေပန်က ပြန်လည် ရုပ်သိမ်းသွားခဲ့သော်လည်း ပေါ်ဖော့ အနေဖြင့် မီးခိုးရောင် ရဲတိုက်မှ လူဒါဇင်ပေါင်း အနည်းငယ်ကို မြို့တွင်းသို့ ထည့်ပေးရန် ယုံကြည်ချက် ရှိနေသေးသည်။

ဘာပဲပြောပြော ဘုရင်နှစ်ဆက် တိုင်တိုင် တာဝန် ထမ်းဆောင်ခဲ့သည့် ဝန်ကြီးချုပ် ဖြစ်နေခဲ့သည့် အတွက် သူသည် မြို့အတွင်း၌ အတိုင်းအတာ တစ်ခုအထိ လွှမ်းမိုးနိုင်မှု ရှိနေသေးသည်။ သူ့အား သူတို့ဘက်သို့ သိမ်းသွင်းရန် လာရောက်ခဲ့ကြသည့် မှူးမတ်များကလည်း ဤအချက်ကို သဘောပေါက်နေကြသည်။

+

အရဏ်ဦး တပ်ဖွဲ့များနှင့် အစောပိုင်းက တိုက်ခိုက်ခဲ့သည့် တိုက်ပွဲတွင် မီးခိုးရောင် ရဲတိုက်မှ ပြသခဲ့သည့် စွမ်းအားများ အရ မြို့တံခါးအား ထိန်းချုပ်နိုင်ရန် မီးခိုးရောင် ရဲတိုက်မှ စစ်သား ဒါဇင် အနည်းငယ်သာ လိုအပ်နေပေလိမ့်မည်။

သို့သော်လည်း အန်ဒရီယာ ဆက်ပြောခဲ့သော စကားများသည် သူ၏ မျှော်လင့်ချက်ထက် များစွာ ကျော်လွန်သွားခဲ့သည်။

"အခုအချိန်မှာ ရှင်က ကျွန်မတို့ရဲ့ တောင်းဆိုချက်ကို သဘောတူခဲ့ပြီ ဖြစ်လို့ ကျွန်မတို့က ချက်ချင်း လှုပ်ရှားတော့မယ်" သူမက

+

အသာ ပြောလိုက်သည်။ "အရှင်မင်းမြတ် ရိုလန်က သူဟာ နိုင်ငံရေး အရ လုပ်ကြံ သတ်ဖြတ်မှုကို မလိုချင်နေပဲ လူအများရဲ့ အရှေ့မှာ အေပန် မိုရာကို လုံးဝ အနိုင်ယူချင်နေတာလို့ အလေးထားပြီး ပြောကြားခဲ့တယ်"

"လူအများဟာ မိုရာ မိသားစုရဲ့ အဆုံးသတ်ကို မြင်တွေ့ရရုံတင် မကပဲ ကိုယ်ကျိုး လိုလားနေကြတဲ့ လောဘကြီးတဲ့ မျုးမတ်တွေ အနေနဲ့လည်း ဘယ်လို ခုခံမှုမျိုး မဆို အချည်းနှီး ဖြစ်သွားမယ် ဆိုတာကို လက်ခံသွားစေရမယ်"

"ဘယ်လို" သူကြားခဲ့သည်များကို သူက မယုံနိုင်ခဲ့ပေ။ "ဒါပေမဲ့... ဘယ်လိုလုပ်မှာလဲ"

+

"ကျွန်မက ဒီကို ဘယ်လို ရောက်လာသလဲ ဆိုတာကို ရှင်းသိသလား" အန်ဒရီယာက သူမ၏ လက်များကို ဖြန့်၍ ပြောလိုက်သည်။ "ကျွန်မက တံခါးမကြီးကပဲ ဝင်လာခဲ့တာ... ဟိုအစောင့်တွေက ကျွန်မကို တားဆီးဖို့ ကြိုးစားခဲ့ကြပေမဲ့ ဘာမှ မတတ်နိုင်ခဲ့ကြဘူး"

သူမ ခေါ်ဆောင်လာသော မိတ်ဆွေများက အဓိက သော့ချက် ဖြစ်နေမှန်းကို ဟော်ဖော့က ချက်ချင်း သဘောပေါက်သွားခဲ့သည်။

ဤနေရာသည် သူ၏ အိမ်ကွင်း မဟုတ်သဖြင့် ဘုရင့်မြို့တော်မှ အားလပ်စံအိမ်အား ချိုးဖောက်

+

ဝင်ရောက်နိုင်ခြင်းသည် မဖြစ်နိုင်သော အရာတစ်ခု
မဟုတ်သော်လည်း မည်သည့် သတိပေးချက်မှ
မထွက်လာစေပဲ ပြုလုပ်နိုင်သည်မှာ အတော်လေး
အံ့အားသင့်စရာ ကောင်းပေသည်။ ထိုအရာက
အစောင့်များသည် ချက်ချင်း အနိုင်ယူခြင်း
ခံခဲ့ရသည်ဟု ဆိုလိုနေခြင်းပင် ဖြစ်သည်။

ထိုအစောင့် တစ်ယောက်ချင်းစီတွင် နတ်ဘုရား
တုံ့ပြန်မှု ကျောက်တုံးများကို တပ်ဆင်ထားသဖြင့်
အန်ဒရီယာ၏ လုပ်ဆောင်ချက် မဟုတ်သည်မှာ
သံသယဖြစ်ဖွယ် မရှိချေ။

"သူတို့ကို တွေ့ပြီးသွားရင် ရှင့်ရဲ့ သံသယတွေ
အားလုံးက အလိုအလျောက်

+

ရှင်းလင်းသွားပါလိမ့်မယ်" သူမက ဆက်ပြောလိုက်သည်။ "ကွင်းမိသားစု အနေနဲ့ အခု ပြုလုပ်ရမှာက မြင်ကွင်းတစ်ခုကို ဖန်တီးဖို့ပဲ... ပိုပြီးမှ ရုတ်ရုတ်သဲသဲ ဖြစ်လေလေ ပိုကောင်းလေလေ ဖြစ်တယ်"

"တောက်ပမြို့တော်က လူတိုင်းဟာ ဒီအရာ အပေါ်မှာ အာရုံစိုက်လာရမှာ ဖြစ်ပြီး ဒီလိုဆိုရင် အေပန် မိုရာဟာ ဘာမှ မတတ်နိုင်ပဲ ရှင့်ကို လူပုံအလယ်မှာ ထွက်ပြီးမှ ရင်ဆိုင်ရလိမ့်မယ်"

စာစဉ် ၆၃ : အပိုင်း ၅

+

# အပိုင်း ၉၃၅ : အမှောင်ထု အတွင်းမှ မျှော်လင့်ချက် တစ်စ

အိုတိုလော်ရီးသည် ကျယ်လောင်သော အသံများကြောင့် နိုးလာခဲ့သည်။

သူသည် လေးလံလှသော မျက်ခွံများကို ကြိုးစား၍ ပင့်လိုက်ပြီး ဘေးဘီဝဲယာသို့ လှမ်းကြည့်လိုက်သည်။ ဖယောင်းတိုင် စိုက်သောတိုင်တွင် ထွန်းထားသော ဖယောင်းတိုင်များသည် အောက်ခြေသို့ တိုင်အောင် လောင်ကျွမ်းနေကြပြီး ကျန်နေသော အလင်းရောင် ဖျော့ဖျော့သည် မှောင်မိုက်နေသော အခန်းအား အလင်းပေးရန် မစွမ်းသာတော့ချေ။

+

ဤမြေအောက် အကျဉ်းခန်းတွင် သူသည် နေ့နှင့်ညကို မခွဲခြားနိုင်တော့ပဲ ဖယောင်းတိုင်သည် သူ့အချိန်ကို တိုင်းတာသည့် တစ်ခုတည်းသော နည်းလမ်း ဖြစ်လာခဲ့သည်။ အစောင့်များသည် ခြောက်နာရီတိုင်း သူ့အတွက် အစာ ယူလာပေးသော အခါတွင် ဖယောင်းတိုင်များကို လဲလှယ်ပေးလေ့ ရှိသည်။

သို့သော်လည်း အစပိုင်းတွင်သာ ဤအတိုင်း ဖြစ်ခဲ့သည်။

ယခုအချိန်၌မူ ဖယောင်းတိုင် ဖြစ်စေ အစာဖြစ်စေ တစ်ခါတစ်ရံမှသာ လာလေ့ရှိပြီး တစ်ခါတစ်ရံတွင်

+

သူသည် ဆာလောင်မှုကြောင့် လန့်နိုးလာသည့် အချိန်တွင် အခန်းက လုံးဝ မှောင်မည်းနေသည်ကို တွေ့ခဲ့ရသည်။

သူသည် ဤနေရာ၌ အပိတ်ခံထားရသည်မှာ အချိန်မည်မျှ ရှိသွားပြီနည်း။ အိုတိုသည် သူ၏ နဖူးကို ဖိ၍ ခေါင်းကို ခါလိုက်ကာ လက်ကျန်စွမ်းအား အနည်းငယ်ကို ညှစ်ထုတ်ရန် ကြိုးစားလိုက်သည်။

နေရောင်နှင့် ကြာမြင့်စွာ မထိတွေ့ရခြင်းသည် သူ့အား မျက်တွင်း ချောင်စေခဲ့ပြီး ချောင်ကျ မည်းမှောင်သော ပတ်ဝန်းကျင်တွင် နေရခြင်းသည်

+

သူ့အား အစွန့်ပစ်ခံရသကဲ့သို့ ခံစားစေခဲ့၍
ကူရာမဲ့စေခဲ့သည်။

သို့သော်လည်း သူက အသက်ဆက်ရှင်နေမှ
ရပေလိမ့်မည်။

အဘယ်ကြောင့် ဆိုသော် သူဖခင်နှင့် လော်ရီး
မိသားစု၏ ကံကြမ္မာသည် အေပန်၏
လက်အတွင်းတွင် ရှိနေသောကြောင့်ပင်တည်း။

အိုတိုသည် သူ၏ အားနည်းနေသော ခန္ဓာကိုယ်အား
အားတင်း၍ ထူလိုက်ပြီး အိပ်ရာအတွင်းမှ
ထလာကာ သံတိုင်များထံသို့ ဖြည်းဖြည်းချင်း
လျှောက်လာခဲ့သည်။ ပန်းကန်ပြားနှင့်

+

ရေခွက်များကို အစာ ပြန်ဖြည့်ပေးသည့် အပြင် အစောင့်သည် သူ့အား မုတ်ဆိတ်ရိတ်ဓား တစ်ချောင်း ပေးရန်လည်း သူက မျှော်လင့်နေခဲ့သေးသည်။

မရိတ်ရသည်မှာ ကြာပြီဖြစ်သဖြင့် သူ၏ မုတ်ဆိတ်မွေးရှည်များသည် ပါးပြင်ကို ဖုံးလွှမ်းနေပြီး အစာ အကြွင်းအကျန်များနှင့် ဆီများက ထိုနေရာတွင် ကပ်နေနိုင်ကာ အချိန် ကြာလာသည်နှင့် အမျှ သူ၏ မျက်နှာက လိမ္မော်သီးပုပ်ကဲ့သို့ အနံ့များ ထွက်လာခဲ့သည်။

အကယ်၍ အစောင့်သည် ဓားသွားက လက်နက်တစ်ခု ဖြစ်လာနိုင်သည်ကို စိုးရိမ်နေပါက

+

သူ၏ မှတ်ဆိတ်ရိတ်ပေးမှုကို သူက
စိတ်ထဲထားနေမည် မဟုတ်ချေ။

ဘာပဲပြောပြော သူသည် မှူးမတ်တစ်ယောက်
ဖြစ်နေသေးပြီး တစ်ကိုယ်ရည် သန့်ရှင်းရေး အတွက်
တောင်းဆိုချက်သည် အကျိုးအကြောင်း
မဆီလျော်နေခြင်း မရှိပေ။

အိုတိုသည် ပြီးတာနှင့် သံတံခါး ပြင်ပမှ စကားသံ
အချို့ကို ကြားလိုက်ရသည်။

"ဟိုလူတွေက ဘာထင်နေတာလဲ... ဒီနေရာမှာ
ချုပ်နှောင်ထားတဲ့လူက လော်ရီး မိသားစုရဲ့
အကြီးဆုံးသားပဲ ဖြစ်တယ်"

+

စကား ပြောနေကြသော သူများသည် အသံကို ဖုံးကွယ်ကာ ပြောနေခြင်း မရှိနေကြသဖြင့် သူတို့၏ စကားများအား အိုတို ကြားသွားမည်ကို အမှုထားနေခြင်း မရှိသည်မှာ သိသာနေသည်။

"ဟာသလုပ်တာနဲ့ သရော် လှောင်ပြောင်တာတို့ဟာ လူပြက်တွေ လုပ်တဲ့ အလုပ်ပဲ မဟုတ်လား"

"သူတို့က ရူးနေတာလား... ပုံမှန်ဆိုရင် ကျွမ်းဘား အဖွဲ့က လူတွေက အားလ်ရဲ့ သားကို အပြစ်လုပ်မိရင် နောက်တစ်ရက်ကျရင် ငါးစာ ဖြစ်သွားမယ်လို့ ငါထင်နေတယ်... သူတို့က ဘာမှ

+

မဟုတ်ပဲ လျှောက်သွားနေရတဲ့ အိုးမဲ့အိမ်မဲ့တွေသာ ဖြစ်တယ်"

"အင်း... ဒါက ပုံမှန် ဖြစ်နေရင်လေ... အရင်တုံးက ဆိုရင် အားလ်ရဲ့ သားကြီးက အကျဉ်းခန်းထဲမှာ အဖမ်းခံထားရလို့လား... အခုအချိန်မှာ အရှင်မင်းမြတ်က ဒီလူတွေ ဖျော်ဖြေတာကို ကြည့်လိုနေပြီး ဘုရင်ရဲ့ ခွင့်ပြုချက် မရှိရင် သူတို့က ဒီလိုမျိုး လုပ်ရဲလိမ့်မယ်လို့ ငါမထင်ဘူး"

"ဖွီး... မင်းက အဓိပ္ပာယ် မရှိတာတွေကို ပြောနေပြန်ပြီ"

+

"ငါက စကားအဖြစ် ပြောခဲ့တာပါ… မင်းက ငါပြောတာကို မယုံနေရင်တောင် ဘာများ တတ်နိုင်လို့လဲ… အကျဉ်းခန်း အတွင်းက သခင်နဲ့ မင်းက ညစာ လဲစားမလို့လား"

"ဟင်း… ထားလိုက်ပါတော့… ဒါက တံတွေး အချို့ သက်သက်ပါပဲ… သူက စားလိုက်ရင်လည်း သေသွားမှာမှ မဟုတ်တာ" ပြီးတာနှင့် သေ့များ အချင်းချင်း ထိရိုက်သည့် အသံများ ထွက်လာခဲ့သည်။

"ဟုတ်တယ်… တကယ်လို့ အရှင်မင်းမြတ်က ဒီလိုမျိုး မြင်ချင်နေခဲ့တာ ဆိုရင် သူတို့က ဘာပြဿနာမှ ရှိမှာ မဟုတ်ပါဘူး…

+

မင်းအရင်သွား… ငါက အစာခွက်ကို
ပြန်သိမ်းရဦးမယ်"

သံတခါးက တကျွီကျွီမြည်ကာ ပွင့်သွားခဲ့ အပြီးတွင်
ထောင်မှူးက အစာခွက် တစ်ခွက်ကို ကိုင်ထားရင်း
လျှောက်လာခဲ့သည်။

"အိုး… သခင်က နိုးနေတာလား" အိုတိုက
သံလက်ရန်းအား မှီ၍ ရပ်နေသည်ကို မြင်ခဲ့ရသော
အခါ သူက အနည်းငယ်
အံ့အားသင့်သွားခဲ့သော်လည်း ကသိကအောက်
ဖြစ်သွားသည့် အမူအရာကို လျင်မြန်စွာ
ဖုံးကွယ်လိုက်သည်။

+

"ကောင်းပြီလေ… ခင်ဗျားက အခုပဲ ဒီနေ့ညစာကို စားလိုက်ပါ… ဖယောင်းတိုင်ကိုတော့ မနက်ဖြန်မှ လဲပေးလိုက်မယ်… ဘဏ္ဍာစိုးက ဖယောင်းတိုင် အသစ်တွေ ပို့ဖို့ မေ့နေခဲ့တယ်"

အိုတိုက ဘာမှ ပြန်မပြောခဲ့ပေ။ သူ၏ ရင်အတွင်း၌ ဝမ်းနည်းမှုများဖြင့် ရုတ်တရက် ပြည့်သွားခဲ့ပြီး မုတ်ဆိတ်ရိတ်ဓားကိုပင် တောင်းရန် မေ့သွားခဲ့သည်။ ဤလူနှစ်ယောက်သည် စကား အနည်းငယ်သာ ပြောခဲ့သော်လည်း သူတို့ စကားများ၏ ဆိုလိုရင်းကို သူက နားလည်နိုင်ခဲ့သည်။

+

ကျွမ်းဘား အဖွဲ့မှ လူပြက်သည်
သူ့အစာပို့မည့်သူနှင့် တွေ့သွားခဲ့ပြီး အေပန်
မိုရာအား သဘောကျအောင် လုပ်ပြသည့် အနေဖြင့်
သူ၏ အစာခွက် အတွင်းသို့ တံတွေးအချို့
ထွေးခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့သော အရုက်ရမှုသည် သူ၏ ပါးပြင်များကို
မုန့်ဖို အတွင်းတွင် ထည့်ဖုတ်ခံထားရသကဲ့သို့
ပူလောင်လာစေခဲ့သည်။

ထောင်မှူးသည် အိုတို၏ တုံ့ပြန်မှုကို ဂရုစိုက်မနေပဲ
ညစာခွက်ကို လျင်မြန်စွာ သိမ်း၍ မကြာခင်
ထွက်သွားခဲ့သည်။ အခန်းအား မြို့စားစံအိမ်
အတွင်းမှ အခန်းကဲ့သို့ ပြုပြင်ထားသော်လည်း သူ၏

+

ဖိနှိပ်ခြင်းခံနေရသည့် ခံစားချက်က
မခံနိုင်လောက်အောင် ဖြစ်နေပြီး ဤနေရာတွင်
လိုအပ်သည်ထက် မည်သူမှ ပိုနေချင်လိမ့်မည်
မဟုတ်ချေ။

ခြေသံများက အဝေးသို့ ပျောက်ကွယ်သွားခဲ့
အပြီးတွင် အိုတို အနားတွင် တိတ်ဆိတ်မှုက
ပြန်လည် လွှမ်းမိုးသွားပြန်သည်။

ဤအချိန်တွင် သူသည် ထောင်မှူးအား တာဝန်
ပေါ့လျော့မှု အတွက် ကြိမ်းမောင်းနေလိုပြီး
အေပန်အား သူ၏ မသိတတ်မှု အတွက်
အပြစ်တင်လိုနေခဲ့သော်လည်း သူက ထိုကဲ့သို့
မလုပ်ခဲ့ပေ။

+

အဘယ်ကြောင့် ဆိုသော် ထိုအရာသည် အဓိပ္ပာယ် ကင်းမဲ့နေသောကြောင့် ဖြစ်သည်။ ထောင်မှူးအား ကြိမ်းမောင်းခဲ့လျှင် နောက်တစ်ခါက် အစာနှင့် ဖယောင်းတိုင် လဲလှယ်သည့် အချိန် ပို၍ နောက်ကျသွားမည် ဖြစ်ပြီး အေပန်အား ဝေဖန်ခဲ့လျှင် သူသည် သူ့'မိတ်ဆွေဟောင်း' ဆင်ထားသည့် ထောင်ချောက်အတွင်းသို့ ပျော်ပျော်ကြီး ကျရောက်သွားခဲ့မည် ဖြစ်သည်။

သူ့အား အရှက်ရအောင် ပြုလုပ်ခဲ့သည့် ညစာကိုမူ သူက ထိရန် ရည်ရွယ်ချက် မရှိနေပေ။

+

သူက မှန်ကန်သည့် အရာတစ်ခုကို လုပ်နေခဲ့သလား ဆိုသည်ကို အိုတိုက မအောင့်နိုင်ပဲ တွေးနေခဲ့သည်။

သူသည် အိပ်ရာထံ ပြန်တော့မည် ပြုခဲ့သော အချိန်၌ပင် သူ၏ တစ်ကိုယ်လုံးက ရုတ်တရက် စတင်၍ တုန်ခါလာခဲ့သည်။ ခွက်အတွင်းမှ အုတ်ဂျုံသည် ဖြည်းဖြည်းချင်း အနက်ရောင် ရေအဖြစ်သို့ ပြောင်းသွားခဲ့သည်ကို သူက မျက်လုံးထောင့်များမှ တဆင့် တွေ့ခဲ့ရသည်။

လော်ရှီးအိမ်တော်မှ အကြီးဆုံးသားသည် သူ၏ မျက်လုံးများကို ပွတ်သပ်နေရင်း ပန်းကန် အနီးသို့ ဖြည်းဖြည်းချင်း ကပ်လာခဲ့ကာ အုတ်ဂျုံခွက်ကို သေချာစွာ ပင့်မလိုက်သည်။

+

ထိုအရာသည် အမြင်မှားနေခြင်း မဟုတ်သလို အားနည်းနေသည့် မီးတောက်၏ အရိပ်လည်း မဟုတ်နေချေ။ အုတ်ဂျုံသည် ထူထဲသော မင်ကွဲသို့ အနက်ရောင် ပြောင်းသွားခဲ့ခြင်း ဖြစ်သည်။

ရုတ်တရက်ပင် သူ၏ စိတ်အတွင်းသို့ အတွေးတစ်ခု ဝင်လာခဲ့သည်။

ကျွမ်းဘားအဖွဲ့၊ လူပြက်၊ လှည့်ကွက်များ... အားလုံးတို့ကို ထိုလူက စီစဉ်ခဲ့ခြင်း ဖြစ်လေသလော။

+

"ယောင်ကိုက မင်းဟာ သာမန် ကျွမ်းဘားအဖွဲ့ဝင် တစ်ယောက်လို့သာ ပြောထားတယ်... ဟုတ်လို့လား... မင်းက အရှင်မင်းမြတ် ရှိလန်နဲ့ ဘယ်လို သိခဲ့တာလဲ"

"ဒါက တိုက်ဆိုင်မှု တစ်ခုပါပဲ... အရှင်မင်းမြတ်က ငါ့ကို ရွေးချယ်ခဲ့တာက ငါ့ရဲ့ ကျွမ်းဘား ဖျော်ဖြေမှုဟာ သိပ်မဆိုးလို့နဲ့ တူတယ်"

"အိုး... မင်းက သရုပ်ပြလို့ ရမလား"

"ရတယ်လေ... ငါက အရိုးရှင်းဆုံး ပြကွက်ဖြစ်တဲ့ မင်တံတွေးထွေးတဲ့ သူခိုး လှည့်ကွက်ကို လုပ်ပြမယ်"

+

အိုတိုသည် အုတ်ဂျုံကို အချိန် အတန်ကြာ တွေတွေကြီး စိုက်ကြည့်နေပြီးမှ ရုတ်တရက်ပင် သူ၏ လက်ချောင်းအား ခွက်အတွင်းသို့ ထည့်လိုက်သည်။ အချိန် အနည်းငယ်မျှ စမ်းတဝါးဝါး မွှေနှောက်ခဲ့အပြီးတွင် သူ၏ လက်ချောင်းထိပ်၌ ခပ်ကြမ်းကြမ်း အရာတစ်ခုကို စမ်းမိလိုက်သည်။

"ဒါ.. ဒါက ဘယ်လို ဖြစ်သွားတာလဲ... ရေက ဘယ်လိုလုပ် ချက်ချင်း အရောင်ပြောင်းသွားတာလဲ"

"ဒါက မပြီးသေးဘူး... ဒီပိတ်ပါးစကို ကြည့်လိုက်... သူ့အပေါ်မှာ ဘာမှ မတွေ့ရဘူး မလား... အခု ငါက

+

သူ့ကို ရေထဲထည့်ပြီး စိုအောင်လုပ်ပြီးမှ မီးနဲ့ အခြောက်ပြန်ခံလိုက်မယ်... ဘာဖြစ်လာမလဲ ဆိုတာကို ခန့်မှန်းကြည့်ပေါ့"

"ဘာမှလဲ မတွေ့... နေပါဦး... သူ့အပေါ်မှာ... စကားတစ်လုံး ပေါ်လာပြီ"

"ဘာရေးထားသလဲ ဆိုတာကို မင်းတွေ့သလား"

"ကြည့်ရအောင်... ဒါက... မင်းနာမည်လား"

"ဟုတ်တယ်... ငါ့နာမည်က ဟေးဖော့ခ်ပဲ"

+

အိုတိုသည် ခပ်ကြွမ်းကြွမ်း အရာကို အသာ ဆုပ်လိုက်ပြီး အုတ်ဂူ အတွင်းမှ ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်သည်။ ထိုပိတ်ပါးစသည် ထွင်းဖောက်မြင်နိုင်လုနီးပါး ဖြစ်နေပြီး အုတ်ဂူအတွင်းတွင် နစ်နေသည်ကို ပြောနိုင်မည် မဟုတ်ပဲ လက်ချောင်းများဖြင့်သာ စမ်းနိုင်ခြင်း ဖြစ်သည်။

သူသည် အသက်ရှူ အောင့်ထားလိုက်ပြီး ဖယောင်းတိုင်စိုက်သောတိုင်ထံသို့ လျင်မြန်စွာ လျှောက်လာကာ နည်းနည်းချင်း ဖြန့်လိုက်သည်။

+

ဖယောင်းတိုင်မီးက မှိတ်တုတ်မှိတ်တုတ် ဖြစ်လာသည်နှင့် ဝေဝါးနေသော အနက်ရောင် ရေစာများသည် စတင်၍ မှေးမှိန်လာခဲ့သည်။

"မြန်မြန်.. မြန်မြန်.. မြန်မြန်လေး…" သူ၏ ရင်အတွင်းမှ စိတ်လှုပ်ရှားစွာဖြင့် အော်နေခဲ့သည်။ ယိမ်းယိုင်နေသော အရိပ်များသည် အရပ်မျက်နှာ ပေါင်းစုံမှ လာနေသည်ဟု ထင်နေရပြီး သူ့လက်အတွင်းတွင် ကိုင်ထားသော အနက်ရောင် ပိတ်စသည် ကမ္ဘာ တစ်ခုလုံးထံမှ တစ်ခုတည်းသော အလင်းရောင် ဖြစ်သည်ဟု ထင်နေရသည်။

ရေစာများ ပျောက်ကွယ်သွားသည့် အချိန်၌ပင် ဖယောင်းတိုင်က မီးကုန်သွားလေသည်။

+

အကျဉ်းခန်း တစ်ခုလုံး၌ အမှောင်ထု ပြန်လည် လွှမ်းခြုံသွားလေသည်။

အိုတိုသည် မအောင့်နိုင်တော့ပဲ အားရပါးရ ရယ်လိုက်မိသည်။

သူသည် တုန်ခါနေသော လက်အစုံကို ဖိ၍ ပိတ်ပါးစကို သူ့ပါးစပ် အတွင်းသို့ ထိုးထည့်လိုက်သည်။ ပြီးတာနှင့် သံတိုင်ထံသို့ ပြန်လည် တွားသွားခဲ့ကာ အုတ်ဂျုံနှင့် အတူ မျိုချလိုက်လေသည်။

+

နွေးထွေးမှုသည် သူ့လည်ချောင်းမှ တဆင့်
အစာအိမ် အတွင်းသို့ ပျံ့နှံ့သွားပြီး သူ့ခန္ဓာကိုယ်
တစ်ခုလုံးအား အင်အားဖြင့် ပြည့်သွားစေခဲ့သည်။
သို့သော်လည်း အုတ်ဂျုံနှင့် စာလျှင် သူ၏
နှလုံးသားက အနွေးထွေးဆုံး ခံစားနေရလေသည်။

အုတ်ဂျုံကို တိတ်တဆိတ် သောက်နေရင်း သူ၏
မျက်လုံးထောင့်မှ မျက်ရည်တစ်စက်က
စီးကျလာခဲ့သည်။

သူ၏ စိတ်ဓာတ် ခိုင်မာမှုသည် နောက်ဆုံးတွင်
အကျိုးပေးခဲ့ပြီ ဖြစ်သည်။

+

ပိတ်ပါးစပေါ်တွင် စကားလုံး အချို့သာ ရှိနေပြီး လှုပသော လက်ရေးလက်သားဖြင့် ရေးထားကာ သူ့ငယ်ဘဝကို ပြန်လည်၍ လွမ်းဆွတ် တမ်းတစေခဲ့သည်။

"ဘာမှ မကြောက်နဲ့... ငါလာနေပြီ"

စာစဉ် ၆၃ : အပိုင်း ၆

အပိုင်း ၉၃၆ : အနီးကပ် တိုက်ပွဲ

"မင်းဘာပြောလိုက်တယ်" အရဏ်ဦး ဘုရင်သည် သူ့လက်မောင်း အတွင်းမှ ကချေသည်အား

+

တွန်းပစ်လိုက်ရင်း ရုတ်တရက်
ထရပ်လိုက်လေသည်။

မလုံ့တလုံ ဝတ်ဆင်ထားပြီး ပန်းရောင် ဇာပဝါ
တစ်ခုကိုသာ ရစ်ပတ်ထားသည့် ချောမောလှပသော
ကချေသည်သည် မြေပေါ်သို့ ပြင်းထန်စွာ
ကျသွားကာ အတော်လေး
နာကျင်သွားခဲ့သော်လည်း အသံလုံးဝ
မထွက်ရဲခဲ့ချေ။

ကျန်သော အစေခံများ၊ ကပြ ဖျော်ဖြေသူများနှင့်
ဆပ်ကပ်သမားတို့သည် ထိတ်လန့်တကြားဖြင့်
သူတို့၏ ခေါင်းများကို ငုံ့ထားကြကာ နန်းတော်

+

တစ်ခုလုံးက ရုတ်ခြည်းပင် တိတ်ဆိတ်
ငြိမ်သက်သွားလေသည်။

"အရှင်မင်းမြတ်..." နိုင်ငံခြားရေး ဝန်ကြီးက
တံတွေးကို မျိုချကာ ပြောလိုက်သည်။
"ဝန်ကြီးချုပ်က ပုန်ကန်ခဲ့ပါပြီ"

"သူက အပြင်က ငတုံးမှူးမတ်တွေကို
ထောက်ခံနေရုံ သက်သက် မဟုတ်ပဲ တကယ်
ပုန်ကန်နေတယ် ဆိုတာ သေချာနေသလား"
အေပန်အနေဖြင့် သူ့ဝန်ကြီး၏ စကားကို
နားကြားမှားနေသလား သို့မဟုတ်
သူ့ဝန်ထမ်းများက သတင်းကို ချဲ့ကား

+

ပြောဆိုနေသလား ဆိုသည်ကို မသေမချာ
ဖြစ်နေခဲ့သည်။

ဟားမီးစ်မှ အသက်ရှင်လျက် ပြန်လာနိုင်ခဲ့သော
သူတိုင်းက ဘုရင်၏ ကိုယ်ပိုင် နိုက်သူရဲကောင်း
တပ်ဖွဲ့က ပျက်စီးသွားပြီး သူက မရှုမလှ
ပြန်လာခဲ့ရသည်ကို မြင်တွေ့နိုင်ခဲ့သဖြင့်
ဤသစ္စာဖောက် မှူးမတ်များက မည်ကဲ့သို့
စီစဉ်နေကြသည်ကို သူက သိနေခဲ့သည်။
သူတို့အနေဖြင့် တော်ဝင် မိသားစုအား ဆက်လက်
သစ္စာရှိနေဦးမည်ဟု မျှော်လင့်နေပါက သူသည်
ရိုးအရာ ကျနေပေလိမ့်မည်။

+

ထိုပုန်ကန်မှုများကို ကြိုတင် မျှော်လင့်ထား၍ ရသည်။ မင်းနေပြည်တော်မှ မိသားစုကြီး သုံးခု၏ ထောက်ခံမှုကို ရယူ၍ မဟာမိတ် ဖွဲ့ကြခြင်းသည် သူတို့၏ ပထမဆုံး ရွေးချယ်မှု ဖြစ်မည်မှာ သေချာနေသည်။

အေပန်သည် ဤအဖြစ်ကို အစောကြီး ကတည်းက သတိနှင့် စောင့်ကြည့်နေခဲ့သော်လည်း ဝါရင့်အမတ် သုံးယောက်တို့၏ စရိုက်များ အရ သူတို့သည် စည်းမျဉ်းများ အတိုင်းသာ လိုက်နာကာ ပါးစပ်ပိတ်ပြီး တံခါးနောက်တွင်သာ နေကြပေလိမ့်မည်။

+

ဘာပဲပြောပြော ဘုရင့်မြို့တော်သည် သူ၏
လက်အတွင်း၌သာ ရှိနေသေးပြီး ပုန်ကန်ရန်
ကြိုးစားမှုသည် ကိုယ့်ကိုယ်ကိုယ် သက်သေရာ
ကျနေလိမ့်မည် ဖြစ်သည်။

ပထမဆုံး ပြဿနာရှာရန် ကြိုးစားသည့်သူမှာ
ကွင်းမိသားစု ဖြစ်နေလိမ့်မည်ဟု သူက လုံးဝ
မမျှော်လင့်ထားခဲ့ပေ။

မှူးမတ်ငယ်များနှင့် ပူးပေါင်း ကြံစည်ခြင်းကပင်
အေပန်၏ အောက်ထစ်ဆုံး သည်းခံနိုင်မှုကို
ကျော်နေခဲ့ပြီ ဖြစ်သည်။ ကြည့်ရသည်မှာ
အားလ်အိုကြီးသည် သူ့အတွက် ထွက်ပေါက်တစ်ခု
ရှာလိုနေခြင်း သက်သက် ဖြစ်ပုံရသည်။

+

သို့သော်လည်း အကြောင်းရင်းက မည်သို့ပင် ဖြစ်စေကာမူ ဤကဲ့သို့သော မခန့်လေးစား ပြုမူခြင်းကြောင့် ပြစ်ဒဏ်ခံရမည်ကို မည်သို့မှ ရှောင်လွှဲ၍ ရမည် မဟုတ်ချေ။ ဥပမာအားဖြင့် အိုတိုလော်ရှီး ဖြစ်သည်။ အပြန်အလှန်အနေဖြင့် သူ၏ ငယ်ပေါင်း မိတ်ဆွေအား တစ်ခါတည်း မသတ်ခဲ့ခြင်းကပင် သနားညှာတာရာ ကျနေခဲ့လေပြီ။

သို့သော်လည်း… ပုန်ကန်ခြင်းက ဘာကို ဆိုလိုနေသနည်း။

+

အားလ်ကွင်းသည် တောက်ပမြို့တော် အတွင်း၌သာ ရှိနေသေးပြီး ဤနေရာ၌ လက်အောက်ငယ်သားများနှင့် စစ်သားများ မရှိနေပေ။ သူသည် သူ၏ ဒါဇင်အနည်းငယ်သော အစောင့်များဖြင့်သာ ပုန်ကန်လိုနေသလော။ ထိုအရာသည် ရယ်ရွှင်ဖွယ်ပင် ကောင်းနေခဲ့သည်။ သူက မည်ကဲ့သို့ ပုန်ကန်နိုင်လိမ့်မည်နည်း။

"အားလ်က တခြား မှူးမတ်တွေကို ဆက်သွယ်ခဲ့ပါတယ်... ဒါ့အပြင် သူက တိတ်တဆိတ် လုပ်ခဲ့တာ မဟုတ်ပဲ ဖိတ်စာတစ်ခု ပို့ခဲ့တာပါ" ဝန်ကြီးက သူ့နဖူးပေါ်မှ ချွေးများကို သုတ်နေရင်း ပြောလိုက်သည်။ "သူက မှူးမတ်တွေ အားလုံးကို သူ့စံအိမ်ကို ဖြောင်ပဲ ဖိတ်ခေါ်ခဲ့ပြီး

+

ကွင်းမိသားစုကို ထောက်ခံဖို့ သွေးဆောင်
စည်းရုံးခဲ့ပါတယ်"

အေပန်က မှင်သက်သွားပြီး သူကြားခဲ့ရသည့်
သတင်းကို နားမလည်နိုင် ဖြစ်သွားခဲ့သည်။

ဤလှုပ်ရှားမှုအား ပုန်ကန်သည်ဟု
အမှန်တကယ်ပင် သတ်မှတ်နိုင်သော်လည်း
သူလုပ်ခဲ့သည့် နည်းလမ်းမှာ မယုံနိုင်စရာ
ကောင်းလှပေသည်။

အခြား မှူးမတ်များထံမှ အကူအညီ
တောင်းခံမည့်အစား သူသည် သူတို့အား
ကွင်းမိသားစုကို ထောက်ခံရန် တောင်းဆိုခဲ့သည်။

+

ဟောဒ်ဖော့ အနေဖြင့် သူဘာလုပ်နေသည်ကို
အမှန်တကယ်ပင် သိနေပါသလော။

သူကိုယ်တိုင်ကပင် အချိန်မရွေး
နစ်မြုပ်သွားနိုင်သော အန္တရာယ်ရှိသည့် လှေတစ်စင်း
ဖြစ်နေခဲ့သဖြင့် အခြား မှူးမတ်များ၏
ထောက်ခံမှုကို ရနိုင်ဦးမည်ဟု အဘယ်ကြောင့်
ထင်နေသေးသနည်း။

မိုရာ မိသားစုသည် ဤကဲ့သို့ ပြောင်ကျစွာ ရန်စမှုကို
မည်သို့မှ သည်းခံနိုင်မည် မဟုတ်သဖြင့်
ဤလုပ်ဆောင်ချက်သည် နှစ်ဦးနှစ်ဘက်ကို
ခါးသီးသော ရန်သူများ အဖြစ် ပြောင်းပေးလိမ့်မည်
ဖြစ်သည်။ ဤကဲ့သို့သော တုံးအမှုသည်

+

ထိုမှုးမတ်များကို သူ့အား အထင်သာ သေးစေပေလိမ့်မည်။

သို့သော်လည်း ဝန်ကြီးချုပ် အနေဖြင့် အတိတ်က ဤကဲ့သို့သော မောက်မာသည့်သူ တစ်ယောက် ဖြစ်နေပါသလော။

အေပန်သည် အချိန်အတန်ကြာ ဘာမှမပြောပဲ မှိုင်တွေနေခဲ့ပြီးမှ အမိန့်ပေးလိုက်သည်။ "ငါ့အမိန့်ကို ထုတ်ပြန်လိုက်ပါ… မြို့စားဘာချော့ဟာ မြို့စောင့်တပ်ဖွဲ့ကို ဦးဆောင်ပြီး အားလ်စံအိမ်ကို သွားရမယ်… ပြီးတာနဲ့ ဟော်ဖော့ကွင်းကို ဖမ်းဆီးကာ ငါ့အရှေ့ကို ခေါ်လာရမယ်"

+

"သူ့အိမ်အတွင်းက ကျန်တဲ့သူတွေကိုတော့ ယာယီ ဖမ်းချုပ်ထားပြီး ခုခံတဲ့သူတွေ ရှိခဲ့ရင် နေရာမှာတင် သတ်ဖြတ်နိုင်တယ်... အားလ်က ဒါကို ဘယ်လို ရှင်းပြမလဲ ဆိုတာကို ငါက ကြည့်ချင်သေးတယ်"

"မှန်လှပါ... အရှင်မင်းမြတ်"

ဤသတင်းကို ကြားခဲ့ရအပြီးတွင် သူသည် အပျော်ရှာရန် စိတ်မပါတော့သဖြင့် ခန်းမအတွင်းမှ လူအားလုံးကို ပြန်လွှတ်လိုက်ကာ ပလ္လင်ပေါ်တွင် အရုပ်ကြိုးပြတ် ထိုင်လိုက်လေသည်။

သူသည် သူ့ကိုယ်သူ အပျော်ဖြင့်သာ နစ်မြှုပ်နေလိုခြင်း မရှိသော်လည်း ပတ်ဝန်းကျင်က

+

တိတ်ဆိတ်သွားသည်နှင့် တစ်ပြိုင်နက်
သူ့နားအတွင်းတွင် ကောင်းကင်မှ မိုးခြိမ်းသံများက
ထပ်ဖန်တစ်ခါ ပေါ်လာခဲ့ပြန်သည်။

လွန်ခဲ့သော တစ်လကျော်က ပြီးသွားခဲ့သော
စစ်ပွဲသည် သူ၏စိတ် အတွင်း၌ နက်ရှိုင်းစွာ
ကျန်ရစ်ခဲ့ကာ လုံးဝ မမေ့ပျောက်နိုင်ခဲ့ပေ။

မဟုတ်ပေ... ထိုအရာက စစ်ပွဲတစ်ခု မဟုတ်ပဲ
တစ်ဖက်သတ် သတ်ဖြတ်ခြင်းသာ ဖြစ်လေသည်။

သူ၏ တပ်ဖွဲ့များသည် ပြန်လည် တိုက်ခိုက်ရန်
စွမ်းအား မရှိနေခဲ့ပေ။

+

နိုက်သူရဲကောင်းများ ဖြစ်စေ ကျေးကျွန်များ ဖြစ်စေ မီးခိုးရောင် ရဲတိုက်၏ တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရသော အချိန်တွင် ဘာမှ ထူးခြားနေခြင်း မရှိပေ။

ဘုရင့်မြို့တော်သို့ ပြန်လာခဲ့အပြီးတွင် အေပန်အနေဖြင့် သူသည် ရိုလန်အား ရင်ဆိုင်ရန် သတ္တိ မရှိတော့သည်ကို တွေ့လိုက်ရသည်။ စစ်မြေပြင်တွင် ကျရှုံးမှုသည် သူ့အား သူ့ဖခင် သေဆုံးခြင်းထက်ပင် ပို၍ နာကျင်စွာ ခံစားရစေခဲ့သည်။

ပို၍ဆိုးသည့် အချက်မှာ မိုရာ မိသားစုသည် အရဏ်ဦး နိုင်ငံ တစ်ခုလုံးအား ဆုံးရှုံးသွားပြီဟု

+

သူက သိနေခဲ့ခြင်းပင် ဖြစ်သည်။ အစွမ်းထက်သော အိမ်နီးချင်း နိုင်ငံအား ရန်စခဲ့ခြင်း၏ အကျိုးဆက်က အဘယ်နည်း။

တစ်ဘက်သားသည် အနေးနှင့် အမြန် သူက သူ့ဖခင်ထံမှ အမွေရခဲ့သော နိုင်ငံကို လာရောက် သိမ်းပိုက်တော့မည်မှာ သံသယဖြစ်ဖွယ် မရှိပဲ သူက ဘာမှ တတ်နိုင်လိမ့်မည် မဟုတ်ချေ။

ထီးနန်းကို စတင် လက်ခံခဲ့စဉ်က သူသည် ရည်မှန်းချက်များဖြင့် ပြည့်နေခဲ့ပြီး သူ့တိုင်းပြည်အား ကောင်းစွာ အုပ်ချုပ်ရန် ဆန္ဒ ပြင်းပြနေခဲ့သည်။ သူသည် တိုင်းသူ ပြည်သားများအား စုန်းမများ၊ မိစ္ဆာသားရဲများ၊

+

တိုင်းတပါးမှ ခြိမ်းခြောက်မှုများကို စိုးရိမ်နေစရာ မလိုပဲ တည်ငြိမ်သော ဘဝမျိုးကို နေထိုင်စေလိုခဲ့သည်။

သို့သော်လည်း နန်းတက်ပြီး တစ်နှစ်ပင် မပြည့်သေးမီ သူသည် မှန်းထားသကဲ့သို့ စွမ်းဆောင်နိုင်ခြင်း မရှိတော့ပဲ နိုင်ငံရေးနှင့် စီးပွားရေးများတွင် စိတ်ဝင်စားခြင်း မရှိတော့ပေ။ သူသည် ရန်သူ၏ စစ်တပ် လာရောက် တိုက်ခိုက်မည်ကိုသာ စောင့်နေခဲ့ပြီး မြို့ရိုးထံမှ မခွာနိုင် ဖြစ်စေခဲ့သည်။

ဤအထိ တွေးခဲ့အပြီးတွင် အေပန်၏ မီးခိုးရောင် ရဲတိုက် ဘုရင် အပေါ်မှ အမုန်းတရားသည်

+

အဆမတန် ကြီးထွားလာခဲ့ကာ သူ့အား
အရှင်လတ်လတ် ဝါးစားလိုနေခဲ့သည်။

ရိုလန် ဝင်ဘယ်ဒန်ကြောင့်သာ မဟုတ်လျှင် သူသည်
သူ့မျိုးဆက်၏ နာမည်ကျော်
ခေါင်းဆောင်တစ်ယောက် အနေဖြင့် သမိုင်း
စာမျက်နှာများတွင် အမှတ်အသား တစ်ခု
ချန်ထားနိုင်ခဲ့ပေလိမ့်မည်။

ထိုအရာ အားလုံးသည် ရိုလန်၏ အမှားများသာ
ဖြစ်ပြီး မီးခိုးရောင် ရဲတိုက်၏ ဘုရင်အသစ်သည်
စုန်းမများ၏ ပြုစားခြင်းကို ခံခဲ့ရပေသည်။

+

သူသည် ထိုင်ခုံလက်ရန်းကို လက်ဖြင့် ပြင်းထန်စွာ ရိုက်ချလိုက်သော်လည်း သူ့ရင်အတွင်းမှ လောင်ကျွမ်းနေသော အမျက်မီးတောက်များက ငြိမ်းသွားခဲ့ခြင်း မရှိပေ။

အားလ်ကွင်းကို ဖမ်းမိသော အခါ သူသည် သူ့အား ဘုရင်တစ်ပါး၏ အမျက် အရသာကို ကောင်းစွာ သိသွားအောင် လုပ်ပေးရပေလိမ့်မည်။

သို့သော်လည်း နေ့လယ်ခင်းတွင် အသစ် ခန့်အပ်ထားသော ဝန်ကြီးက နန်းတော် အတွင်းသို့ ထိတ်လန့်တကြားဖြင့် ပြေးလာခဲ့လေသည်။

+

"အရှင်မင်းမြတ်... ဆာဘာချော့က သေသွားပါပြီ... ပြီးတော့... မြို့စောင့်တပ် တစ်ခုလုံးလည်း မရှိကြတော့ပါဘူး"

"ဘာပြောတယ်..." အရဏ်ဦး ဘုရင်သည် သူ၏ကော်လာကို တုန်လှုပ်စွာဖြင့် ဆွဲကိုင်လိုက်သည်။ "သူတို့က စံအိမ်ထဲမှာ ထောင်ချောက်တွေ ဆင်ထားတာလား... ဒါမှမဟုတ် ပုန်းကွယ်နေပြီး ခြုံခို တိုက်ခိုက်ခဲ့ကြတာလား"

"ဟုတ်ပါတယ်... သူတို့မှာ ပုန်းနေကြတဲ့ သက်တော်စောင့်တွေ ရှိနေကြပါတယ်" ဝန်ကြီးက လျင်မြန်စွာဖြင့် ပြန်ဖြေလိုက်သည်။ "ကျွန်တော်က

+

ကိုယ်ပိုင် မျက်လုံးတွေနဲ့ မြင်ခဲ့တာပါ... အစ ပထမမှာ ဘာချော့က အားလ်ကို ထွက်လာဖို့ ပြောခဲ့ပေမဲ့ အငြင်းဆန်ခံခဲ့ရ အပြီးမှာ သူက အိမ်အတွင်းကို တိုက်ရိုက် ထိုးဖောက် ဝင်ရောက်သွားခဲ့ပါတယ်"

"ဒါပေမဲ့ သူက အားလ်သက်တော်စောင့်တွေရဲ့ သတ်ဖြတ်ခြင်းကို ချက်ချင်း ခံခဲ့ရတဲ့ အပြင် ခြံဝင်းထဲကနေ အစောင့်တွေက အမြန် ထွက်လာကြပြီး စံအိမ်အပြင်က မြို့စောင့်တပ်ကို အလစ် ဝင်ရောက် တိုက်ခိုက်ခဲ့ကြပါတယ်"

"သူတို့က ရှုးသွပ်နေတဲ့ လူတွေနဲ့ တူနေကြပြီး သူတို့ လက်အတွင်းမှာ အရိုးထွင်ဓား၊ တုတ်ချောင်းတွေ၊

+

ကျောက်ခဲတွေ အစရှိတဲ့ လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြပြီး တစ်မိနစ်တောင် မကြာပဲ တပ်ဖွဲ့တစ်ခုလုံး ပြိုကွဲသွားခဲ့ပါတယ်"

"သူတို့က လူဘယ်နှစ်ယောက်လောက် ရှိသလဲ"

"အင်း... ခုနစ်ယောက် ရှစ်ယောက်လောက်ပဲ"

"ခွေးကောင်" အေပန်က ဝန်ကြီးအား မြေပေါ်သို့ တွန်းချလိုက်သည်။ "လူခုနစ်ယောက် ရှစ်ယောက်လောက်ကို မင်းက ခြံုခို တိုက်ခိုက်တယ်လို့ ပြောခဲ့တာလား... တောက်ပမြို့တော်မှာ စီးပွားရေး သမား တစ်ယောက်ကတောင် အစောင့်

+

ဆယ်ယောက်ကျော်လောက် ရှိတယ်… မင်းက အကြောက်လွန်ပြီး ရူးသွားပြီလား"

"မြို့စောင့်တပ်က လူတစ်ရာ နှစ်ရာလောက် ရှိပြီး အစောင့် ခုနစ်ယောက် ရှစ်ယောက်လောက်ရဲ့ အနိုင်ယူမှုကို ဘယ်လိုလုပ် ခံခဲ့ရတာလဲ… တောဝက် နှစ်ရာကတောင် ဒီလောက်မြန်မြန် ရှုံးနိမ့်သွားမှာ မဟုတ်ဘူး… ငါ့မြို့စောင့်တပ်တွေက ဝက်တွေလောက်တောင် အသုံးမကျဘူးလို့တော့ မပြောနဲ့နော်"

"အရှင်မင်းမြတ်… ဟိုလူ.. ဟိုလူတွေက လူသားတွေ မဟုတ်ကြပဲ မကောင်းဆိုးဝါးတွေ ဖြစ်ကြပါတယ်" ဝန်ကြီးက ယူကြုံးမရ ဖြစ်စွာဖြင့်

+

အော်ဟစ်လိုက်သည်။ "မြို့စောင့် တပ်သားတွေဟာ သူတို့ရဲ့ တိုက်ခိုက်မှု တစ်ချက်ကိုတောင် မခုခံနိုင်ကြပဲ ဒါက လူတစ်ယောက်ရဲ့ အင်အားနဲ့ အမြန်နှုန်း မဟုတ်နိုင်ပါဘူး"

အပေန်က ရုတ်တရက် ခေါင်းထောင်လာခဲ့သည်။

သူသည် ဤကဲ့သို့သော မြင်ကွင်းမျိုးကို ယခင်က မြင်ခဲ့ဖူးသည်နှင့် တူနေသည်။

မှန်သည်၊ ယခုအချိန်၌ သူသည် သူဖခင်အား သတ်ဖြတ်ခဲ့သော ဘုရားကျောင်းမှ သန့်စင်စုန်းမ နှစ်ယောက်တို့က သူ့အား နတ်ဘုရား စီရင်ခြင်း

+

စစ်တပ်၏ ကြောက်မက်ဖွယ်ရာ အစွမ်းကို
ပြခဲ့ဖူးသည်ကို မှတ်မိလာခဲ့သည်။

အားလပ်ကွင်းက ဘုရားကျောင်းနှင့်
ဆက်သွယ်နေခြင်း ဖြစ်နိုင်သလော။

သူ၏ ရင်အတွင်းမှ ဒေါသများ ထိန်းချုပ်၍ မရနိုင်ပဲ
အလိပ်လိပ် တက်လာလေသည်။

"ရှီဆက်" အေပန်က အော်ခေါ်လိုက်သည်။

ခန်းမ ပြင်ပမှ နိုက်သူရဲကောင်း တစ်ယောက်သည်
ခန်းမအတွင်းသို့ လျင်မြန်စွာ ဝင်လာခဲ့ပြီး

+

ဒူးတစ်ဖက် ထောက်လိုက်သည်။ "အရှင်မင်းမြတ်… ကျွန်တော်မျိုး ဘာများ ဆောင်ရွက်ပေးရမလဲ"

"တောက်ပ မြို့တော်က ကြေးစားတွေ အားလုံးကို ချက်ချင်း ဆင့်ခေါ်လိုက်ပြီး လေးမြားနဲ့ လောက်လွှဲတွေကိုလည်း ယူလာခဲ့ပါ… ငါကမင်းကို အားလ်ကွင်းစံအိမ်ကို မီးရှို့ပစ်စေချင်နေတယ်" သူက အော်ဟစ်လိုက်သည်။ "လူသားတွေပဲ ဖြစ်ဖြစ် မကောင်းဆိုးဝါးတွေပဲ ဖြစ်ဖြစ် ငါက သူတို့အားလုံးကို ပြာပုံတွေ ဖြစ်သွားအောင် မီးရှို့ပစ်ချင်နေတယ်"

"ဒါပေမဲ့… ဒါက အတွင်းမြို့ ဖြစ်နေပါတယ်" နိုက်သူရဲကောင်းက အနည်းငယ် ချီတုံချတုံ

+

ဖြစ်သွားပြီးမှ ပြောလိုက်သည်။ "တကယ်လို့
မီးတောက်က အရမ်း ကြီးမားသွားရင် ထိန်းချုပ်ဖို့
ခက်လိမ့်မယ်လို့ ကျွန်တော်က ထင်နေပါတယ်"

"ပါးစပ်ပိတ်ပြီး ငါပြောတဲ့ အတိုင်း လုပ်ပါ"
အေပန်က ဟိန်းဟောက် ပြောဆိုလိုက်သည်။
"တကယ်လို့ သူ့ကို မီးမရှို့နိုင်ခဲ့ရင် မင်းကလည်း
ငါ့ကို ပြန်လာတွေ့ဖို့ မလိုတော့ဘူး"

နတ်ဘုရား စီရင်ခြင်း စစ်တပ်ကပင် သူတို့ထက်
အဆပေါင်း ရာနှင့်ချီကာ များပြားပြီး လေးမြားများ
တပ်ဆင်ထားသော ပြိုင်ဘက်နှင့် ရင်ဆိုင်ခဲ့ရပါက
အနိုင်ရရန် အခွင့်အရေး မရှိနိုင်ပေ။ အကယ်၍
သူတို့သည် ဘုရားကျောင်းနှင့် ပူးပေါင်း

+

ကြုံစည်နေခဲ့ပါက သေမင်းနှင့်သာ
ရင်ဆိုင်ရပေလိမ့်မည်။

.........

နောက်တစ်ရက်တွင် အရဏ်ဦး နိုင်ငံ ဘုရင်သည်
ယမန်ညတွင် ပြင်ဆင်ထားသော ကြေးစားစစ်သည်
တစ်အုပ်စုလုံးသည် အားလပ်စံအိမ်သို့
မရောက်ခင်၌ပင် အသုတ်သင်ခံလိုက်ရကြောင်း
သတင်း ရရှိခဲ့ပြန်သည်။

မြင့်တက်နေမင်း ရိပ်သာလမ်းသို့ ဖြတ်သန်းနေစဉ်
အချိန်တွင် ကြေးစားတပ် တစ်ခုလုံးသည်
ကျွမ်းဘားအဖွဲ့ တစ်ခု၏ တိုက်ခိုက်မှုကို ခံခဲ့ရသည်။

+

သူသည် သူ့ဝန်ကြီး၏ တင်ပြချက်ကို
နားကြားမမှားဟု သေချာအောင် နှစ်ခါ
ပြန်မေးခဲ့ရသည်။

လမ်းပေါ်တွင် ကပြ ဖျော်ဖြေနေခဲ့သော ကျွမ်းဘား
အဖွဲ့သည် ကပြ ဖျော်ဖြေမှု အလယ်၌ပင်
ကြေးစားများအား ရုတ်တရက် တိုက်ခိုက်ခဲ့ပြီး
ကြေးစားများသည် အငိုက်မိသွားသဖြင့်
အကြီးအကျယ် အထိနာသွားခဲ့သည်။
ကြည့်ရသည်မှာ ထိုသရုပ်ဆောင်များသည်
အားလ်ကွင်း၏ အစောင့်များကဲ့သို့ပင်
တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။

+

သို့သော်လည်း ဤတစ်ခေါက်တွင်မူ သူတို့၏
လက်အတွင်းမှ လက်နက်များသည် ကြံ့ခိုင်ကျပန်း
အကျိုးအပဲ့များ မဟုတ်ကြတော့ပဲ ယခင်
မြို့စောင့်တပ်မှ ရယူထားသော ဓားမြှောင်များ၊
သံတူများနှင့် သစ်သားဒိုင်းတို့ကို
ကိုင်ဆောင်ထားကြလေသည်။

## စာစဉ် ၆၃ : အပိုင်း ၇

## အပိုင်း ၉၃၇ : အဆိပ်ဆူး တစ်ချောင်း

+

ရက်အနည်းငယ် အကြာတွင် အခြေအနေသည်
လျင်မြန်စွာ ပြောင်းလဲသွားသဖြင့် လူအားလုံး၏
မျှော်လင့်ချက်များထက် ကျော်လွန်သွားခဲ့သည်။

ဘုရင့်မြို့တော် အတွင်းမှ လူများသည်
သူတို့အနေဖြင့် ဤကဲ့သို့သော မြင်ကွင်းမျိုးကို
မြင်ခဲ့ရလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားကြပေ။
မိုရာ တော်ဝင် မိသားစုအား နှစ်ရာနှင့်ချီ၍
အလုပ်အကျွေး ပြုလာခဲ့သော ကွင်းမိသားစုသည်
အေပန် မိုရာအား ပေါ်ပေါ်ထင်ထင်ပင်
ဆန့်ကျင်ခဲ့လေသည်။

ထိုအရာသည် လျှို့ဝှက်စွာ ပူးပေါင်း ကြံစည်ခြင်း
မဟုတ်ခဲ့သလို အရပ်သားများ နားမလည်နိုင်သည့်

+

မှုးမတ် မိသားစုများ အကြားမှ အကျိုးအမြတ်
ပဋိပက္ခ ဖြစ်ခြင်းမျိုးလည်း မဟုတ်ခဲ့ပဲ
အရာအားလုံးတို့က သိသာ ထင်ရှားနေခဲ့သည်။

တောက်ပမြို့တော်မှ ဝန်ကြီးချုပ်သည်
အားလုံးရှေ့သို့ ထွက်လာပြီး အရည်အချင်း
မပြည့်ဝသည့် မင်းဆိုးမင်းညစ်၏ အုပ်ချုပ်မှုကို
ဖယ်ရှားကာ အရုဏ်ဦး နိုင်ငံအတွက်
တောက်ပသော အနာဂတ်ကို
ယူဆောင်လာပေးမည်ဟု သူ၏
ရည်ရွယ်ချက်များကို အတိအလင်း ကြေညာခဲ့သည်။

သူ၏ မိန့်ခွန်း အတွင်းတွင် အားလ်သည် မြို့တော်၏
ကျဆင်းလာမှု လက္ခဏာများနှင့် ဘုရင်အသစ်၏

+

တစ်နှစ်ကျော်မျှ ဗိုလ်ကျ အုပ်ချုပ်ခဲ့မှုတို့ကို ရေရေလည်လည် ရှင်းပြထားခဲ့ပြီး အရဏ်ဦး နိုင်ငံ၏ နိမ့်ပါးလာမှုအား တိကျသော သက်သေ သာဓကများဖြင့် ဖော်ပြခဲ့သည်။

တိုင်းပြည်အား မည်ကဲ့သို့ အုပ်ချုပ်နေသည့် အတွင်း အချက်အလက်များကို မည်သည့် မှူးမတ်ကမှ လူအများအား ချပြဖူးခြင်း မရှိခဲ့ပဲ စကားပြောခဲ့သူမှာ ဘုရင်အား ဆယ်စုနှစ် တစ်ခုကျော် အလုပ်အကျွေး ပြုခဲ့သည့် ဝန်ကြီးချုပ် ဖြစ်နေသဖြင့် သူ၏ လုပ်ဆောင်ချက်များကို အများပြည်သူတို့က အကြိတ်အနယ် ဆွေးနွေးခဲ့ကြသည်။

+

စီးပွားရေး အဖွဲ့အစည်းများ၏ လေလံအိမ်များမှ စ၍ အနက်ရောင် လမ်းများမှ အရက်ဆိုင်များ တိုင်အောင် လူအားလုံးနီးပါးတို့က ဤအကြောင်းကို ပြောဆိုနေခဲ့ကြသည်။

"မနှစ်က ဆင်းရဲသား ရပ်ကွက်တွေ အတွင်းမှာ လူရာနဲ့ချီပြီး ငတ်မွတ် သေဆုံးသွားကြတယ် ဆိုတာကို ငါက ကြားခဲ့တယ်... လက်စသတ်တော့ ဒါက အပြင်မြို့တွေမှာ စိုက်ပျိုးနိုင်တဲ့ လယ်ယာမြေတွေ လျော့ကျသွားခြင်းကြောင့် ဖြစ်ခဲ့တာပဲ"

"အမှန်အတိုင်း ပြောရရင် အပြင်မြို့တွေမှာ လူတွေက ဒီထက်ပိုပြီးမှ သေခဲ့ကြသေးတယ်...

+

နန်းတော်နယ်မြေ တိုးချဲ့မှုအတွက် လယ်မြေတွေကို သိမ်းပိုက်ခဲ့တဲ့ အရှင်မင်းမြတ်ရဲ့ ဆုံးဖြတ်ချက်ဟာ မှားယွင်းနေခြင်း မရှိပေမဲ့ စုဆောင်းထားတဲ့ သီးနှံ အရေအတွက်က ဖြည်းဖြည်းချင်း နည်းပါးလာတယ်လို့ အားလ်က ပြောခဲ့တယ်... ငါတို့က ဘာလုပ်သင့်သလဲ"

"လတ်တလောမှာ အစာ ဈေးနှုန်းတွေက အများကြီး တက်လာတာ အဆန်းတော့ မဟုတ်ပါဘူး"

"နယ်စွန်နယ်ဖျား မြို့တွေက လယ်သမားတွေဟာ စစ်တပ်အတွင်းကို မဝင်မနေရ ဝင်ခဲ့ရတယ်လို့ ငါက ကြားခဲ့တယ်... အခုအချိန်မှာ စစ်တပ်က

+

ရှုံးနိမ့်သွားခဲ့တော့ လူအနည်းငယ်သာ
ပြန်လာနိုင်ခဲ့တယ်"

"ဒါက စားနပ်ရိက္ခာ ဈေးနှုန်းတွေက
ပိုတက်လာမယ်လို့ ဆိုလိုနေတာ မဟုတ်ဘူးလား"

"အိုး… ငါတို့က ဒီတစ်နှစ် မိစ္ဆာမြူးသောလမှာ
အစာမငတ်ပါစေနဲ့လို့ပဲ ဆုတောင်းရမှာ ဖြစ်တယ်"

"ဘာလဲ… မင်းက အားလ်ကွင်းကို
ထောက်ခံချင်နေတာလား… သူက သူ့ကို
ထောက်ခံခဲ့ရင် တောက်ပမြို့တော် အတွင်းမှာ
အစာအတွက် စိတ်ပူနေစရာ မလိုတော့ပဲ
အနာဂတ်မှာ လူအားလုံးဟာ အစာရေစာ

+

လုံလောက်အောင် ရနိုင်လိမ့်မယ်လို့
ကတိပေးထားခဲ့တယ်"

"ဟေး… ငါက ဒီလို မပြောခဲ့ပါဘူး"

ဤဆွေးနွေးချက်များနှင့် အတူ ဝန်ကြီးချုပ်၏
စကားများသည် တောက်ပမြို့တော် အတွင်းတွင်
လျှင်မြန်စွာဖြင့် ပျံ့နှံ့သွားလေသည်။

ဤဝါဒဖြန့်မှု အတွင်းမှ အကြောင်းအရာများကို
လူအများက သံသယ ဝင်နေခဲ့ကြပြီး ပဋိပက္ခ
ကိုယ်တိုင်က သူတို့၏ အာရုံများကို
ဆွဲဆောင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

+

မဟာ မှူးမတ်များနှင့် မိုရာ တော်ဝင် မိသားစုတို့
အကြားမှ ပဋိပက္ခများကို သူတို့က
ဘယ်နှစ်ကြိမ်ခန့်သာ ကြုံတွေ့ဖူးကြပါသနည်း။

အများပြည်သူများ အနေဖြင့် အရက်ဆိုင်များတွင်
မှူးမတ်များ အကြားမှ ချဲ့ကား ပြောဆိုနေကြသော
ကောလာဟလများကိုသာ ကြားခဲ့ရပြီး
ဤရက်များသည် သူတို့အတွက် စိတ်လှုပ်ရှားစရာ
ဖြစ်နေခဲ့သည်။

ဤအရာသည် ပြဇာတ်ခင်းနေရုံ သက်သက်
မဟုတ်ပဲ အမှန်တကယ် ပုန်ကန် တော်လှန်ခြင်းပင်
ဖြစ်လေသည်။

+

ဘုရင်အေပန်သည် ဘာမှမဖြစ်သလို နေနေခြင်း
မရှိပဲ အားလ်ကွင်းအား ဟန့်တားနိုင်ရန်
အုပ်စုများစွာ စေလွှတ်ခဲ့သော်လည်း
ရှုံးနိမ့်မှုများဖြင့်သာ ကြုံတွေ့ခဲ့ရသည်။
အားလ်ကွင်းသည် ထင်မှတ်မထားနိုင်သည့်
အားသာချက်ကို ပိုင်ဆိုင်လာခဲ့ပြီး
မယုံနိုင်လောက်အောင် အစွမ်းထက်သည့်
အစောင့်များသည် သူ၏ မဖြိုခွဲနိုင်သည့်
ဒိုင်းဖြစ်လာခဲ့သည်။

သူတို့သည် အရေအတွက် များစွာ
ကွာခြားနေသော်လည်း ဘုရင်၏ တပ်ဖွဲ့များကို
အနိုင်ယူနိုင်ခဲ့ရုံသာ မက အဖွဲ့ဝင်
ဆယ်ယောက်ကျော်မှ လေးငါးဆယ် အထိ
တိုးပွားလာခဲ့သေးသည်။

+

ပို၍ စိတ်လှုပ်ရှားစရာ ကောင်းသည့် အချက်မှာ အားလ်က သူ၏ အစီအစဉ်များကို တိုက်ရိုက် ရှင်းပြခဲ့ခြင်းပင်တည်း။ သူသည် အရုဏ်ဦး ဘုရင်က ထီးနန်း စွန့်လွှတ်သည် အထိ သို့မဟုတ် သူ့အား နန်းချနိုင်သည့် အချိန်အထိ နေ့စဉ်နေ့တိုင်း ရဲတိုက်ခရိုင်ထံသို့ မီတာနှစ်ရာ ရှေ့တိုးသွားမည် ဖြစ်သည်။

အခြား စကားလုံးများဖြင့် ပြောရလျှင် ထိပ်တိုက် ရင်ဆိုင်မှုသည် ငါးရက် ပတ်ဝန်းကျင် အတွင်းတွင် အဆုံးသတ်သွားပေလိမ့်မည်။

.........

+

"ဘန်း... ဘန်း..."

အေပန်သည် စားပွဲပေါ်မှ အရာအားလုံးကို ကော်ဇောအပေါ်သို့ ပစ်ပေါက်လိုက်ရာ နူးညံ့သော အခန်းသည် ရှုပ်ပွသွားခဲ့သည်။ သို့သော်လည်း ဤအရာသည် သူ၏ ဒေါသများကို ငြိမ်းစေခဲ့ခြင်း မရှိခဲ့ပေ။

"သေလိုက်လေ... ငါက မြို့ပြင်က နယ်မြေတွေကို ဘယ်တုံးက သိမ်းပိုက်ခဲ့လိုလဲ... ဒါက ငါ့အဖေ သူ့ကို စုံစမ်းစစ်ဆေးဖို့ အမိန့်ပေးခဲ့တဲ့ ပြဿနာပဲ မဟုတ်လား... ယဉ်ကျေးမှု မရှိတဲ့ တောရွာတွေက ပြဿနာကို သူက ဘာဖြစ်လို့ ငါ့အပေါ်

+

ပုံချရဲ့ရတာလဲ… ဒါက ရိုလန် ဝင်ဘယ်ဒန်ရဲ့ အမှားတွေပဲ"

သူက ဟိန်းဟောက်လိုက်သည်။ "သူတို့ကို သတ်ခဲ့တာ ငါမဟုတ်ပဲ သူ့ရဲ့ စုန်းမတွေသာ ဖြစ်တယ်"

"အရှင်မင်းမြတ်… ကျေးဇူးပြုပြီးမှ ဒေါသထိန်းပါ…" ဝန်ကြီးနှင့် နိုက်သူရဲကောင်း ခေါင်းဆောင်က ဖျောင်းဖျလိုက်သည်။ "အခုအချိန်မှာ အရေးအကြီးဆုံးက ဟော်ဖော့ကွင်းရဲ့ မောက်မာမှု အတွက် ဆုံးမနိုင်ဖို့ သူ့ရဲ့ ခြေလှမ်းတွေကို ရပ်တန့်ဖို့ပဲ ဖြစ်ပါတယ်… တိုင်းပြည်အတွင်းက

+

မှူးမတ်တွေဟာ အရှင့်ရဲ့ လှုပ်ရှားမှုကို စောင့်နေကြပါတယ်"

"ငါတို့က သူတို့ကို အစကတည်းက ထောင်ထဲ ထည့်လိုက်ရမှာ" အေပန်က အမျက်တကြီးဖြင့် တွေးနေရင်း မေးလိုက်သည်။ "ငါတို့မှာ အခု လူဘယ်လောက် ကျန်သေးလဲ"

"နန်းတော် အတွင်းမှာ နိုက်သူရဲကောင်း၊ သက်တော်စောင့်နဲ့ ကြေးစားတွေ စုစုပေါင်း ၁၅၀၀လောက် ကျန်ပါသေးတယ်... တကယ်လို့ ကျေးကျွန်နဲ့ အစေခံတွေကိုပါ ထည့်တွက်လိုက်ရင် လူ၂၀၀၀လောက် ရနိုင်ပါတယ်" နိုက်သူရဲကောင်းက ပြန်ဖြေလိုက်သည်။

+

"ရဲတိုက်ခရိုင် ပြင်ပမှာ ကျောက်တုံးနံရံက ရန်သူတွေကို ဟန့်တားနိုင်ပါတယ်... သူက မြို့ရိုးလောက် မထူထဲပေမဲ့ ခံနိုင်ရည် မြင့်မားပြီး များစွာ လေ့ကျင့်ထားခြင်း မရှိရင်တောင် သူ့အပေါ်ကနေပြီး ရန်သူတွေကို အလွယ်တကူ သတ်ဖြတ်နိုင်ပါတယ်"

အစ မူလတွင် သူသည် အခြား မှူးမတ်များကို ဖြေရှင်း၍ မပြီးခင် သူ့လက်တွင်းမှ ဖဲချပ်များကို မပြလိုခဲ့ပေ။ အထူးသဖြင့် နန်းတော်အစောင့်များသည် နိုက်သူရဲကောင်းများ နီးပါး သန်မာပြီး သွားအထိ ချပ်ဝတ်တန်ဆာများကို တပ်ဆင်ထားပေးချိန်တွင် ဖြစ်သည်။

+

သူသည် သူ့ဖခင် မသေခင်ကတည်းက သူတို့အား ပျိုးထောင်ထားခဲ့ခြင်း ဖြစ်သော်လည်း ယခုအချိန်တွင် သူတို့အား နန်းတော်အား ကာကွယ်ရန် အသုံးပြုရပေတော့မည်။

"ဘဏ္ဍာတိုက် အတွင်းက သေတ္တာတွေကို ထုတ်ယူလာပြီး အစေခံတွေကို သူတို့က မကောင်းဆိုးဝါး တစ်ကောင်ကို သတ်နိုင်ခဲ့တာနဲ့ ရွှေပြားတစ်ရာ ဆုလာဘ် ရရှိမယ်လို့ ပြောလိုက်ပါ" အေပန်က အံကို ကြိတ်နေရင်း ပြောလိုက်သည်။

"တကယ်လို့ သူတို့က ပုန်ကန်မှုကို ဟန့်တားနိုင်ခဲ့ရင် ငါက သူတို့ကို ဘွဲ့ထူးနဲ့

+

နယ်မြေတွေ ပေးမှာ ဖြစ်ပြီး သူတို့မှာ ရှိပြီးသား ဆိုရင်လည်း ရာထူးတိုးပေးမှာ ဖြစ်တယ်"

"မှန်လှပါ"

ဘုရားကျောင်းမှ နတ်ဘုရား စီရင်ခြင်း စစ်သည်တော်များသည် ခားပြီး လုံပြီးသူများ မဟုတ်ပဲ ထိုအရာကို သူက သန့်စင်စုန်းမများမှ တဆင့် အတည်ပြုပြီးသား ဖြစ်သည်။ မကောင်းဆိုးဝါးများသည် အစွမ်းထက်လှသော်လည်း ကျောက်တုံးနံရံ တစ်ခုလုံးကို လက်ချင်းသက်သက်ဖြင့် ဖြိုခွဲနိုင်လိမ့်မည် မဟုတ်ချေ။

+

ဤမကောင်းဆိုးဝါးများ၏ အရေအတွက်
တိုးပွားလာခြင်းသည် အားလပ်ကွင်း ကစားနေသည့်
လှည့်ကွက်ပင် ဖြစ်ရပေလိမ့်မည်။ သူသည်
သူတို့အား တစ်နေရာရာတွင် ပုန်းအောင်းစေခဲ့ပြီး
နောက်ပိုင်းမှ ကူညီသူများ ပိုမို ရလာသည်ဟု
ဟန်ဆောင်နေခြင်းပင် ဖြစ်မည်။

တောက်ပမြို့တော် အတွင်းတွင် ဤမျှအထိ
ခက်ထန်သော သူရဲကောင်းများစွာ ရှိနေပြီး
ယခုအချိန်မှသာ ပေါ်လာကြသည်ဟု မည်သည့်
မှူးမတ်ကမှ ယုံကြည်ကြလိမ့်မည် မဟုတ်ချေ။
တုံးအသော အရပ်သားများကသာ ထိုအရာကို
ယုံကြည်ကြလိမ့်မည် ဖြစ်သော်လည်း သူတို့၏
အထင်အမြင်က အခြေအနေ အပေါ်တွင်
အနည်းငယ်သာ သက်ရောက်မှု ရနိုင်လေသည်။

+

"ဟော်ဖော့က တခြား မှုးမတ်တွေရဲ့ ထောက်ခံမှုကို ရပြီးသွားပြီလား" အေပန်က သူ့ဝန်ကြီးထံ လှည့်၍ မေးလိုက်သည်။

ဝန်ကြီးက ချက်ချင်းပင် ကသိကအောင် ဖြစ်သွားကာ ပြန်ဖြေလိုက်သည်။ "အင်း... ပြောရရင်..."

"ပြော"

"'အနက်ရောင် ပိုက်ဆံ'ဟာ အားလ်ကွင်းနဲ့ လာရောက် ဆက်သွယ်ခဲ့တယ်လို့ ကောလာဟလ

+

ပျံ့နေပေမဲ့ အခြေအနေ အသေးစိတ်ကိုတော့ အတိအကျ မသိရသေးပါဘူး"

"လောဘကြီးတဲ့ ဒီဝံပုလွေတွေကတော့ကွာ" အေပန်က သူ၏ လက်သီးကို ဆုပ်ထားရင်း အမျက်တကြီးဖြင့် ပြောလိုက်သည်။ "ငါ့အဖေက သူတို့ရဲ့ မြေအောက်ဂူကို ဈေးကွက် တစ်စိတ်တစ်ပိုင်း အဖြစ်သာ သတ်မှတ်ထားခဲ့တယ်… ငါ့အမြင်အရ ငါက သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို အစောကတည်းက ဘဏ္ဍာတော် အဖြစ် သိမ်းဆည်းလိုက်ရမှာ"

သို့သော်လည်း သူသည် အမျက်ထွက်နေရုံမှ လွဲ၍ ဘာမှ မတတ်နိုင်သည်ကို သူကိုယ်တိုင်က

+

သိနေခဲ့သည်။ အနက်ရောင် ပိုက်ဆံအား တည်ထောင်ထားသူများသည် တောက်ပမြို့တော်မှ ချမ်းသာ ကြွယ်ဝသော စီးပွားရေး သမားများ ဖြစ်နေကြပြီး သူတို့၏ အဆင့်အတန်းသည် မဟာ မှူးမတ်များထက် မနိမ့်နေကြပေ။

ထို့အပြင် မိုရာ မိသားစု စုဆောင်းထားသည့် ချမ်းသာကြွယ်ဝမှုများ၏ ကြီးမားသော အစိတ်အပိုင်း တစ်ခုသည် ထိုလူများထံမှ လာခဲ့ခြင်း ဖြစ်သည်။

"ဒါ့အပြင် တိုကတ် မိသားစုက ကွင်းမိသားစုကို ပေါ်ပေါ်ထင်ထင်ပဲ ထောက်ခံခဲ့ပါတယ်" ဝန်ကြီးက တံတွေးမျိုချကာ ပြောလိုက်သည်။ "ဒါပေမဲ့

+

အရှင်မင်းမြတ်… ကျေးဇူးပြုပြီးမှ စိုးရိမ် မနေပါနဲ့…
လော်ရီး မိသားစုက ဟော်ဖော့ကွင်းရဲ့
ဖိတ်ခေါ်ချက်ကို အကြိမ်ပေါင်းများစွာ
ပယ်ချခဲ့တယ်လို့ ကျွန်တော်က ကြားခဲ့ပါတယ်"

"ဒါတွေက ငါ့အဖေ အရမ်း ဂုဏ်ယူခဲ့တဲ့ မိသားစု
သုံးခုလား…" အေပန်မိုရာက နှာခေါင်းရှုံ့၍
တွေးလိုက်သည်။ "အခုအချိန်မှာ
သူတို့နှစ်ယောက်ဟာ သစ္စာဖောက်တွေ
ဖြစ်သွားကြပြီး ခြံစည်းရိုးမှာ ထိုင်နေကြတဲ့
မှူးမတ်ငယ်တွေထက်တောင် ပိုမြန်သေးတယ်…
နောက်ဆုံး မိသားစုက
မလှုပ်ရှားခဲ့သေးတာကလည်း အိုတိုလော်ရီးက
ငါ့လက်ထဲမှာ ရှိနေတာကြောင့်ပဲ ဖြစ်ရမယ်"

+

သို့သော်လည်း ထိုအရာက သူ၏ လက်နက် ဖြစ်လာနိုင်သည်။

"တကယ်လို့ အားလ်လော်ရီးက သူ့ရဲ့ အပြစ် ကင်းစင်မှုကို သက်သေပြချင်နေတယ် ဆိုရင် ချက်ချင်းပဲ သူ့ရဲ့ နိုက်သူရဲကောင်းတွေနဲ့ နိုက်သူရဲကောင်း အလုပ်သင်တွေကို ခေါ်ပြီး နန်းတော်ကို ကာကွယ်ဖို့ လာခဲ့ပါလို့ သွားပြောလိုက်ပါ" အေပန်က အေးစက်စွာဖြင့် ပြောလိုက်သည်။ "မဟုတ်ရင်... ငါက သစ္စာဖောက်တဲ့ မိသားစုကို ဘာညှာတာမှုမှ ပြနေမှာ မဟုတ်ဘူးလို့ ပြောလိုက်ပါ"

+

"အခုပဲ လုပ်လိုက်ပါမယ်" ဝန်ကြီးက လျင်မြန်စွာ ပြန်ပြောလိုက်သည်။

လေးနာရီ အကြာတွင် အရက်ဦး ဘုရင် အနေဖြင့် အားလ်လော်ရီးသည် သူ၏ တောင်းဆိုချက်များကို သဘောတူခဲ့သည် ဟူသော သတင်းကို ရရှိခဲ့သဖြင့် သူ၏ ဒေါသများက အနည်းငယ် ပြေသွားခဲ့သည်။ နောက်ဆုံးတွင် သတင်းဆိုးများ အကြားမှ ကောင်းမွန်သော သတင်းတစ်ခုအား ရရှိနိုင်ခဲ့လေပြီ။

အေပန်အနေဖြင့် လော်ရီး၏ နိုက်သူရဲကောင်းများကို များစွာ ဂရုစိုက်နေခြင်း မရှိပေ။ အရေးကြီးသည့် အချက်မှာ မိသားစု သုံးခု၏

+

လူငယ် မျိုးဆက်များသည် မိတ်ဆွေရင်းများ ဖြစ်နေကြသည်ကို သူက ကောင်းစွာ သိနေခဲ့သည်။

အကယ်၍ ဘုရင်အား ဆန့်ကျင်ခဲ့ပါက သူတို့အနက်မှ တစ်ယောက်က သေရမည်ကို သိနေခဲ့လျှင် သူတို့သည် မိသားစု၏ အမိန့်ကို နာခံနိုင်ဦးမည်လောဟု သူက တွေးနေခဲ့သည်။

ထိုအရာသည် ဖယ်ရှားနိုင်ခြင်း မရှိသော အဆိပ်ဆူး တစ်ချောင်း ဖြစ်နေမည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

+

မကြာမီပင် ဝန်ကြီးချုပ် ဟောင်ဖော့ကွင်း
ကြေညာထားသော သတ်မှတ်ချိန်က
ရောက်ရှိလာခဲ့လေသည်။

## စာစဉ် ၆၃ : အပိုင်း ၈

## အပိုင်း ၉၃၈ : ပထမဆုံး ပစ်ခတ်မှု

အရှေ့ဖက်ဦး၏ အလင်းတန်းသည် မြို့ရိုးပေါ်နှင့်
ဘုရင့်မြို့တော်၏ အတွင်းမြို့ အတွင်းသို့
ကျဆင်းလာသည့် အချိန်တွင် မြို့တော်အတွင်းမှ
နေရာတိုင်းတွင် စပ်စုလိုသော လူများဖြင့်
ပြည့်နှက်နေသည်ကို တွေ့ခဲ့ရသည်။

+

တောက်ပမြို့တော် အတွင်းတွင် တစ်ခါမှ ဤမျှအထိ စည်ကား သိုက်မြိုက်ခဲ့ခြင်း မရှိခဲ့ဖူးပေ။

ဤအရာသည် ချမ်းသာ ကြွယ်ဝသော ကုန်သည်များ မှူးမတ်များနှင့်သာ သက်ဆိုင်သော ကုန်စည်ပြပွဲများနှင့် မတူညီပဲ မြို့တွင်းမှ လူအားလုံး အတွက် ပွဲတော်တစ်ခုနှင့် တူနေခဲ့သည်။ သူတို့သည် မူလတွင် အထက်တန်း အလွှာနှင့် ဆက်သွယ်မှုများ မရှိခဲ့ပဲ အနိမ့်ဆုံး အဆင့် မှူးမတ်ဖြစ်သည့် နိုက်သူရဲကောင်းများကပင် သူတို့ထက် များစွာ အဆင့်မြင့်နေခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် သူတို့အနေဖြင့် အမြင့်ဆုံး အဆင့်မှ စွမ်းအား အပြောင်းအလွဲကို

+

မြင်တွေ့နိုင်သည့် အခွင့်အရေးကို ရနိုင်ခဲ့ပြီ ဖြစ်သည်။ အထူးသဖြင့် သူတို့က အားလက်ကွင်း၏ အဖွဲ့၏ အနောက်မှ လိုက်ပါလာကြချိန်တွင် သူတို့ကလည်း ပြောင်းလဲမှုကို ပြုလုပ်နေကြသည်ဟု ထင်ယောင်ထင်မှား ဖြစ်နေကြသည်။

ယခုအချိန်၌ လူအချို့သည် 'နိုင်ငံတော်အား သစ္စာဖောက်သည်' ဟူသော စကားလုံး အစား 'ထီးနန်းအတွက် တိုက်ခိုက်သည်' ဟူ၍ပင် သုံးနှုန်းနေကြပြီ ဖြစ်သည်။

+

ဤတိုက်ပွဲသည် မည်သူက အရဏ်ဦး နိုင်ငံ၏
အုပ်ချုပ်သူ ဖြစ်သည်ဆိုသည့် ပြတ်သားသော
အဖြေတစ်ခုကို ပေးနိုင်လိမ့်မည် ဖြစ်သည်။

"ကြည့်ရတာ အားလုံးတို့ရဲ့ မျက်လုံးထဲမှာ ခင်ဗျားရဲ့
ဂုဏ်သိက္ခာက အတော်လေး မြင့်မားနေတာပဲ"
အားလ်ကွင်းနှင့် မြင်းဘေးချင်းယှဥ် စီးနေသော
ဟေးဖော့ခ်က ပြောလိုက်သည်။ "ခင်ဗျားက
ရဲတိုက်ခရိုင်ကို သိမ်းပိုက်ပြီးတဲ့ အထိ
လူထုအမြင်က ပြောင်းဦးမှာ မဟုတ်ဘူးလို့ ကျုပ်က
ထင်နေခဲ့တာ"

"ကျုပ်က မြို့စောင့်တပ်ကို ပြန်လည် ဖွဲ့စည်းခဲ့ပြီး
ကျုပ်ဘဝ သက်တမ်းတစ်ဝက်လောက်

+

ပြည်တွင်းရေး ကိစ္စတွေကို စီမံခန့်ခွဲခဲ့မှုကြောင့် ဖြစ်ပါလိမ့်မယ်" အားလ်အိုက သက်ပြင်းတစ်ချက် ချ၍ ပြောလိုက်သည်။ "ဒါကလည်း ခင်ဗျား ဆက်ကပ် ကပြနေတဲ့ အချိန်မှာ စုဆောင်း ရရှိခဲ့တဲ့ သတင်းပဲလား"

ဟေးဖော့ခ်သည် ဘာဘွဲ့ထူးမှ မရှိပဲ ကပြ ဖျော်ဖြေသည့် ကျွမ်းဘား အဖွဲ့ဝင် တစ်ယောက်၏ အဆင့်အတန်းသည် သာမန် လူလွတ် တစ်ယောက်ထက်ပင် နိမ့်ကျနေသော်လည်း ဟော်ဖော့သည် သူ့အား အထင်မသေးရဲခဲ့ပေ။

အန်ဒရီယာ၏ အဆိုအရ ဟေးသည် မီးခိုးရောင် ရဲတိုက် ဘုရင်၏ တကယ့် ကိုယ်စားလှယ်

+

အစစ်ဖြစ်ပြီး သံအမတ် ယော်ကိုထက်ပင် ပို၍ အဆင့်အတန်း မြင့်မားသေးသည်။ ယော်ကိုက ပြန်သွားခဲ့အပြီးတွင် ဟေးသည် လိုက်မသွားခဲ့ပဲ ကျွမ်းဘားအဖွဲ့ တစ်ခုဖြင့် လှည့်လည် ဖျော်ဖြေခဲ့သည်။ ဤနည်းဖြင့် သူသည် သူ့ကိုယ်သူ ဖုံးကွယ်နိုင်ခဲ့ပြီး မြို့အနှံ့တွင် နားများ မျက်စိများကို ဖြန့်ကျက်နိုင်ခဲ့သည်။

ဤမှုအထိ ကျွမ်းကျင် လိမ္မာပြီး ရိုလန်၏ ကြီးမားစွာ ယုံကြည်ခြင်း ခံရသောသူ တစ်ယောက်နှင့် ဆက်ဆံရာတွင် သူသည် အားလ်တစ်ယောက် ဖြစ်နေသော်လည်း ရိုသေ လေးစားမှုကို ပြသရပေလိမ့်မည်။

+

ထို့အပြင် သူသည် ဤအချိန်၌ သူ၏ အကူအညီကို လိုအပ်နေခဲ့သည်။

"အများပြည်သူရဲ့ ဆန္ဒက တကယ်ပဲ အမတန် အရေးကြီးလှပါတယ်… အရှင်" ဟေးက ခေါင်းညိတ်လိုက်သည်။ "မဟာ မျုးမတ်တွေရဲ့ မျက်လုံးအတွင်းမှာ သူတို့ဟာ အရေးမပါတဲ့ သဲမှုန်တွေ ဒါမှမဟုတ် အခွန် ကောက်ခံဖို့ သိုးတွေလို့သာ မြင်နေပေမဲ့ တစ်ခါတစ်ရံမှာ သဲတွေက လူတွေကို ဖုံးအုပ်သွားနိုင်ပြီး သိုးတွေဟာ သိုးကျောင်းသားကို ဖျက်ဆီးနိုင်စွမ်း ရှိပါတယ်"

+

"တကယ်လို့ ဒီအရာက ဆောင်းမဲ့မြို့တော်မှာ ဖြစ်ပျက်ခဲ့ရင် ရလဒ်က လုံးဝကို ကွဲပြား ခြားနားနေမယ်လို့ ကျွန်တော်က ထင်နေပါတယ်"

"မင်းရဲ့ အမြင်အရ အဲ့လိုဆိုရင် ဘယ်လို ဖြစ်လိမ့်မယ်လို့ ထင်နေသလဲ" ဝန်ကြီးချုပ်၏ ဘေးတွင် စီးနင်းလာသည့် အားလ်တိုကတ်က စိတ်ဝင်တစားဖြင့် မေးလေသည်။

"ဒီလိုမျိုး အရိပ်အယောင် တစ်ခု ပေါ်လာပြီ ဆိုတာနဲ့ အရှင်မင်းမြတ်က ဘာမှ မလုပ်ရသေးခင်မှာ လူအများဟာ မြို့တော်ခန်းမထံ ပုန်ကန်သူတွေ အကြောင်း တင်ပြပြီး ဖြစ်ပါလိမ့်မယ်" ဟေးက အပြုံးတစ်ခုဖြင့် ပြန်ဖြေလိုက်သည်။

+

"ဟေား... ဆာ" အိုတိုလော်ရှီး၏ မိတ်ဆွေကောင်း ဖြစ်သူ အိုရို တိုကတ်က ချောင်းဆိုးလိုက်ကာ သူတို့ အနောက်မှ လိုက်ပါလာသည့် အဖွဲ့ကို ညွှန်ပြလိုက်သည်။ "ကျွန်တော်တို့ အနောက်မှာ လိုက်လာတဲ့ ကြွက်တွေကို ခင်ဗျားက ဆင့်ခေါ်ထားခဲ့တာလား"

"ကျုပ်က သူတို့ ခေါင်းဆောင်နဲ့ ဆက်သွယ်မှု အနည်းငယ် ရှိနေခဲ့တယ်" ဟေားက ပွင့်လင်းစွာ ပြောလိုက်သည်။ "ခင်ဗျားကရော ဒါနဲ့ ပတ်သတ်ပြီး ဘယ်လို ထင်သလဲ... ဒါဟာ ကျုပ်တို့ အတွက် အရှိန်အဟုန် အများကြီး မြင့်တက်လာစေခဲ့တယ်"

+

ဟုတ်တယ်ဟု အားလ်အိုက တွေးလိုက်သည်။
အနက်ရောင် ပိုက်ဆံထံမှ ရလာသော သားရေ
ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ခဲ့အပြီးတွင်
ကြွက်တစ်ထောင်ကျော် ပါဝင်သော အဖွဲ့သည်
အတော်လေး ဟိတ်ဟန် ကောင်းနေခဲ့သည်။

မဟုတ်ပါက ထူးကဲသော သူရဲကောင်း
အယောက်လေးဆယ်ခန့်နှင့် အားလ်တိုကတ်၏
ကိုယ်ပိုင် အစောင့်များနှင့်သာ ဆိုလျှင်
သူတို့အဖွဲ့သည် ဤမျှအထိ မျက်စိကျဖွယ်
ကောင်းလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ကြွက်များအနေဖြင့် အခြား
နေရာများတွင် အသုံးဝင်လိမ့်မည် မဟုတ်ချေ။

+

ထို့အပြင် မဟာမှူးမတ် တစ်ယောက် အနေဖြင့် သူသည် အနက်ရောင် လမ်းများပေါ်မှ ကြွက်များနှင့် အတူတကွ ချီတက်ရခြင်း အတွက် အနည်းငယ် မသက်မသာ ခံစားနေရပေသည်။

ထို့အပြင် ကြွက်များသည် ကတုံးပေါ် ထိပ်ကွက်သူများ အဖြစ် နာမည်ဆိုးနှင့် ကျော်ကြားကာ သူတို့ ရသင့်သည်ထက် ပိုမို တောင်းဆိုလေ့ ရှိကြသဖြင့် ဟေးသည် သူတို့နှင့် မည်ကဲ့သို့ အပေးအယူများ ပြုလုပ်ခဲ့သနည်း ဆိုသည်ကို အားလ်ကွင်းက စဉ်းစားနေမိသည်။

"သူတို့ ပုန်ကန်မှာကို ခင်ဗျားက မစိုးရိမ်နေဘူးလား" အိုရိုက သူ၏ ခံစားချက်များကို

+

မမျိုသိပ်နိုင်တော့ပဲ မေးလိုက်သည်။ "သူတို့က သစ္စာဖောက်နေကျ ဖြစ်တယ် ဆိုတာကို ခင်ဗျားက သိနေသားပဲ"

"ဒါကတော့ သူတို့က ဘာရနိုင်မလဲ ဆိုတာ အပေါ်မှာ မူတည်တာပေါ့" ဟေးက အားလပ်ကွင်းဘက်သို့ လှည့်လိုက်သည်။

"ကျုပ်က ခင်ဗျားနာမည် သုံးပြီးတော့ သူတို့ကို လွတ်လပ်တဲ့ လူတွေအဖြစ် သတ်မှတ်ပေးမယ်လို့ ကတိပေးထားခဲ့တယ်... တကယ်လို့ ခင်ဗျားက အောင်မြင်စွာနဲ့ အရဏ်ဦး ဘုရင် ဖြစ်လာခဲ့ရင် သူတို့ဟာ မတည်ငြိမ်တဲ့ ဘဝတွေကနေ လွတ်မြောက်ပြီး ခင်ဗျားရဲ့ ကာကွယ်မှု အောက်က

+

တောက်ပမြို့တော်ရဲ့ မြို့သူမြို့သားတွေ ဖြစ်လာကြလိမ့်မယ်"

ဟော်ဖေ့က မအောင့်နိုင်ပဲ မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။ "ကြွက်တွေဟာ တကယ်ပဲ မုန်းဖို့ကောင်းပြီး လူအများရဲ့ ရွံရှာမှုကို ခံနေရပေမဲ့ သူတို့ ပျက်စီးနေရတဲ့ အဓိက အကြောင်းရင်းဟာ အများရဲ့ အသိအမှတ်ပြုခြင်း မခံရလို့ မဟုတ်ပဲ ဆင်းရဲ မွဲတေမှုနဲ့ ငတ်မွတ်မှုတွေ ကြောင့်ပဲ ဖြစ်တယ်"

"တကယ်လို့ ဒါတွေကို မပြောင်းနိုင်ခဲ့ရင် ကျုပ်က သူတို့ကို အတိတ်က အပြစ်တွေ အတွက် ခွင့်လွှတ်ပေးနိုင်ပေမဲ့ သူတို့အတွက် ဘာမှ ထူးမှာ

+

မဟုတ်ပဲ အနေးနဲ့ အမြန် ကြွက်တွေအဖြစ် ပြန်ပြောင်းသွားကြလိမ့်မယ်"

"ဒီလူတွေက ဘဝအသစ် စနိုင်ဖို့ အတွက် စွန့်စားဖို့ လိုလားနေကြတာကြောင့် အပျင်းထူ တုံးအတဲ့လူတွေ မဖြစ်နိုင်ဘူး... သူတို့က အခွင့်အရေး တစ်ခု လိုအပ်နေတာပဲ ဖြစ်လိမ့်မယ်" ဟေးက အမှုမထားဟန်ဖြင့် ပြန်ဖြေလိုက်သည်။

"သူတို့ အကျင့်ပျက်ရတဲ့ အကြောင်းရင်း အနေနဲ့ကတော့... စိတ်ချပါ... အရှင်မင်းမြတ်ရဲ့ သံတမန်တွေ နောက်တစ်ကြိမ် လာခဲ့တဲ့ အချိန်ကျရင် ခင်ဗျား မျှော်လင့်ထားတာထက် အလုပ် အခွင့်အရေး များစွာ ရှိနေမယ် ဆိုတာကို

+

တွေ့ရပါလိမ့်မယ်… အဲ့ဒီ အချိန်ကျရင် သူတို့ ဝမ်းကို သူတို့ ကျောင်းကြမှာ ဖြစ်လို့ ခင်ဗျားအနေနဲ့ စိတ်ပူနေစရာ မလိုတော့ပါဘူး"

ရောမ လူအုပ်ကြီးသည် ဈေးတစ်လျှောက် ဖြတ်လျှောက်လာခဲ့ အပြီး မြင့်တက်နေမင်း ရိပ်သာလမ်းသို့ ဝင်ရောက်ခဲ့သော အချိန်တွင် ရဲတိုက်ခရိုင်၏ နံရံက သူတို့ အရှေ့တည့်တည့် ပေါ်လာခဲ့လေသည်။

ထိုကျောက်တုံး နံရံ၏ အနောက်တွင်မူ မိုရာ မိသားစုတို့ မျိုးဆက်များစွာ နေထိုင်ခဲ့ကြသော နေရာ ရှိနေသည်။

+

အရုဏ်ဦး အလင်းရောင် ကျဆင်းနေသည့် နေရာမှ နန်းတော်နှင့် မျှော်စင်မြင့်တို့အား ကြည့်နေရင်း ဟောင်ဖော့က ရုတ်တရက် စိတ်လှုပ်ရှားလာခဲ့သည်။ သူသည် ဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ ဆယ်စုနှစ် တစ်ခုကျော် ရှိနေပြီ ဖြစ်ပြီး အလှည့်အပြောင်း များစွာကို တွေ့ကြုံခဲ့ပြီး ဖြစ်သည်။

သို့သော်လည်း သူ့သမီးက စုန်းမတစ်ယောက် ဖြစ်လာသည်ကို သိခဲ့သည့် အချိန်နှင့် ဖန်နက်ဆီက ရောဂါဖြင့် သေဆုံးသွားသည့် အချိန်မှ လွဲ၍ သူက ဤမျှအထိ မသက်မသာ ခံစားခဲ့ရခြင်း မရှိပေ။ ယနေ့တွင် သူသည် နယ်မြေအသစ် တစ်ခုသို့ ကျော်ဖြတ်သွားနိုင်မည့် နယ်စပ်တွင် ရောက်နေခဲ့ပြီ ဖြစ်သည်။

+

အစစ်အမှန် အုပ်ချုပ်သူက မီးခိုးရောင် ရဲတိုက်ဘုရင် ဖြစ်ကာ သူသည် နာမည်ခံ ဘုရင်တစ်ယောက်သာ ဖြစ်နေခဲ့မည် ဖြစ်သော်လည်း ကွင်းမိသားစုသည် မှူးမတ်များ၏ ထိပ်ဆုံးနေရာ ဖြစ်သော တိုင်းပြည် တစ်ခု၏ တော်ဝင် မိသားစု ဖြစ်လာခဲ့ပေလိမ့်မည်။

သူသည် သူ့ဘိုးဘေးများ၏ အကြံဉာဏ်ကို နားမထောင်ခဲ့သော်လည်း သူ့မိသားစုကို တောင်ထိပ်အသစ် တစ်ခုသို့ ရောက်အောင် ဆွဲတင်နိုင်ခြေ ရှိနေသည်။

ရှုပ်ထွေးလှသော စိတ်အစုံဖြင့် အားလ်အိုက မအောင့်နိုင်ပဲ မေးလိုက်သည်။ "ကျုပ်သမီးက ဒီတိုက်ပွဲမှာ ပါဝင်ဖို့ တကယ်ပဲ အဆင်ပြေပါ့မလား"

"ဒါပေါ့… ခင်ဗျားက မသိပဲ ရှိနေနိုင်ပေမဲ့ အန်ဒရီယာဟာ ခင်ဗျားရဲ့ ကာကွယ်မှုအောက်ကနေ မထွက်နိုင်တဲ့ သူကောင်း အမျိုးသမီးငယ် တစ်ယောက် မဟုတ်တော့ပါဘူး… သူမဟာ အခုအချိန်မှာ ထူးချွန် ထက်မြက်တဲ့ တိုက်ခိုက်ရေး စုန်းမတစ်ယောက် ဖြစ်နေခဲ့ပြီး ပထမဆုံး ပစ်ခတ်မှုကို ပြုလုပ်မှာ ဖြစ်ပါတယ်" ဟေးက ပြုံး၍ ပြောလိုက်သည်။

+

"နောက်ဆုံး တိုက်ခိုက်မှု အပြီးမှာ ပြောဖို့ ခင်ဗျားရဲ့ မိန့်ခွန်းကို ကျေးဇူးပြုပြီးမှ ပြင်ဆင်ထားပါ… ဒါက ထူးချွန် ထက်မြက်တဲ့ သူရဲကောင်းတွေ၊ ကြွက်တွေအတွက် မဟုတ်ပဲ ကျုပ်တို့နဲ့အတူ ဒီနေရာကို ပါလာတဲ့ လူတွေအတွက်ပါပဲ… သူတို့ကို အရုဏ်ဦး နိုင်ငံရဲ့ ခေတ်သစ်တစ်ခုက စတင်တော့မယ်လို့ ပြောလိုက်ပါ"

………

အန်ဒရီယာသည် ခေါင်းလောင်းမျှော်စင်၏ ထိပ်ဆုံးထပ်တွင် ရပ်နေရင်း နန်းတော်ကို အကဲခတ်နေခဲ့သည်။

+

ဤနေရာသည် တော်ဝင် နန်းတော်၏ ကျောက်တုံးနံရံနှင့် မီတာ ခြောက်ရာကျော် ဝေးနေသော်လည်း သူ့ကို အပေါ်စီးမှ ကြည့်နိုင်သည့် အတွင်းမြို့မှ တစ်ခုတည်းသော နေရာ ဖြစ်သည်။ အဝေးမှနေ၍ ကြည့်ခဲ့သော အခါ လူအများသည် ပုရွက်ဆိတ်များနှင့် တူနေပြီး သူမသည် မဟာ နန်းတော်ကို ပွေ့ဖက်ထားနိုင်တော့မည်ဟု ထင်နေရပေသည်။

ရဲတိုက်ခရိုင် အတွက် ဤနေရာသည် လုံးဝကို လုံခြုံ စိတ်ချရသော အကွာအဝေး တစ်ခု ဖြစ်ပြီး လေးလံသော လောက်လွှဲ တစ်ခုကပင် ဤနေရာမှ နေ၍ ကျောက်တုံးနံရံအား ခြိမ်းခြောက်နိုင်လိမ့်မည် မဟုတ်ချေ။

+

ဤနေရာမှ နေ၍ သူမသည် နတ်ဘုရား စီရင်ခြင်း စုန်းမများ တိုက်ခိုက်နိုင်ရန် ဟာကွက်တစ်ခုကို ဖန်တီးပေးရမည် ဖြစ်သည်။

ဤအချိန်၌ပင် မြင့်တက်နေမင်း ရိပ်သာလမ်းမှ အနီရောင် မီးတောက်တစ်ခု ပျံတက်လာသည်ကို မြင်လိုက်ရပြီး ထိုအရာသည် တိုက်ပွဲ စတင်ပြီဟု အချက်ပြခြင်း ဖြစ်နေသည်။

သူမသည် အန်နှာ မိန်းကလေး အထူးစီမံ ပြုလုပ်ထားသည့် ဘိုတ်ရိုင်ဖယ်ကို ထုတ်ယူလိုက်၍ ကျည်ဆန် ဆယ်တောင့်ပါသော ကျည်ကတ်ကို

+

ထည့်လိုက်ကာ ချိန်ရွယ်သည့် မှန်ဘီလူးကို ဖွင့်ပြီး
သေနတ်အား မြှောက်လိုက်လေသည်။

သူမသည် ချပ်ဝတ်တန်ဆာ အပြည့်အစုံ
ဝတ်ဆင်ထားသည် နိုက်သူရဲကောင်း
တစ်ယောက်အား တွေ့လိုက်ရသည်။

အန်ဒရီယာသည် အသက်ပြင်းပြင်း တစ်ချက်ရှူ၍
သူမ၏ ခန္ဓာကိုယ် အတွင်းမှ မှော်စွမ်းအားများကို
စတင် ထိန်းချုပ်လိုက်သည်။ ထိုအရာသည် အံ့ဖွယ်
ကောင်းလှသော ခံစားချက် တစ်ခု ဖြစ်နေပြီး
မှော်စွမ်းအားများသည် သူမ၏ လက်မောင်းများ၊
တံတောင်ဆစ်များနှင့် လက်ချောင်းများကို အသာ

+

ထွေးပွေ့ထားသည့် ညင်သာသော လက်တစ်စုံ အဖြစ် ပြောင်းသွားသည့်ပုံ ပေါက်နေသည်။

ဤကဲ့သို့သော ထွေးပွေ့မှု အောက်တွင် သူမသည် ထူးခြား ဆန်းကြယ်သော အခြေအနေ တစ်ခု အတွင်းသို့ ဝင်ရောက်သွားခဲ့ပြီး ကျောက်တုံးကဲ့သို့ မာကျော၍ ငှက်တောင်ကဲ့သို့ ပေါ့ပါးသွားသည်ဟု ထင်နေရသည်။

ပထမ အခြေအနေသည် သူမ၏ လက်အတွင်းမှ လက်နက်ကို ရွေ့လျားစေခြင်း မရှိပဲ ဒုတိယ အခြေအနေသည် သူမအား လေထု၏ အစိတ်အပိုင်း တစ်ခု ဖြစ်သွားစေခဲ့၍ သူမ၏ ပါးပြင်အား

+

လာရောက် ထိတွေ့နေသည့် လေပြည်အလား
ညင်သာစွာ ရှေးတိုးနောက်ငင် လှုပ်ရှားနိုင်ခဲ့သည်။

ထိုအခြေအနေ နှစ်ခုက တစ်ခုတည်း အဖြစ်
ပေါင်းစည်းသွားသည့် အချိန်၌ အန်ဒရီယာသည်
ခလုတ်ကို ဆွဲညှစ်လိုက်သည်။

ကျယ်လောင်စွာ ဟိန်းဟောက်သံ တစ်ခုနှင့် အတူ
အရှိန်မြှင့်စွာ လည်ပတ်နေသော ကျည်ဆန်သည်
သေနတ်ပြောင်းထဲမှ ပျံသန်း ထွက်လာ၍
ကျောက်တုံးနံရံ ဆီသို့ ပြေးဝင်သွားလေသည်။

## စာစဉ် ၆၃ : အပိုင်း ၉

+

# အပိုင်း ၉၃၉ : လက်ဖြောင့်သူ အန်ဒရီယာ

ရလဒ်ကို စစ်ဆေးကြည့်နေရန် မလိုပဲ
အန်ဒရီယာသည် နောက်ထပ် ပစ်မှတ် တစ်ခုအား
ချိန်ရွယ်သည့် မှန်ဘီလူးဖြင့် ချိန်လိုက်လေသည်။

တိကျစွာ ပစ်ခတ်ခြင်း အတွက် ကုန်ဆုံးသွားသော
မော်စွမ်းအားသည် ပစ်ခတ်ခြင်း၏ ခက်ခဲမှု အလိုက်
ကွဲပြားပေသည်။ ပစ်မှတ်က ပိုမို ခက်ခဲလေလေ
သူမ သုံးစွဲရသော မော်စွမ်းအားက ပိုများလေလေ
ဖြစ်သည်။

ထိုအရာက မြား သို့မဟုတ် ကျောက်တုံးဖြင့်
ပစ်ခတ်လျှင် နှစ်နာရီမှ လေးနာရီ အထိ

+

လုံလောက်နိုင်သော သူမ၏ မှော်စွမ်းအားသည်
ဤမျှအထိ ဝေးကွာသော အကွာအဝေးမှ
ပစ်ခတ်လျှင် ရှစ်မိနစ်နှင့်သာ ကုန်သွားနိုင်သည်ဟု
ဆိုလိုနေခြင်း ဖြစ်သည်။

သူမသည် သူမ တတ်နိုင်သလောက်
ကျည်ဆန်များစွာတို့ကို ပစ်ခတ်ရပေလိမ့်မည်။

သူမ၏ စွမ်းရည်သည် သူမ၏ ဆန္ဒ အတိုင်း
တုံ့ပြန်ခဲ့သည်။

အန်ဒရီယာသည် သူမအနေဖြင့်
ပစ်ခတ်နေသည်ထက် စာလျှင် ကခုန်နေရသည်ဟု
ခံစားနေရသည်။ သေနတ်အား ချိန်ညှိမှု၊ သူမ

+

လက်မောင်းများ၏ မြင့်တက်မှု၊ ကျဆင်းမှုနှင့် သူမ ခန္ဓာကိုယ် တစ်ခုလုံး၏ လှုပ်ရှားမှု မှန်သမျှသည် ကမ္ဘာကြီး တစ်ခုလုံးနှင့် လိုက်လျောညီထွေ ဖြစ်စွာ ပေါင်းစည်းနေသည်ဟု ထင်နေရလေသည်။

အသက် တစ်ခေါက်ရှူတိုင်း ကျည်ဆန်တစ်တောင့် ပစ်ခတ်ခဲ့သဖြင့် အန်ဒရီယာသည် မကြာမီပင် ကျည်ဆန် ဆယ်တောင့်စလုံး ကုန်သွားကာ ကျည်ကတ် အသစ်တစ်ကတ်ကို လဲလိုက်ရသည်။ ဖြစ်စဉ် တစ်ခုလုံးသည် ရေကဲ့သို့ ချောမွေ့နေပြီး ကောင်းစွာ ပြင်ဆင်ထားသည့် ဖျော်ဖြေမှု အလား အဆင်ပြေနေခဲ့သည်။

+

သို့သော်လည်း ကျောက်တုံးနံရံပေါ်မှ လူများ
အတွက်တော့ ထိုအရာက မလွယ်ကူခဲ့ချေ။

သေမင်းသည် သူတို့ လုံးဝ သတိမထားမိသည့်
အချိန်၌ စက္ကန့်ပိုင်း အတွင်း
ကျရောက်လာခဲ့လေသည်။

ကြေးစားများအား မြားပစ်စက်များကို ချိန်ညှိရန်
အမိန့်ပေးနေသည့် နိုက်သူရဲကောင်းက ပထမဆုံး
ခေးစာခံ ဖြစ်သွားရှာသည်။

ဤမြားပစ်စက်များ၏ ပစ်ခတ်နိုင်သည့်
အကွာအဝေးသည် ၁၂၀ မီတာခန့် ရှိ၍
သံမြားများသည် သုံးဆယ်မီတာ အတွင်းတွင်

+

နိုက်သူရဲကောင်းများ၏ ချပ်ဝတ်တန်ဆာနှင့် ရောမ ဒိုင်းများကို အလွယ်တကူ ထိုးဖောက်နိုင်စွမ်း ရှိသည်။ ဤလက်နက်သည် သာမန် တိုက်ခိုက်မှုနှင့် စာလျှင် နန်းတော်အား ကာကွယ်သည့် နေရာတွင် အကောင်းဆုံး လက်နက်တစ်ခုဟု ဆိုရပေလိမ့်မည်။

ထူးကဲလှသော စွမ်းအားများကို ပိုင်ဆိုင်ထားသည့် မကောင်းဆိုးဝါး စစ်သည်များကို ခုခံနိုင်ရန် အေပန်သည် လက်နက်ရုံ အတွင်းမှ လက်နက်အားလုံးကို ကျောက်တုံး နံရံထံသို့ ရွှေ့လာစေခဲ့ပြီး မြင့်တက်နေမင်း ရိပ်သာလမ်းနှင့် တိုက်ရိုက် မျက်နှာချင်းဆိုင် နံရံ အစိတ်အပိုင်းတွင် မြားပစ်စက် ရှစ်ခုတို့ကို နေရာချထားခဲ့သည်။

+

ရိပ်သာလမ်း၏ အကျယ် အကန့်အသတ်ကြောင့်
ကျူးကျော် ဝင်ရောက်လာသူများသည် မည်မျှပင်
သန်မာစေကာမူ သံမြားများ အဆက်မပြတ်
ပစ်ခတ်မှုမှ ရှောင်ရှားနိုင်လိမ့်မည် မဟုတ်ချေ။

ကြေးစားများသည် အသံ ခပ်အုပ်အုပ် တစ်ခုကို
ကြားလိုက်ရပြီး နောက်တွင် သူတို့အား
အမိန့်ပေးနေသည့် နိုက်သူရဲကောင်း၏ ရင်ဘတ်က
ချိုင့်ဝင်သွားပြီးမှ အနောက်သို့ တိတ်ဆိတ်စွာ
လဲကျသွားသည်ကို တွေ့လိုက်ရသည်။

"တစ်စုံတစ်ယောက်က တိုက်ခိုက်နေခဲ့ပြီ"
သတိပေးသံ တစ်ခုက ချက်ချင်း ဆိုသလိုပင်
မြို့ရိုးထိပ်မှ ထွက်ပေါ်လာခဲ့လေသည်။

+

သူတို့သည် ခေါးများကို ဆွဲထုတ်ခဲ့ကြသော်လည်း ထိုတိုက်ခိုက်မှုက ဘယ်နေရာမှ ရောက်လာသည်ကို မတွေ့ရှိနိုင်ခဲ့ပေ။

ပြီးတာနှင့် ဒုတိယ၊ တတိယ တိုက်ခိုက်မှုများ…

သေမင်းသည် သူ၏ လက်တံရှည် တံစဉ်ကို ထပ်ခါထပ်ခါ မြှောက်လိုက်သည်နှင့် ရန်သူကို မမြင်ရပဲ အစောင့်များက တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြသဖြင့် သူတို့၏ ရင်အတွင်းတွင် ကြောက်စိတ်များက ဖုံးလွှမ်းလာကြသည်။

+

တစ်သက်လုံး တိုက်ခိုက်လာသော ဤလူများ
အနေဖြင့် သေခြင်းသည် အံ့ဩစရာ
မကောင်းနေသော်လည်း သူတို့က ဘာမှ မလုပ်နိုင်ပဲ
သေမင်းကိုသာ စောင့်နေရသော အချိန်၌မူ
ကွဲပြားသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားခဲ့လေပြီ။

အထူးသဖြင့် သူတို့၏ စွမ်းရည်များ အပေါ်၌
ယုံကြည်နေကြသော ကြေးစားအချို့ အတွက်
ဖြစ်သည်။

သူတို့၏ ပြိုင်ဘက်များက သူတို့အား တန်ပြန်
တိုက်ခိုက်ရန် အခွင့်အရေးကိုပင် မပေးခဲ့သော
အချိန်တွင် သူတို့၏ ကျွမ်းကျင်လှသော

+

စွမ်းရည်များက အသုံးမဝင်တော့သည်ကို သူတို့က တွေ့လာကြသည်။

ဤကဲ့သို့သော မမျှော်လင့်ထားသည့် တိုက်ခိုက်မှုမျိုးနှင့် ရင်ဆိုင်ခဲ့ရသော အချိန်တွင် လေးလံ ထိုင်းမှိုင်းလှသော အစေခံများနှင့် အတွေ့အကြုံ ရင့်ကျက်သော နိုက်သူရဲကောင်းများက ဘာမှ မထူးခြားနေပေ။

ဟားမီးစ် တိုက်ပွဲတွင်ပင် အနည်းဆုံးတော့ သူတို့သည် ရန်သူများကို မြင်နိုင်စွမ်း ရှိနေသေးပြီး ယခု အချိန်၌မူ သူတို့သည် သေမင်း ခေါ်သည့် အချိန်ကိုသာ စောင့်နေရလေသည်။

+

တစ်မိနစ်ပင် မကြာသေးပဲ ထိုနံရံ အပိုင်း၌
လူနှစ်ဆယ်ကျော် သေဆုံးခဲ့ပြီး ဖြစ်သည်။ ဒဏ်ရာ
ရနေသော လူများ၏ နာကျင်စွာ
ညည်းတွားနေသံကို ကြားခဲ့ရ အပြီးတွင်
လူအများစုက စတင်၍ ပြိုလဲသွားကြသည်။

"အကာအကွယ် ယူကြပါ… စုန်းမ တစ်ယောက်
ရှိနေတယ်"

ထိုအချိန်၌ပင် နိုက်သူရဲကောင်း ခေါင်းဆောင်၏
အမိန့်က သူတို့အား အိမ်မက်မှ
လန့်နိုးလာစေခဲ့သည်။ "ငါတို့က မြို့ရိုးတံတိုင်းတွေ
သစ်တုံးကြီးတွေ အနောက်မှ ပုန်းအောင်းနေခဲ့ရင်
တိုက်ခိုက်မှုကနေ ရှောင်ရှားနိုင်လိမ့်မယ်…

+

နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးမြားတွေကို ထုတ်လိုက်ပြီး ဟိုစုန်းမစုတ် ထွက်လာအောင် ဖြစ်နိုင်တဲ့ အရပ်မျက်နှာတွေကို ပစ်ခတ်ကြပါ"

အန်ဒရီယာကလည်း မြို့ရိုးပေါ်မှ ပြောင်းလဲမှုကို သတိပြုမိလေသည်။

ရွှေရောင် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသည့် နိုက်သူရဲကောင်း တစ်ယောက်သည် သူတို့၏ လှုပ်ရှားမှုများကို အမိန့်ပေးနေဟန် တူသည်။ အစောင့်များသည် သူ့အနားသို့ ချဉ်းကပ်လာကြကာ အကာအကွယ် အမျိုးမျိုး အနောက်တွင် ဝင်ပုန်းနေကြ၍ မြားများကို ပစ်မှတ်မရှိပဲ ပစ်ခတ်နေကြလေသည်။

+

အချို့လူများကမူ လက်များဖြင့်သာ မြားများကို ပစ်လွှတ်နေကြ၍ သူတို့၏ ရည်မှန်းချက်မှာ သိသာနေသည်။

ရန်သူတို့၏ လှုပ်ရှားမှုများသည် သူမကို လုံးဝ ခြိမ်းခြောက်နိုင်စွမ်း မရှိသော်လည်း အကယ်၍ သူမက ရန်သူများကို အပြည့်အဝ ဖျက်ဆီးနိုင်စွမ်း မရှိလျှင် ဝန်းရံ တိုက်ခိုက်ကြမည့် နတ်ဘုရား စီရင်ခြင်း စုန်းမများ၏ လှုပ်ရှားမှုကို နှောင့်နှေးစေလိမ့်မည် ဖြစ်သည်။

ကွပ်ကဲသူ၏ နေရာသည် နာရီမျှော်စင်ပေါ်မှ အန်ဒရီယာ အတွက် မမြင်နိုင်သည့် နေရာသို့

+

ရောက်နေခဲ့ပြီး သူမသည် မြို့ရိုးတံတိုင်း အပြင်သို့ ထွက်နေသည့် သူ၏ လက်မောင်းနှင့် သူ့ခေါင်းစွပ် အစိတ်အပိုင်း အနည်းငယ်ကိုသာ ရေးရေးလေး မြင်နိုင်ခဲ့သည်။

ပုံမှန်ဆိုလျှင် သူမအနေဖြင့် ဤကဲ့သို့သော ပစ်မှတ်တစ်ခုကို ထိမှန်အောင် ပစ်ခတ်ရန် မဖြစ်နိုင်သော်လည်း ပထမ စစ်တပ်၏ အမြောက် စစ်ရေးပြပွဲကို ကြည့်ရှုခဲ့ အပြီးတွင် သူမတွင် မတူညီသော အကြံတစ်ခု ရလာခဲ့သည်။

အန်ဒရီယာသည် မှော်စွမ်းအားများကို အဆက်မပြတ် ဆွဲယူကာ သူမ၏ လက်မောင်းများကို ပြည့်စေခဲ့သည်။ မမြင်နိုင်သော

+

လက်များ၏ တွန်းကန်ခြင်းကို ခံခဲ့ရသဖြင့် သူမ၏
လက်အတွင်းမှ သေနတ်သည် အပေါ်သို့
တက်သွားပြီး ကောင်းကင်ကို ချိန်ရွယ်ထားခဲ့သည်။

ရင်းနှီး ကျွမ်းဝင်နေသည့် လိုက်လျောညီထွေ
ခံစားချက်က ထပ်ဖန်တစ်ခါ ပေါ်လာခဲ့သော အခါ
သူမက လုံးဝ တွေဝေနေခြင်း မရှိပဲ ခလုတ်ကို
ဆွဲလိုက်လေသည်။

ဤအချိန်၌ အန်ဒရီယာ အနေဖြင့် သူမသည်
ကျည်ဆန်၏ သွားရာလမ်းကြောင်းကို
မြင်နိုင်သည်ဟု ခံစားမိခဲ့သည်။ သူ့အား လေပေါ်သို့
မြင့်မားစွာ ပစ်လွှတ်လိုက်သော်လည်း ထိပ်ဖျားသို့
ရောက်သွားခဲ့အပြီးတွင် အရှိန် မကုန်သွားခဲ့သေးပဲ

+

ပစ်မှတ်ထံသို့ အရှိန်အဟုန် အပြည့်ဖြင့် ထိုးဆင်းသွားခဲ့လေသည်။

သူတို့ နှစ်ယောက် အကြားမှ အကွာအဝေးသည် ခြောက်ရာ မီတာခန့် ရှိနေသော်လည်း လေပေါ်သို့ ပစ်ခတ်ခဲ့သဖြင့် ဤကျည်ဆန် ပျံသန်းခဲ့သည့် အကွာအဝေးသည် သူမ ယခင်က ပစ်ခတ်ခဲ့သည့် ကျည်ဆန်များထက် များစွာပို၍ ရှည်လျားပေသည်။

ပြီးတာနှင့် သူမသည် နိုက်သူရဲကောင်း၏ ခေါင်းစွပ်ကို ချိန်ရွယ်၍ ပစ်ခတ်လိုက်လေသည်။ ဒုတိယ ကျည်ဆန်သည် ပို၍စောစော ရောက်ရှိသွားကာ မြို့ရိုးတံတိုင်း၏ အစွန်ကို တိကျစွာ ထိမှန်သွားခဲ့သည်။ အုတ်ခဲများက

+

ချက်ချင်း ဖွာထွက်သွားကာ ပုံပျက်သွားသော ကျည်ဆန်သည် လည်ပတ်နေရင်း ခေါင်းစွပ် အပေါ်ပိုင်းအား ထိမှန်သွားပြီး အဝေးသို့ လွင့်စင်သွားစေခဲ့သည်။

ကြီးမားလှသော အရှိန်အဟုန်ကြောင့် နိုက်သူရဲကောင်းသည် ဟန်ချက် ပျက်သွားကာ အရှေ့သို့ ငိုက်ကျလာပြီး သူ၏ နူးညံ့သော လည်ပင်းကို ဖော်ပြခဲ့သည်။

တစ်ချိန်တည်း လိုလိုပင် ပထမ ကျည်ဆန်က ရောက်ရှိလာခဲ့ပြီး မျှော်လင့်ထားသည့် အတိုင်းပင် သူ့အရေပြားကို ဖောက်ထွင်းသွားကာ သူ၏

+

လည်ပင်းရိုးများကို အစိတ်အပိုင်း များစွာအဖြစ်
ကြေမွစေခဲ့သည်။

နိုက်သူရဲကောင်း ခေါင်းဆောင် အနေဖြင့် တုံ့ပြန်ရန်
အချိန် မရှိနေခဲ့ပဲ သူ့ခေါင်း အနောက်မှ
အသံအုပ်အုပ် တစ်ချက် ကြားလိုက်ရကာ
လည်ပင်းတွင် အေးစက်စွာ ခံစားခဲ့ရပြီး
နောက်ပိုင်းတွင် သတိလစ်သွားခဲ့တော့သည်။

ဤပစ်ခတ်မှုသည် အန်ဒရီယာ၏ လက်ကျန်
မှော်စွမ်းအားများ အားလုံးနီးပါးကို
ကုန်ခန်းသွားစေခဲ့ပြီး ပြင်းထန်စွာ မူးဝေလာခဲ့ကာ
အလွန်အကျွံ သုံးစွဲခဲ့မှု၏ နောက်ဆက်တွဲ
အကျိုးဆက်များသည် သူမ၏ လက်များကို

+

တုန်ခါစေခဲ့၍ သေနတ်ဒင်ကိုပင် ကိုင်ရန်
ခက်ခဲနေခဲ့သည်။

သို့သော်လည်း နိုက်သူရဲကောင်း ခေါင်းဆောင်၏
ကျဆုံးသွားမှုသည့် ကြေးစားများ အတွက်
နောက်ဆုံး ကောက်ရိုးမျှင် သဖွယ် ဖြစ်သွားခဲ့ကာ
ကျောက်တုံးနံရံမှ ခံစစ်လိုင်းက ချက်ချင်းပင်
ပြိုလဲသွားခဲ့သည်။ သေမင်း၏ နောက်ထပ်ပစ်မှတ်
ဖြစ်လာမည်ကို ကြောက်ရွံ့နေကြသဖြင့်
အားလုံးတို့သည် နောက်ပြန်လှည့်ကြကာ
လှေကားများထံသို့ ပြေးကုန်ကြသည်။

ရောမ သစ်တုံးများ၊ ဆီပူများနှင့် မြားပစ်စက်တို့အား
မည်သူကမှ အာရုံမစိုက်ကြတော့ပဲ ထိုအရာကို

+

နတ်ဘုရား စီရင်ခြင်း စုန်းမများက တွေ့ရှိခဲ့ကြလေသည်။

"တူ..."

တိုက်ခိုက်ရန် အချက်ပေးသည့် ဦးချိုသံက ထွက်ပေါ်လာသည်။

ဝန်းရံ တိုက်ခိုက်သည့် အဖွဲ့ အတွင်းမှ အယ်လီနာက အရင်ဆုံး ပြေးတက်သွားခဲ့သည်။ သူမ သုံးနေကျ ကိရိယာများကို သယ်ဆောင်လာသည့် အပြင် သူမ၏ လက်အတွင်းတွင် လျှော်ကြိုး တစ်ခွေကိုလည်း ယူလာခဲ့သည်။

+

သူမသည် နံရံအောက်ခြေသို့ ချဉ်းကပ်လာသည်နှင့် ကြိုးကို ပစ်တင်လိုက်သည်။ ကြိုး၏ အဆုံးတွင် သူမသည် လေးထောင့်ပုံ ချိတ်တစ်ခုအား တင်းကျပ်စွာ ချည်နှောင်ထားသည်။

ခဏအကြာတွင် ကျောက်တုံးနံရံသို့ တက်ရန်အတွက် တွဲကျနေသော ကြိုးများစွာ ပေါ်လာခဲ့သည်။ ငါးမီတာခန့် မြင့်မားသော ကျောက်တုံးနံရံသည် သာမန်လူများ အတွက် ခဲယဥ်းနေသော်လည်း နတ်ဘုရား စီရင်ခြင်း စုန်းမများ၏ မျက်လုံးများ အတွင်း၌မူ တိုက်ရိုက် ကျော်လွှားသွားနိုင်သည့် ခြံစည်းရိုး တစ်ခုနှင့်သာ တူနေခဲ့သည်။

+

အယ်လီနာသည် လျှော်ကြိုးမှ တဆင့် နံရံထိပ်သို့ လွယ်ကူစွာ တက်သွားခဲ့ပြီးနောက် ရဲတိုက်ခရိုင်က ကစဉ့်ကလျား ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

အေပန် စီစဉ်ထားသည့် အကြံပေး အဖွဲ့နှင့် ပြင်ဆင်ရေး အဖွဲ့တို့သည် သူတို့၏ တာဝန်များကို ထမ်းဆောင်နေခြင်း မရှိကြတော့ပဲ ကျောက်တုံးနံရံပေါ်မှ အစောင့်များက ရှုံးနိမ့်သွားသည်နှင့် တစ်ပြိုင်နက် အားလ်လော်ရီး၏ အစောင့်များသည် ရုတ်တရက်ပင် သူတို့၏ ဓားများကို ဆွဲထုတ်ကာ အရဏ်ဦး ဘုရင်၏ အစောင့်တပ်ဖွဲ့များထံသို့ ချိန်ရွယ်ခဲ့ကြသည်။

+

ကျောက်တုံးနံရံပေါ်မှ အစောင့်များက တတ်နိုင်သမျှ အမြန်ဆုံး ထွက်ပြေးလိုနေကြသဖြင့် သုံးဖွဲ့သားတို့သည် ထိုနေရာ၌ ရုန်းရင်းဆန်ခတ် ဖြစ်နေကြသည်။

အယ်လီနာက သူမ၏ နှုတ်ခမ်းများကို တွန့်လိုက်ကာ သူမ၏ ကျောပေါ်မှ ရောမ ဓားကြီးကို ဆွဲထုတ်လိုက်ပြီး ကျောက်တုံးနံရံပေါ်မှ ခုန်ချလိုက်လေသည်။

သူမ၏ ဓားချက်များကို မည်သူကမှ ခုခံနိုင်ခြင်း မရှိကြပဲ ဓားကြီး၏ ခုတ်နိုင်သည့် အကွာအဝေး အတွင်းတွင် ရှိနေပါက ရန်သူများသည် ဒဏ်ရာ အပြင်းအထန် ရသူရ သေသူသေ ဖြစ်ကုန်ကြသည်။

+

သူမ၏ စွမ်းအား တစ်ခုတည်းနှင့်ပင်
လူအုပ်အတွင်း၌ လမ်းကြောင်းတစ်ခုကို
ဖောက်နိုင်ခဲ့သည်။

အခြား နတ်ဘုရား စီရင်ခြင်း စုန်းမများက
တိုက်ပွဲအတွင်းသို့ ဝင်လာကြသော အခါ
အားလ်ကွင်း အနေဖြင့် အခြေအနေက သူ၏
လက်အတွင်းသို့ ကျရောက်လာပြီဟု
ခံစားခဲ့ရလေသည်။

## စာစဥ် ၆၃ : အပိုင်း ၁၀

## အပိုင်း ၉၄၀ : မေးမိုန် ပျောက်ကွယ်သွားခြင်း

+

"အားလ်လော်ရှီး... သစ္စာဖောက်ကောင်... သူက လုပ်ရဲတာလား" တိုက်ပွဲအား ရဲတိုက်ထိပ်မှနေ၍ ကြည့်နေသော အေပန်က အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်သည်။ "ငါက သူနဲ့ သူ့သားကို သတ်ပစ်မယ်... ဝန်ကြီးတွေ... ငါ့ဝန်ကြီးတွေ ဘယ်ရောက်သွားလဲ"

"အရှင်မင်းမြတ်... သခင် ကာလွန်းဟာ အစောပိုင်းက... ကိစ္စ အချို့ကို သွားလုပ်မယ်လို့ ပြောခဲ့ပါတယ်" ကိုယ်ရံတော် ခေါင်းဆောင်က အနည်းငယ် ချီတုံချတုံ ဖြစ်သွားပြီးမှ ပြန်ပြောလိုက်သည်။ "ဒါပေမဲ့... သူက ပြန်လာတော့မယ်လို့ ကျွန်တော် မထင်ပါဘူး"

+

"မင်းဘာပြောလိုက်တယ်" အရုဏ်ဦး ဘုရင်က ရုတ်တရက် နောက်လှည့်လာပြီးမှ သူ့အား ဆုပ်ကိုင်လိုက်သည်။

"အရှင်က သဘောတူခဲ့တာပဲ" ကိုယ်ရံတော် ခေါင်းဆောင်က ချီတုံချတုံ ဖြစ်စွာဖြင့် ပြောလိုက်သည်။ "သခင် ကာလွှန်းအပြင် သခင် ဝိရန့်နဲ့ 'ရွှေသဲနာရီ' နီးလ်ကလည်း ထွက်သွားခဲ့ပါပြီ... အရှင်မင်းမြတ်... ကျွန်တော်မျိုးကလွဲလို့ အားလုံး ထွက်သွားကြပါပြီ"

ထိုအချိန်မှပင် ခန်းမကျယ်ကြီး အတွင်း၌ ကိုယ်ရံတော် ခေါင်းဆောင်နှင့် အစေခံများသာ

+

ကျန်နေတော့သည်ကို အေပန်က
သတိပြုမိလေသည်။

ကိုယ်ရံတော် ခေါင်းဆောင်က သူတို့
ပြန်လာတော့မည် မထင်ဟု ဆိုလိုနေသည့်
အချက်ကို သူက ချက်ချင်းပင်
သဘောပေါက်သွားခဲ့သည်။

"သစ္စာဖောက်တွေ" သူက ရာဇလှံတံအား
မြေပေါ်သို့ ပစ်ပေါက်၍ အံကိုကြိတ်ကာ
ပြောလိုက်သည်။ "သစ္စာဖောက်တွေ…
သစ္စာဖောက်တွေ… ငါ့ရဲ့ ထီးနန်းဟာ
ဒီသစ္စာဖောက်တွေကြောင့် ဆုံးရှုံးရတော့မယ်"

+

သူသည် သူတို့၏ ထွက်ခွာမှုကို သဘောတူခဲ့သည် မှန်သော်လည်း သူတို့၏ အကြောင်းပြချက်များက အဘယ်နည်း။ တစ်ယောက်က သူသည် ကျောက်တုံးနံရံထံမှ ခံစစ်ကို သွားရောက်စစ်ဆေးမည်ဟု ပြောခဲ့၍ အခြား တစ်ယောက်ကမူ အတွင်း တရားရုံး အတွင်းတွင် အစေခံများ စစ်ပွဲအတွက် ပြင်ဆင်နေသည်ကို သွားရောက်ကြီးကြပ်မည်ဟု ပြောသွားခဲ့သည်။

ထိုအရာများသည် အစ မူလက သူတို့၏ တာဝန်များ ဖြစ်နေခဲ့သော်လည်း ယခုအချိန်၌ သူတို့၏ အကြောင်းပြချက်များ ဖြစ်သွားခဲ့လေသည်။

+

ရန်သူများ မတိုက်ခိုက်မီကတည်းက သူ့ဝန်ကြီးများသည် ထွက်ပြေးရန် အသင့် ဖြစ်နေခဲ့ပြီလော။

"အရှင်မင်းမြတ်... ဒီသူရဲဘောကြောင်သူတွေက နောက်ဆုံးမှာ အပြစ်ပေးခံရမှာ ဖြစ်ပေမဲ့ အခုချက်ချင်း အရေးကြီးနေတာကတော့ ဒီနေရာကနေ ချက်ချင်း ဆုတ်ခွာဖို့ပါပဲ" ကိုယ်ရံတော် ခေါင်းဆောင်က ချဉ်းကပ်လာ၍ ပြောလိုက်သည်။

"ကြေးစားတွေက ကျွန်တော်တို့ကို အချိန်များများ ဆွဲထားပေးနိုင်မှာ မဟုတ်ပါဘူး... နန်းတွင်း သက်တော်စောင့်တွေကတောင် ရန်သူတွေကို

+

တစ်နာရီကျော် ခုခံနိုင်မှာ မဟုတ်ပါဘူး... အဲ့ဒီ
အချိန်ကျမှ ဆိုရင် အမတန်မှ
နောက်ကျသွားပါတော့မယ်"

"မဟုတ်ဘူး... ငါက သစ္စာဖောက်တွေ
အပြစ်ပေးခံရတာကို ကြည့်ချင်သေးတယ်"
အေပန်က ကိုယ်ရံတော် ခေါင်းဆောင်ကို
တွန်းဖယ်လိုက်ရင်း ပြောလိုက်သည်။ "မြေအောက်
အကျဉ်းခန်းကို သွားပြီးမှ အိုတိုလော်ရီးရဲ့ ခေါင်းကို
ငါ့ဆီ ယူလာခဲ့ပါ"

"ဒါပေမဲ့..."

+

"ဒါက မင်းဘုရင်ရဲ့ အမိန့်ဖြစ်တယ်" သူက အသံကုန် အော်ဟစ်လိုက်လေသည်။

"မှန်လှပါ... အရှင်မင်းမြတ်" ကိုယ်ရံတော် ခေါင်းဆောင်က နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ဦးညွတ်လိုက်သည်။

သူ၏ တစ်ဦးတည်းသော လက်အောက်ငယ်သား ထွက်သွားသော အခါမှသာ အေပန်သည် သူ၏ လက်ချောင်းများက အနည်းငယ် တုန်ခါနေ၍ သူ့မျက်လုံးများက မို့နေသကဲ့သို့ ခံစားနေရပြီး သူ့မြင်ကွင်းတွင် အနီရောင် အလင်းတန်း တစ်လွှာဖြင့် ဖုံးအုပ်ထားသည်ဟု ထင်နေရ လေသည်။

+

သူသည် ထိုင်ခုံပေါ်မှ ဖြည်းဖြည်းချင်း ထရပ်လိုက်၍ သူ၏ လက်များကို စိုက်ကြည့်နေရင်း သစ္စာဖောက်များကို အရှင်လတ်လတ် ဆွဲဖြဲနိုင်ရန် မျှော်လင့်နေမိသည်။

အားလုံးက ပြီးဆုံးသွားပြီ ဖြစ်သည်။

မြို့ရိုးပေါ်မှ ကြေးစားများသည် ဘာအကြောင်းမှ မရှိပဲ ထွက်ပြေးသွားပြီး ကျောက်တုံးနံရံအား စွန့်ခွာခဲ့သည့် အချိန်တွင် သူ၏ ရှုံးနိမ့်မှုက သေချာသွားခဲ့ပြီ ဖြစ်သည်။ အားလ်လော်ရီး၏ ပုန်ကန်မှုက ဘာမှ အရေးမပါခဲ့သော်လည်း သူ့သား၏ အသက်ကို စွန့်စား၍ အဘယ်ကြောင့်

+

သူ့အား သစ္စာဖောက်ခဲ့သည်ကိုမူ သူက နားမလည်နိုင်ခဲ့ပေ။

ထို့အပြင် ဟော်ဖော့ကွင်း အနေဖြင့် အခြား မိသားစု နှစ်ခု၏ အပြည့်အဝ ထောက်ခံမှုအား အဘယ်ကြောင့် ရနိုင်ခဲ့သနည်း ဆိုသည်ကို သူက နားမလည်နိုင်ခဲ့ပေ။ တောက်ပမြို့တော်မှ မိသားစုကြီး သုံးခုသည် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်နေသည်ဟု ထင်နေရသော်လည်း သူတို့၏ သက်ဆိုင်ရာ အကျိုးအမြတ်များက မတူညီနေကြပေ။

ဤစိန်ခေါ်မှုတွင် သူတို့၏ အသက်များပင် ဆုံးရှုံးသွားနိုင်ခြေ ရှိနေရာ သူတို့က မည်သူ့ကို

+

ဤမျှအထိ ယုံကြည်နေကြကြောင်းကို သူက မမှန်းဆနိုင်ခဲ့ပေ။

အေပန်အနေဖြင့် မြို့တော်နှင့် အတူ မိသားစုကြီး သုံးခုကို သူထင်ထားသလို နက်ရှိုင်းစွာ နားလည်ထားခြင်း မရှိမှန်း သိသွားခဲ့သည်။

နောက်ဆုံးတွင် သူသည် သူ့ကိုယ်ရံတော် ခေါင်းဆောင်၏ အဖြေကို မရရှိနိုင်ခဲ့ပေ။

သူတစ်ခါမှ မတွေ့ဖူးသော စစ်သည်တော် တစ်အုပ်စုတို့သည် ခန်းမတံခါးကို ဖွင့်၍ ဝင်လာကြသည်။ သူတို့၏ လက်နက်များတွင် သွေးများ တစ်စက်စက် စီးကျလျက် ရှိနေသေးပြီး

+

သူတို့၏ ချပ်ဝတ်တန်ဆာများကလည်း သွေးများဖြင့် ပေကျံလျက် ရှိသည်။

သို့သော်လည်း သူတို့၏ မျက်နှာများ အပေါ်တွင် ပင်ပန်း နွမ်းနယ်မှုများ မရှိကြပဲ လမ်းပေါ်မှ ရန်ပွဲတစ်ခုကိုသာ ဆင်နွှဲခဲ့ရသည့် အတိုင်း သက်တောင့်သက်သာ ရှိနေကြလေသည်။

ကိုယ်ရံတော် ခေါင်းဆောင်သည် သူတို့က တစ်နာရီခန့် ခုခံနိုင်မည်ဟု ပြောကြားခဲ့သော်လည်း အမှန်တွင် ဆယ့်ငါးမိနစ်ပင် မတောင့်ခံနိုင်ခဲ့ပေ။

ပုန်ကန်သူများက ကြီးမားစွာ အသာစီး ယူနိုင်ခဲ့သည်။

+

ပြီးတာနှင့် သူသည် မိုရာ မိသားစုအား အမြဲတမ်း ထောက်ပံ့မည်ဟု သစ္စာကတိ ထားခဲ့သည့် အာဏာလုသူ ဟော်ဖော့ကွင်းအား တွေ့လိုက်ရသည်။

အားလပ်ကွင်းအပြင် အခြား သစ္စာဖောက် နှစ်ယောက်တို့သည် သူတို့၏ ဆက်ခံသူများ ဖြစ်ကြသည့် အိုရိုတိုကတ်၊ အိုတိုလော်ရီးတို့နှင့် အတူ ခန်းမအတွင်းသို့ အတူ ဝင်လာကြလေသည်။

အိုတိုလော်ရီးအား မြင်လိုက်ရသည်နှင့် သူလိုချင်နေသော လက်စားချေမှုက

+

မဖြစ်နိုင်တော့ဟု အေပန်က
သဘောပေါက်သွားခဲ့သည်။

"ဘယ်လိုလုပ်..."

"အိုတိုက ဘာဖြစ်လို့ အသက်ရှင်နေသေးသလဲ ဆိုတာကို မင်းက အံ့အားသင့်နေတာလား" အိုရိုက သူ့အား ဖြတ်ပြောလိုက်သည်။ "သာမန် သံတံခါးနဲ့ ခြံစည်းရိုးတွေဟာ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို တားဆီးနိုင်စွမ်း မရှိတဲ့ အချိန်မှာ စစ်သည်တော် နှစ်ယောက်ဟာ နန်းတော်ရဲ့ လျှို့ဝှက် လမ်းကြောင်း အတွင်းမှာ ပုန်းအောင်းနေဖို့ သိပ်မခက်ခဲပါဘူး"

+

"သူတို့က ရဲတိုက်ခရိုင် အတွင်းကို ဘယ်လို ရောက်လာသလဲ ဆိုတာကတော့ မင်းက အစောင့်တွေကို မေးကြည့်မှ ရမယ်... တုန်လှုပ် ချောက်ချားနေကြတဲ့ အစောင့်တွေဟာ ကျွမ်းဘားအဖွဲ့ တစ်ခုရဲ့ အဖွဲ့ဝင်တွေကို ဘာမှ ဂရုစိုက်နိုင်ကြလိမ့်မယ်လို့ ငါမထင်နေဘူး"

အေပန်၏ မျက်လုံး သူငယ်အိမ်များက ရုတ်တရက် ကျဉ်းမြောင်းသွားခဲ့သည်။ "တကယ်လို့ ဒါက လေလုံးထွားနေတာ မဟုတ်ခဲ့ရင် သူတို့က ငါ့အိမ်ခန်း အတွင်းကို ကြိုက်တဲ့အချိန် ဝင်လာနိုင်တယ်လို့ ဆိုလိုနေတာလား"

+

"ဟုတ်တယ်… မင်းထင်နေတဲ့ အတိုင်းပဲ" အိုရိုက
သူ၏ လက်များကို ဖြန့်ကာ ပြောလိုက်သည်။
"မီးခိုးရောင် ရဲတိုက် ဘုရင်က မြင်ကွင်းတစ်ခုကို
ဖန်တီးဖို့ လိုအပ်နေတယ်… မဟုတ်ရင် မင်းက
သူတို့ရဲ့ ခေါင်းဖြတ်ခြင်းကို ခံနေရပြီး
ဖြစ်နေလိမ့်မယ်… အမှန်အတိုင်း ပြောရရင်
ငါကမင်းကို အတော်လေး စိတ်ပျက်သွားတယ်"

"မင်းက အိုတိုကို အကျဥ်းချခဲ့တာက
ဒေါသအလျောက် လုပ်ခဲ့တာ ဖြစ်ပြီး သူ့ကို
အသုံးချကာ အားလ်လော်ရီးကို
ခြိမ်းခြောက်လိမ့်မယ်လို့ ငါက လုံးဝ
မမျှော်လင့်ထားဘူး… မင်းက သူ့ကို သတ်ဖို့တောင်
ကြံစည်ခဲ့သေးတယ်" သူက သက်ပြင်းချကာ
ဆက်လက် ပြောလိုက်သည်။

+

"ငါတို့က မိတ်ဆွေတွေ မဟုတ်ကြတော့ရင်တောင် ငါတို့ရဲ့ အတိတ်က နေ့ရက်တွေကို မမေ့သေးဘူးလို့ ငါက ထင်နေခဲ့တာ"

"မင်းက ရိုလန် ဝင်ဘယ်ဒန်ကို ဆိုလိုနေတာလား... ဒီလိုဆိုတော့ ဒါတွေအားလုံးက သူ့လက်ချက်ပေါ့" 'မီးခိုးရောင် ရဲတိုက် ဘုရင်' ဟူသော စကားက သူ၏ အာရုံအားလုံးကို ဆွဲဆောင်သွားခဲ့သဖြင့် အေပန်သည် အိုရို၏ စကား ဒုတိယ အပိုင်းကို အမှုမထားနိုင်တော့ချေ။

"မင်းတို့က ဘာလုပ်နေသလဲ ဆိုတာကိုရော သိကြရဲ့လား... မင်းတို့က မိစ္ဆာတစ်ကောင်ကို

+

ကူညီပေးနေတာ… မင်းတို့ဟာ ဘိုးဘေးတွေရဲ့ ကတိသစ္စာကို ဖောက်ဖျက်ခဲ့ရုံတင် မကပဲ မင်းတို့ရဲ့ တိုင်းပြည်နဲ့ တိုင်းသူပြည်သားတွေကိုပါ သူ့အတွက် အနစ်နာခံခဲ့တယ်… မင်းတို့က အရူးတွေပဲ"

သူသည် ဟော်ဖော့ကွင်းအား အမျက်တကြီးဖြင့် လက်ညှိုးထိုးလိုက်သည်။ "ပြီးတော့ ခင်ဗျား… ခင်ဗျားက ဒီပလ္လင်ပေါ်မှာ တကယ်ပဲ ထိုင်နိုင်မယ်လို့ ထင်နေလို့လား… အမှန်အတိုင်း ပြောရရင် ခင်ဗျားက ရုပ်သေးရုပ် တစ်ရုပ် သက်သက်ပဲ"

"ခင်ဗျား တွေးမိရဲ့လား… သူက ဘာဖြစ်လို့ တော်လှန် ပုန်ကန်မှုကို စတင်ခဲ့တာလဲ… သူက အရဏ်ဦး နိုင်ငံကို သိမ်းပိုက်လိုခြင်း မရှိနေရင်

+

ဘာဖြစ်လို့ ခင်ဗျားကို ကျုပ်နဲ့
ရန်တိုက်ပေးခဲ့မှာလဲ… ဒီလူတွေက ကျုပ်ကို
ဒီကနေ့မှာ အလွယ်တကူ နန်းချနိုင်ခဲ့သလို
တစ်နေ့မှာ ခင်ဗျားကို အသူရာချောက်ထဲ
အလွယ်တကူ တွန်းချနိုင်တယ်"

"ရှင်ပြောတာ မှားတယ်" ရုတ်တရက်ပင် ပြင်ပမှ
အမျိုးသမီး တစ်ယောက်က ဝင်ပြောလိုက်သည်။
"သူက အကြောင်းရင်း နှစ်ခုကြောင့် လုပ်ခဲ့တာ…
အိုတိုကို ကယ်တင်ဖို့နဲ့ စုန်းမတွေကို ကာကွယ်ဖို့ပဲ"

"ဘာမှ အဓိပ္ပာယ် မရှိတာ" အေပန်က သူမ၏
ရဲတင်းမှုနှင့် မသိ နားမလည်မှုတို့ အတွက်
အပြစ်တင်မည် ပြုလိုက်သော်လည်း သူ၏ အသံက

+

ရုတ်တရက်ပင် လည်ပင်းအတွင်း၌
တစ်ဆို့သွားခဲ့သည်။ "မင်း.. မင်းက..."

သူမသည် အလွန်အမင်း အားနည်းနေပုံ
ပေါက်နေကာ အခြားသူများ၏ အကူအညီ မပါပဲ
မတ်တတ်ရပ်နိုင်စွမ်း မရှိနေသော်လည်း သူမ၏
အထက်တန်းကျသော အလှတရားကို
မဖုံးကွယ်ထားနိုင်ခဲ့ပေ။

သူမ၏ ရှည်လျားသော ရွှေရောင် ဆံပင်များနှင့်
ရေးရေးလေး ရင်းနှီး ကျွမ်းဝင်နေသော မျက်နှာသည်
သူ့မှတ်ဉာဏ်များ အတွင်းတွင်သာ ရှိနေသော
လူတစ်ယောက်အား အမှတ်ရလာစေခဲ့သည်။

+

"အန်ဒရီယာကွင်း ဖြစ်ပါတယ်" သူမ၏ အဖြေက
သူ့ခန့်မှန်းမှုများကို အတည်ပြုပေးနိုင်ခဲ့သည်။
"ကျွန်မတို့ မတွေ့ရတာ ကြာသွားပြီ... အေပန်"

ဤစက္ကန့်ပိုင်း အတွင်း၌ သူ့စိတ်အတွင်းမှ
မေးခွန်းအားလုံးက ရှင်းလင်းသွားခဲ့သည်။
တိုကတ်တို့က အားလ်ကွင်းအား အဘယ်ကြောင့်
ထောက်ခံခဲ့သည်နှင့် အားလ်လော်ရီးက
အဘယ်ကြောင့် စွန့်စားခဲ့သည်ကို ဖြစ်သည်။

မိသားစု နှစ်ခုတို့၏ ယုံကြည်မှုကို
တစ်ချိန်တည်းတွင် ရနိုင်သူ တစ်ယောက် အမှန်ပင်
ရှိနေသည်။ အဘယ်ကြောင့် ဆိုသော် သူတို့၏

+

ဆက်ခံသူ နှစ်ယောက်စလုံးက သူမအား ချစ်ခင်နှစ်သက်နေသောကြောင့်ပင်တည်း။

သူ့ရင်အတွင်းမှ အမျက်ဒေါသများက ပျောက်ကွယ်သွား၍ ယူကြုံးမရမှုများဖြင့် အစားထိုးသွားခဲ့ကာ အချိန်အနည်းငယ် ရေရွတ်နေပြီးမှ နောက်ဆုံးတွင် မေးလိုက်သည်။
"ဘာဖြစ်လို့လဲ"

သူမသည် သူ့အား မရွေးချယ်ပဲ နောက်ဆုံးတွင် အဘယ်ကြောင့် သူတို့အား ရွေးချယ်သွားခဲ့သနည်း။

အကယ်၍ သူက ရိုလန် ဝင်ဘယ်ဒန်၏ အနိုင်ယူမှုအား ခံရမည် ဆိုလျှင်ပင် သူမက

+

အဘယ်ကြောင့် သူ့အား သစ္စာဖောက်ခဲ့ရသနည်း။ သူသည် ရိုလန် ပေးနိုင်သည်ထက် သူမအား ပိုပေးနိုင်သည်။ ထိုမတော်တဆမှုကြောင့်သာ မဟုတ်လျှင် သူမသည် တိုင်းပြည်အား သူနှင့်အတူ အုပ်ချုပ်နေခဲ့ပေလိမ့်မည်။

အန်ဒရီယာက သူ၏စိတ်အား ဖတ်နိုင်ဟန်ဖြင့် ပြန်ဖြေလိုက်သည်။ "ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မက စုန်းမတစ်ယောက် ဖြစ်နေလို့ပဲ... အေပန်... ရှင့်စိတ်ထဲမှာ သတ်ဖြတ်ဖို့ ထိုက်တန်နေတဲ့ ကျဆင်းစုန်းမ တစ်ယောက်ပေါ့"

## စာစဥ် ၆၃ : အပိုင်း ၁၁

+

# အပိုင်း ၉၄၁ : သူ့ဝိညာဉ်အား ဖွင့်ကြည့်ခြင်း

အေပန်က ရုတ်တရက် အေးခဲသွားသည်။

အခြား စကားလုံးများဖြင့် ပြောရလျှင် လွန်ခဲ့သော နှစ်များက မတော်တဆမှုသည် သူ့သမီးက စုန်းမ တစ်ယောက် ဖြစ်သွားသည်ကို ဖုံးကွယ်ရန် အားလ်ကွင်း ဖန်တီးခဲ့သည့် လိမ်ညာမှု တစ်ခုပင် ဖြစ်ပေသည်။

အန်ဒရီယာသည် မိစ္ဆာတို့၏ လက်အတွင်းသို့ ကျဆင်းသွားသူ တစ်ယောက် ဖြစ်ခဲ့သည်။

+

သူက လုံး၀ မသိနိုင်ခဲ့ပေ။

သို့သော်လည်း သူ့ဖခင်အား သတ်ဖြတ်ခဲ့၍
သူ့တိုင်းပြည်အား ပျက်စီးမှုများ
ယူဆောင်လာခဲ့သူများမှာလည်း အမှန်ပင် စုန်းမများ
ဖြစ်နေခဲ့သည်။ သူတို့၏ မမှန်းဆနိုင်သော
စွမ်းရည်များကြောင့်သာ မဟုတ်လျှင် လက်ရှိ
အခြေအနေမှာ လုံး၀ကို ကွဲပြား
ခြားနားနေပေလိမ့်မည်။

သူသည် သူ့ဖခင်အား လက်စားချေရန်
ဆန္ဒရှိနေခဲ့သည်။ ထိုအရာက မှားနေသလော။

+

ထိုအတွေး နှစ်ခုသည် အေပန်၏ စိတ်အတွင်းတွင် ထိပ်တိုက် ရင်ဆိုင်နေခဲ့ကာ သူ့အား မခံနိုင်အောင် ခေါင်းကိုက်လာစေခဲ့သည်။

"ခင်ဗျားရဲ့ အုပ်စိုးမှု အခု ပြီးဆုံးသွားပြီ" အားလ်ကွင်းက အရှေ့ တက်လာခဲ့သည်။ "ဘာပဲပြောပြော အရုဏ်ဦး နိုင်ငံဟာ ခင်ဗျားရဲ့ ဆန္ဒအတိုင်း ဆက်သွားနေလို့ မဖြစ်တော့ဘူး... စုန်းမတွေဟာ သူတို့နဲ့ ထိုက်တန်တဲ့ အသိအမှတ် ပြုမှုကို ရရှိပြီး သာမန်လူတွေနဲ့ တူညီတဲ့ အဆင့်အတန်းနဲ့ အခွင့်အရေးတို့ကို ရရှိနိုင်လိမ့်မယ်"

"သူတို့ဟာ လမ်းမတွေပေါ်မှာ လွတ်လွတ်လပ်လပ် လမ်းလျှောက်နိုင်ပြီး သူတို့ မိသားစုကို

+

ဆက်ခံနိုင်စွမ်း ရှိလိမ့်မယ်... သူတို့ဟာ အစိုးရ ရာထူးတွေကို ရရှိနိုင်ပြီး တိုင်းပြည်ကို အုပ်ချုပ်ခွင့်တောင် ရရှိနိုင်လိမ့်မယ်" သူက ခေတ္တမျှ ရပ်နားပြီးမှ အန်ဒရီယာအား လှမ်းကြည့်လိုက်သည်။ "မင်းအနေနဲ့ကတော့"

"ဘာလဲ... ခင်ဗျားက တော်ဝင် မိသားစု အဖွဲ့ဝင် တစ်ယောက်ကို သတ်ချင်နေတာလား" အေပန်က ခက်ထန် သုန်မှုန်စွာဖြင့် သူ့အား စိုက်ကြည့်လိုက်သည်။ "ခင်ဗျားက ခင်ဗျား ဘိုးဘေးတွေကို သစ္စာပြုထားတာတွေ မေ့သွားပြီလား... ကျုပ်ရဲ့ မိသားစု နာမည်ကို မေ့သွားပြီလား... ကျုပ်မေးတာကို ဖြေပါ... ဟော်ဖော့ကွင်း"

+

သူ၏ စူးရှစွာ မေးခွန်းထုတ်မှုသည် ရှိနေကြသော လူများအား ကြောက်ရွံ့ တုန်လှုပ်စွာနှင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားစေခဲ့သည်။ အန်ဒရီယာနှင့် နတ်ဘုရား စီရင်ခြင်း စုန်းမများမှ လွဲ၍ ဖြစ်သည်။

"ကျုပ်က မိုရာ တော်ဝင်အိမ်တော်ရဲ့ တိုက်ရိုက်မျိုးဆက် တစ်ယောက် ဖြစ်ပြီး တစ်ဦးတည်းသော ဆက်ခံသူ ဖြစ်တယ်… ကျုပ်က အခုအချိန်မှာ ဘုရင်တစ်ပါး မဟုတ်တော့ရင်တောင် ခင်ဗျားက ဘုရင်သတ်သူ ဆိုတဲ့ နာမည်ကို သယ်ဆောင်သွားရလိမ့်မယ်" သူက အော်ဟစ်လိုက်သည်။

+

"အရဏ်ဦး နိုင်ငံရဲ့ တည်ငြိမ်မှုဟာ ခင်ဗျားကြောင့် ပျက်စီးသွားမှာ ဖြစ်ပြီး မဟာမှူးမတ် မိသားစုတွေက ခင်ဗျားကို လုံးဝ ယုံကြည်ကြတော့မှာ မဟုတ်ဘူး"

"ငါကမင်းကို သတ်မှာ မဟုတ်ဘူး" ဟော်ဖော့က သက်ပြင်းချလိုက်သည်။ "တကယ်လို့ ငါ့မိသားစုကို ငဲ့ကွက်နေရခြင်း မရှိရင် ငါကဒီလိုလုပ်ဖို့ လုံးဝ ရွေးချယ်ခဲ့မှာ မဟုတ်ဘူး... ဒါပေမဲ့ မင်းက အရဏ်ဦး နိုင်ငံကနေ ထာဝရ ထွက်ခွာပြီး ဘယ်တော့မှ ပြန်မလာဖို့ ကျိန်ဆိုရလိမ့်မယ်"

"ဒီနည်းအားဖြင့် မင်းဟာ မင်းအလိုရှိတဲ့ ဘယ်သူမဆို ခေါ်ပြီးမှ ဘုရင့်မြို့တော်ကနေ

+

ထွက်သွားနိုင်တယ်… နောက်ထပ် နည်းလမ်းတစ်ခု အနေနဲ့ ငါကမင်းကို ရဲတိုက် အကျဉ်းထောင်ထဲမှာ အကျဉ်းချထားလို့ ရတယ်… မင်းက လော်ရီး မိသားစုရဲ့ သားကြီးကို လုပ်ထားခဲ့သလိုပေါ့"

"ဒီဆုံးဖြတ်ချက်ကို မိသားစုကြီး သုံးခုစလုံးက ထောက်ခံခဲ့တာလား"

"တိုကတ် မိသားစုက ဘာကန့်ကွက်ချက်မှ မရှိပါဘူး" အားလ်တိုကတ်က သူ၏လက်အား ရင်ဘတ်ပေါ် တင်၍ ပြောလိုက်သည်။

"လော်ရီး မိသားစုကလည်း သဘောတူပါတယ်" အားလ်လော်ရီးကလည်း ဆက်ပြောလိုက်သည်။

+

"ငါတို့က မင်းလိုမျိုး စိမ်းကား ရက်စက်ခြင်း မရှိပါဘူး" အိုရို တိုကတ်က ပြောလိုက်သည်။ "ကံကောင်းစွာနဲ့ မင်းရဲ့ အမိန့်က ခြေတစ်လှမ်း နောက်ကျသွားလို့ပေါ့… မဟုတ်ရင်"

"တော်လောက်ပြီ" အိုတိုက သူ့အား ဖြတ်ပြောလိုက်သည်။ "ဘာမှ ဆက်မပြောနဲ့တော့"

"ဘယ်လောက်အထိ ထောက်ထား ညှာတာတတ်ကြတဲ့ လူတွေလဲ… ဒါပေမဲ့ ဒီလောက်အထိ ကြီးမားစွာ ခြားနားနေတဲ့ စွမ်းအားတစ်ခုနဲ့ ရင်ဆိုင်နေရတဲ့ အချိန်မှာ

+

မင်းတို့က ဒီလို ရယ်စရာကောင်းတဲ့ ခင်မင်မှုမျိုးကို ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မှာလဲ"

အေပန်က ခန်းမ အတွင်းမှ မျုးမတ်များ အားလုံးကို အေးစက်စွာ ကြည့်နေရင်း အချိန် အတန်ကြာ စဉ်းစားပြီးမှ ပြောလိုက်သည်။ "ကျုပ်က ပထမ ရွေးချယ်မှုကို ပြုလုပ်ပါမယ်"

သူသည် နေ့အလင်းရောင်ကို တစ်ခါမှ ပြန်မမြင်နိုင်တော့သည့် နေရာတစ်ခုတွင် အကျဉ်းချ မခံနိုင်ပေ။ သူအသက်ရှင်နေသေးသရွေ့ သူသည် အရဏ်ဦး နိုင်ငံ၏ တော်ဝင် မိသားစု အဖွဲ့ဝင် တစ်ယောက် ဖြစ်နေဦးမည် ဖြစ်သည်။

+

ဝံပုလွေ နှလုံးသား နိုင်ငံတွင် ဖြစ်စေ ထာဝရဆောင်း နိုင်ငံတွင် ဖြစ်စေ သူသည် သူ၏ အဆင့်အတန်း အတိုင်း အဆက်ဆံခံရမည် ဖြစ်ပြီး လှောင်အိမ်အတွင်းတွင် အပိတ်လှောင်ခံနေရခြင်းထက် ထွက်သွားခြင်းက ပိုကောင်းသော ရွေးချယ်မှု တစ်ခု ဖြစ်နေသည်။

ထို့အပြင် ဟော်ဖော့ကွင်းနှင့် မီးခိုးရောင် ရဲတိုက် ဘုရင်တို့က အမှားလုံးဝ မပြုလုပ်နိုင်ဟု မည်သူမှ အာမခံနိုင်မည် မဟုတ်ပဲ သူတို့အကြားတွင် အငြင်းပွားမှုများ ဖြစ်လာကြပါက အခြား နယ်မြေမှ မျိုးမတ်များသည် သူ၏ တည်ရှိနေမှုအား သေချာပေါက် အမှတ်ရလာကြပေလိမ့်မည်။

+

"ဒီလိုဆိုရင်... ကျေးဇူးပြုပြီးမှ ကျမ်းကျိန်ပါ" အားလ်ကွင်းက ခေါင်းညိတ်လိုက်သည်။

အေပန် မိုရာက ဘိုးဘေးများကို တိုင်တည်၍ ကျိန်ဆိုသွားပြီးသော အချိန်တွင် ကိစ္စများက နောက်ဆုံးတွင် ပြေလည်သွားခဲ့သည်။ သို့သော်လည်း အစောင့်များက အရုဏ်ဦး ဘုရင်အား ခန်းမအတွင်းမှ ခေါ်ဆောင်သွားကြသည့် အချိန်တွင် သူမအား ဖေးမထားသည့် အယ်လီနာ၏ မျက်နှာပေါ်မှ အေးစက်သော အပြုံးတစ်ခုကို အန်ဒရီယာ တစ်ယောက်ကသာ သတိပြုမိလေသည်။

+

ရဲတိုက်အတွင်းမှ ထွက်ခွာခဲ့ အပြီးတွင် အိုတိုသည် ချက်ချင်းပင် သူ့အနောက်မှ အန်ဒရီယာအား ရုတ်တရက် လှမ်းခေါ်ခဲ့သည်။ "အန်ဒရီ... ကွင်းမိန်းကလေး... ကျွန်တော့်အသက်ကို ကယ်ခဲ့တာ ကျေးဇူးတင်ပါတယ်... ဆောင်းမဲ့မြို့တော်မှာ ဖြစ်ပျက်ခဲ့တဲ့ အရာတွေကို မစ္စတာဟေားက ကျွန်တော့်ကို အကြမ်းဖျင်း ပြောပြခဲ့ပါတယ်"

သူမက ပြုံးကာ ပြန်ပြောလိုက်သည်။ "နင့်ရဲ့ အသက်သခင်နဲ့ တစ်ချိန်က ငယ်ပေါင်း သူငယ်ချင်းကို ဘာဖြစ်လို့ ဒီလောက်အထိ သူစိမ်းဆန်ဆန် ပြောနေခဲ့တာလဲ"

+

"မဟုတ်ဘူး... ကျွန်တော်က..." အိုတိုသည် ခေတ္တမျှ ဆွံ့အသွားခဲ့သော်လည်း သူ၏ မျက်လုံးများတွင် ပျော်ရွှင်သော အမူအရာများ တစ်နည်းတစ်ဖုံအားဖြင့် ပေါ်လာခဲ့လေသည်။

"ဒီလိုဆိုတော့ သူမကို အစ်မကြီးလို့ ခေါ်လိုက်လေ" အိုရိုက ရှေ့တက်လာ၍ သူ၏ လည်ပင်းကို ဖက်လိုက်သည်။ "အရင်တုံးက ငါတို့လေးယောက် အနက်မှာ ဘယ်သူက ခေါင်းဆောင်လဲ ဆိုတာကို မမေ့ပါနဲ့... မင်းက သူမနေရာကို ယူချင်နေတာလား"

"အိုရို" အိုတိုက အိုရို့ရင်ဘတ်အား သူ၏ တံတောင်ဖြင့် တွက်လိုက်သည်။

+

"အဟမ်း… ရပါတယ်… မင်းတို့ နှစ်ယောက် အကြားမှာ နည်းနည်းလေး အမ်းနေတာ တွေ့လို့ ငါက ရယ်စရာ ပြောခဲ့တာပါ" အိုရိုက နာကျင်သွားဟန်ဆောင်၍ ပြောလိုက်သည်။

"ငါတို့ နောက်ဆုံးတွေ့ခဲ့ကြတဲ့ အချိန်က အတော်ကြီး ကြာသွားပြီ ဖြစ်ပြီး ဒီကနေ့မှာ တောက်ပမြို့တော်ရဲ့ ပန်းပွင့်က ပြန်ရောက်လာပြီ ဖြစ်တော့ ဒီကနေ့ညမှာ အတူ ဆုံကြရအောင်လေ… အရင်က ဆုံနေကျ နေရာကို ဘယ်လို သဘောရသလဲ"

+

"ငွေသမင် အရက်ဆိုင်လား" အန်ဒရီယာက သူမ၏ မျက်ခုံးများကို ပင့်လိုက်သည်။ "အဲ့ဒီနေရာက ရှိနေသေးတာလား"

"ဒါက ဘာပဲပြောပြော လော်ရီး မိသားစုရဲ့ စီးပွားရေးပဲ ဖြစ်နေသေးပြီး လွယ်လွယ်နဲ့ ပိတ်မှာ မဟုတ်ပါဘူး… ဒါပေမဲ့ မန်နေဂျာကတော့ အတော်လေး လုပ်ရည်ကိုင်ရည် မရှိဘူး"

"ဟေး…"

"ငါကတော့ ပြဿနာ မရှိပါဘူး"

+

"ဒီလိုဆိုရင် ဒီလိုပဲ ဆုံးဖြတ်လိုက်ပြီ… ငါက တစ်နေရာ သွားစရာ ရှိသေးလို့ အခု နင်တို့ နှစ်ယောက်ကို ထားခဲ့လိုက်မယ်" အိုရိုက လက်ဝှေ့ယမ်း၍ ပြောလိုက်သည်။

"အန်.. အန်ဒရီယာ…" အိုတိုက အသက်ပြင်းပြင်း ရှူ၍ ပြောလိုက်သည်။ "ငါကနင်နဲ့ သီးသန့် စကားပြောချင်နေတယ်"

သူ့သူငယ်ချင်းသည် အန်ဒရီယာနှင့် စကားပြောရမည့် အခွင့်အရေးကို အဘယ်ကြောင့် လက်လွှတ်ခံခဲ့သည်ကို သူက မသိနေသော်လည်း သူ့အတွက်မူ ဤအရာက အလွန်အမင်း ရှားပါးသော အခွင့်အရေး တစ်ခု ဖြစ်နေသည်။

+

သူသည် သူမအား သတိရနေသည်ကို အိုရိုရှိ၏
စကားများကို ငှားသုံး၍ မပြောလိုနေတော့ပေ။

ထို့အပြင် အန်ဒရီယာ၏ သဘောထားသည် သူတို့
ဆောင်းမဲ့မြို့တော်တွင် တွေ့ခဲ့သည့် အချိန်ကနှင့်
စာလျှင် ပြောင်းလဲလာသည်ဟု ခံစားနေမိသည်။
သူမသည် ကွင်းမိသားစု၏ လေဒီတစ်ယောက်
အဖြစ် သူမကိုယ် သူမ လက်ခံနိုင်သေးဟန်
မပေါ်သော်လည်း အနည်းဆုံးသော သူမ၏
ငယ်သူငယ်ချင်းများကို သူစိမ်းများ အဖြစ်
မဆက်ဆံတော့ပေ။ ထိုအရာကို သူမ ပြုံးခဲ့သည့်
အပြုံးမှနေ၍ မြင်နိုင်ပေသည်။

+

"…" အန်ဒရီယာက ခေတ္တမျှ စဉ်းစားခဲ့ပြီးမှ ခေါင်းညိတ်ပြလိုက်သည်။ "ခြံဝင်းထဲကို သွားရအောင်"

အိုတို အနေဖြင့် သူ၏ရင်က ရုတ်တရက် လျင်မြန်စွာ ခုန်လာခဲ့သည်ဟု ခံစားလိုက်ရသည်။

သူမအား ဖေးမထားသည့်လူက သူတို့အနောက်သို့ လိုက်မလာသဖြင့် သူတို့ နှစ်ယောက်သား ခြံဝင်းအတွင်းသို့ တစ်ယောက်နောက်မှ တစ်ယောက် လျှောက်လာခဲ့လေသည်။

"နင်.. နင်က အဆင်ပြေရဲ့လား" လမ်းလျှောက်လိုက်တိုင်း တုန်ခါနေသည့် စုန်းမ၏

+

ကျောကို ကြည့်နေရင်း အိုတိုက သွားရောက်ဖေးမလိုနေခဲ့သော်လည်း မလုပ်ရဲခဲ့ပေ။

သူတို့ ကလေးဘဝက ဆိုလျှင်တော့ ဤကဲ့သို့သော အပြုအမူမျိုးသည် သာမန်သာ ဖြစ်ပေလိမ့်မည်။

"ဒါက မှော်စွမ်းအား အသုံးလွန်သွားရင် ဖြစ်တတ်တဲ့ ဘေးထွက်ဆိုးကျိုးသာ ဖြစ်ပြီး ခန္ဓာကိုယ်ကို တကယ်တမ်း အန္တရာယ် မဖြစ်စေပါဘူး… အမှန်အတိုင်း ပြောရရင် ငါတို့အားလုံးဟာ ငါတို့ရဲ့ မှော်စွမ်းအား ပမာဏ တိုးတက်လာနိုင်ဖို့ ဒီလို အရာမျိုးကို ဖြတ်သန်း ကျော်လွှားရတယ်… တစ်ရက် နှစ်ရက်လောက်နေရင် ငါက ပုံမှန်အတိုင်း ပြန်ဖြစ်သွားမှာမို့ စိတ်မပူနေပါနဲ့"

+

အန်ဒရီယာက သူမ၏ ပခုံးများကို တွန်းရင်း ပြန်ပြောလိုက်သည်။ "အခုအချိန်မှာ ငါတို့ နှစ်ယောက်ပဲ ရှိတော့တယ်… နင်က ဘာများ ပြောချင်နေလို့လဲ"

အိုတိုက သူ၏ နှုတ်ခမ်းများကို ကိုက်လိုက်သည်။ "ဆောင်းမဲ့မြို့တော်မှာ ငါပြောခဲ့တာကို နင်မှတ်မိသေးလား… အိုရိုက နင့်အုတ်ဂူကို နှစ်တိုင်းသွားပြီး ပန်းတွေ ထားခဲ့တယ် ဆိုတာကိုလေ"

"မှတ်မိတယ်"

+

"အမှန်အတိုင်း ပြောရရင် ငါနင့်ကို မပြောခဲ့တဲ့ အရာတစ်ခု ရှိသေးတယ်" သူက အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။ "ငါကလည်း နှစ်တိုင်း ဒီလိုမျိုး လုပ်ခဲ့တယ်... ဘာဖြစ်လို့လဲ ဆိုတော့ ငါကနင့်ကို မမေ့နိုင်လို့ပဲ"

"အကျဉ်းထောင်ထဲမှာ 'ငါလာနေပြီ' ဆိုတဲ့ နင့်စကားကို ကြားခဲ့ရတုံးက ငါ့ရင်ထဲမှာ ခံစားရတဲ့ ပျော်ရွှင်မှုကို ဖော်ပြလို့တောင် မရနိုင်ဘူး... အဲ့ဒီ အချိန်မှာ ဘာပဲဖြစ်ဖြစ် ငါက နင့်ကို ပြောပြမယ်လို့ ဆုံးဖြတ်လိုက်တယ်... အန်ဒရီယာ... ကျေးဇူးပြုပြီးမှ ဒီမှာပဲ နေနိုင်မလား"

+

အန်ဒရီယာက အံ့အားသင့်သွားပုံ မရပဲ ပြုံးရုံသာ ပြုံး၍ ပြောလိုက်သည်" "ကျေးဇူးတင်ပါတယ်… ဒါပေမဲ့ နင်က သိပ်နောက်ကျသွားပြီ"

"သိပ်နောက်ကျသွားပြီ ဆိုတာက ဘာကို ဆိုလိုနေတာလဲ"

"ငါ့မှာ အမြဲတမ်း အတူ နေရမယ့် တစ်စုံတစ်ယောက် ရှိနေပြီး ဖြစ်တယ်… ဒါကြောင့်မို့ ငါက တောက်ပမြို့တော်မှာ နေနိုင်မှာ မဟုတ်ဘူး" သူမက နူးညံ့ လျင်မြန်စွာဖြင့် ပြန်ပြောလိုက်သည်။ "တကယ်လို့ နင်ကငါ့ကို လွှန်ခဲ့တဲ့ ဆယ်နှစ်ကျော်က တောင်းဆိုခဲ့မယ် ဆိုရင် ငါက သဘောတူခဲ့လောက်မယ်"

+

အိုတိုဧ၏ ရင်က လေးလံသွားသည်။ "သူက အရှင်မင်းမြတ် ရှိလန်လား... တကယ်လို့ သူသာဆိုရင် ငါ့ထက် ပိုကောင်းတဲ့ ရွေးချယ်မှုဆိုတာ သေချာနေတယ်"

"ငါက နိုက်တင်ဂေးနဲ့ ဘယ်တော့မှ ယှဉ်ပြိုင်မှာ မဟုတ်ဘူး" အန်ဒရီယာက သူ့အား ဖြတ်ပြောလိုက်သည်။ "ငါက သူမရဲ့ အယုံကြည်ရဆုံး မဟာမိတ်ပဲ"

"ဘယ်လို..."

+

"အပယ်း… ဘာမှ မဟုတ်တော့ပါဘူး…" သူမက ချောင်းနှစ်ချက် ဆိုးလိုက်သည်။ "အင်း… ဒါက နင်ထင်နေသလို မဟုတ်ဘူး… အိုတို… စုန်းမတွေဟာ မိသားစု သွေးမျိုးဆက်ကို ဆက်နိုင်စွမ်း မရှိပဲ အမှန်အတိုင်း ပြောရရင် ငါက မှူးမတ် စည်းမျဉ်း စည်းကမ်းတွေရဲ့ နှောင်ဖွဲ့မှုကို မခံလိုနေဘူး"

"ဆယ်နှစ်ဆိုတာက အတော်ကြာတဲ့ အချိန်တစ်ခု ဖြစ်ပြီး ငါက နင်သိနေကျ တောက်ပမြို့တော်ရဲ့ ကြယ်ပွင့် မဟုတ်တော့ဘူး… ဒီလိုပုံစံကပဲ ပိုကောင်းပါတယ်… နင်နားလည်သလား"

+

အိုတိုက သူ၏ ပါးစပ်ကို ဟကာ "ငါက မှုုးမတ်တွေနဲ့ ပတ်သတ်တဲ့ အရာမှန်သမျှ စွန့်လွှတ်နိုင်ပါတယ်" ဟု ပြောမည် ကြံခဲ့စဉ်တွင် မမြင်နိုင်သော အင်အားတစ်ခုက သူမပြောနိုင်မီ သူ့အား ဟန့်တားခဲ့သည်။

သူသည် မည်သည့် တာဝန်ကိုမှ မယူပဲ ရှောင်တိမ်းနိုင်သည့် စိတ်ပြောင်းလွယ်သော ကလေးတစ်ယောက် မဟုတ်တော့ပေ။

ဤသို့လုပ်လိုက်လျှင် သူ့ဖခင်နှင့် သူ့ညီမ ဘလင်ဒါတို့ အတွက် အကြီးအကျယ် စိတ်ပျက်ဖွယ်ရာ ဖြစ်သွားပေလိမ့်မည်။

+

နောက်ဆုံးတွင် အိုတို အနေဖြင့် အန်ဒရီယာ၏
ကျောပြင်က ခြံဝင်း တံခါးဝမှ ကျော်ဖြတ်
ပျောက်ကွယ်သွားသည်ကိုသာ
ကြည့်နိုင်ခဲ့လေသည်။

## စာစဥ် ၆၃ : အပိုင်း ၁၂

## အပိုင်း ၉၄၂ : သေမျိုးတစ်ယောက်သာ

နှစ်ရက် ကြာပြီးနောက်၊

တောက်ပမြို့တော်၏ နန်းတော် အတွင်းတွင်
ဖြစ်သည်။

+

"နင်က ဒီကနေ့ပဲ သွားတော့မှာလား... ဒီနေရာမှာ နည်းနည်းလေး ထပ်မနေတော့ဘူးလား" ဟော်ဖော့ကွင်းက သူ့အား လာရောက် နှုတ်ဆက်ခဲ့သော အန်ဒရီယာအား ကြည့်နေရင်း ရင်အတွင်းမှ ရှုပ်ထွေးနေသော ခံစားချက်များဖြင့် မေးလိုက်သည်။ "အိုတိုနဲ့ ကျန်တဲ့သူတွေကလည်း နင်နဲ့အတူ အချိန်ပိုဖြုန်းလိုနေကြမှာပဲ"

"ကျွန်မက ဆောင်းမဲ့မြို့တော်ကနေ ထွက်လာတာ အကြာကြီး ရှိနေပြီ ဖြစ်ပြီး အဲ့ဒီမှာ ကျွန်မကို စောင့်နေကြတဲ့သူတွေ ရှိတယ်" အန်ဒရီယာက ပွင့်လင်းစွာ ပြောလိုက်သည်။

+

"ဒီကနေ့ဟာ အရဏ်ဦး နိုင်ငံရဲ့ အုပ်ချုပ်သူဟောင်း နေရာမှာ အုပ်ချုပ်သူ အသစ်နဲ့ အစားထိုးတဲ့နေ့ ဖြစ်ပြီး သူတို့ဟာ မိသားစု ဆက်ခံသူတွေ အနေနဲ့ ညှော့ခံပွဲတွေ ကစားပွဲတွေမှာပဲ အချိန်ကုန်နေလို့ မဖြစ်ဘူး… ကျွန်မတို့ဟာ မိတ်ဆွေတွေပဲ ဖြစ်တာမို့ တစ်ခေါက် တွေ့ရရင် လုံလောက်နေပါပြီ"

သူမက တကယ်ကို ပြောင်းလဲသွားတာပဲ။ အားလ်က သူ့ကိုယ်သူ တွေးလိုက်လေသည်။

သူမက ရင့်ကျက်သွားခဲ့လေပြီ။

+

"မီးခိုးရောင် ရဲတိုက်နဲ့ နောက်ပိုင်း စေ့စပ် ညှိနှိုင်းမှုတွေ အတွက် မင်းအနေနဲ့ အကြံပြုစရာများ ရှိသလား"

"ကျွန်မဟာ ဆောင်းမဲ့မြို့တော်ရဲ့ အုပ်ချုပ်မှု ကိစ္စတွေနဲ့ ပတ်သတ်ပြီး ဘာမှ မသိပဲ ဒီအတွက် တာဝန်ယူထားတဲ့သူတွေက မှူးမတ်တွေ မဟုတ်ပဲ စမ်းသပ်မှု အချို့ကို အောင်မြင်ပြီးခဲ့တဲ့ သူတွေပဲ ဖြစ်ကြတယ်"

"တကယ်လို့ ရှင်က အသေးစိတ် သိလိုနေရင် ဟေးဖော့ခ်ကို မေးသင့်တယ်... သူက အနောက်ပိုင်း ဒေသနဲ့ အမြဲတမ်း အဆက်အသွယ်တွေ ရှိနေတယ်" အန်ဒရီယာက ခေတ္တမျှ တုံ့ဆိုင်းသွားသည်။

+

"ကျွန်မရဲ့ အကြံကို လိုချင်နေတယ် ဆိုရင်တော့ အေပန်လိုမျိုး အမှားမျိုး မလုပ်ပါနဲ့လို့ ပြောရမှာပဲ"

ဟောဲဖော့က မချိပြုံး ပြုံးလိုက်သည်။ "ရိုလန် ဝင်ဘယ်ဒန် ပိုင်ဆိုင်ထားတဲ့ အင်အားကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ အပြီးမှာ မီးခိုးရောင် ရဲတိုက်ကို ဆက်လက် ခုခံဖို့ ကြိုးစားနေသေးရင် အတော်လေး တုံးအတယ်လို့ ပြောရလိမ့်မယ်"

"ဒါတင် မကသေးပါဘူး..." အန်ဒရီယာက သူမ၏ ခေါင်းကို ခါလိုက်သည်။ "လာတော့မယ့် နတ်ဘုရားဆန္ဒ စစ်ပွဲဟာ လူသား မျိုးနွယ်စု တစ်ခုလုံးရဲ့ ကံကြမ္မာနဲ့ ပတ်သတ်နေတာကြောင့်

+

ကျွန်မတို့ အချင်းချင်း ရန်ဖြစ်နေကြရင် ပျက်စီးမှုကို ပိုမြန်အောင် လုပ်တာနဲ့ အတူတူပဲ"

"ဒီလိုသာဆိုရင် လာတော့မယ့် စစ်ပွဲမှာ မီးခိုးရောင် ရဲတိုက်ဖြစ်ဖြစ် အရုဏ်ဦး နိုင်ငံဖြစ်ဖြစ် ဒီကပ်ဆိုးကနေ ကျော်လွှားနိုင်မှာ မဟုတ်ဘူး… ဒီလိုဆိုတော့ ကျွန်မတို့ မိသားစုတွေ အတွက် ပိုမို အကျိုးရှိနိုင်မယ့် အရာတွေကိုသာ စိတ်ထဲမှာ ထားရမယ်"

"အကောင်းဆုံး ရရှိနိုင်မယ့် အကျိုးအမြတ်က အသက်ရှင် ကျန်နိုင်ခဲ့တာပဲ" ဟော်ဖော့က သူ့သမီး စကားလုံးများ၏ အဓိပ္ပာယ်ကို လျင်မြန်စွာ နားလည်သွားခဲ့သည်။

+

"ကျွန်မတို့ရဲ့ အသက်ရှင်နိုင်မယ့် မျှော်လင့်ချက်ဟာ အခုအချိန်မှာ အရှင်မင်းမြတ် ရှိလန် အပေါ်မှာ လုံးလုံးလျားလျား မှီခိုနေခဲ့တယ်" သူမက သူမ၏ လက်များကို ဖွေ့ယမ်း၍ ပြောလိုက်သည်။ "ဒီလိုဆိုတော့ အရဏ်ဦး နိုင်ငံကို တည်ငြိမ်အောင် ထိန်းသိမ်းနေရင်း နတ်ဘုရားဆန္ဒ စစ်ပွဲကို ကျော်ဖြတ်နိုင်ဖို့ မီးခိုးရောင် ရဲတိုက်နဲ့ ပူးပေါင်း ဆောင်ရွက်ပါ... ဒါက ကျွန်မရဲ့ အကြံပေးချက်ပဲ"

အားလ်ကွင်းက ဖြည်းညင်းစွာဖြင့် ခေါင်းညိတ်လိုက်သည်။ "ငါနားလည်ပါပြီ"

+

အန်ဒရီယာက နောက်ပြန်လှည့်သွားသော
အချိန်တွင် သူက သူမအား ထပ်ဖန်တစ်ခါ
ဟန့်တားလိုက်ပြန်သည်။

"ငါ..."

"ရှင်က ဒီကနေ့မှာ လုပ်စရာ အများကြီး ရှိနေတဲ့
အတွက် ကျွန်မကို လိုက်ပို့ဖို့ မလိုပါဘူး... ပြီးတော့
နတ်ဘုရား စီရင်ခြင်း စုန်းမတွေက ကျွန်မနဲ့ အတူ
ဆောင်းမဲ့မြို့တော်ကို ပြန်လာမှာ ဖြစ်တဲ့အတွက်
ကျွန်မ လုံခြုံရေးကိုလည်း စိတ်ပူနေစရာ မလိုပါဘူး"
သူမက နောက်ပြန်မလှည့်ပဲနှင့် ပြောလိုက်သည်။

+

"မဟုတ်ဘူး… ငါပြောချင်နေတာက…
ငါတောင်းပန်ပါတယ်… သမီးလေး"
ဤစကားများကို ပြောခဲ့သည့် အချိန်တွင်
ဟောင်ဖော့သည် ရုတ်တရက် အသက်များစွာ
ကြီးသွားသည့်ပုံ ပေါက်သွားသော်လည်း သူ၏
နှလုံးသားကမူ ကြီးမားသော ဝန်ထုပ်ဝန်ပိုး တစ်ခု
လျော့ကျသွားသကဲ့သို့ ခံစားခဲ့ရသည်။

အမှန်အတိုင်း ပြောရလျှင် သူ့တွင် ပြောစရာ များစွာ
ရှိသေးသည်။ ဥပမာအားဖြင့် ထိုအချိန်က သူမအား
အဝေးပို့လိုက်ခြင်းသည် မိသားစု အတွက် အမှန်ပင်
ဖြစ်နေသော်လည်း သူမအား ကာကွယ်ရန်
အတွက်လည်း ပါနေကြောင်း ဖြစ်သည်။ ထို့အပြင်
ဤကိစ္စအား သူ့ဇနီးနှင့် မတိုင်ပင်ခဲ့ခြင်း အတွက်
မည်မျှအထိ နောင်တရနေကြောင်းလည်း ပါသည်။

+

အကယ်၍ သူ့တွင် ထပ်မံရွေးချယ်ရန် အခွင့်အရေး တစ်ခု ရခဲ့ပါက သူယခင် လုပ်ခဲ့သကဲ့သို့ လုပ်ခဲ့တော့မည် မဟုတ်ချေ။ နောက်ဆုံးအနေဖြင့် သူမက ကောင်းမွန်စွာ အသက်ရှင်နေကြောင်း အိုတိုထံမှ ကြားခဲ့ရချိန်တွင် သူက မည်မျှအထိ ပျော်ရွှင်စွာ ခံစားခဲ့ရသည်ကို ပြောပြချင်နေခဲ့သည်။

သို့သော်လည်း သူတို့၏ ဆက်ဆံရေးက ပျက်စီးသွားခဲ့ပြီ ဖြစ်သည်ကို အားလပ်ကွင်းအနေဖြင့် နားလည်နေခဲ့သည်။ သူက ယခုအချိန်တွင် မည်ကဲ့သို့ ပြောခဲ့သော်လည်း စကားလှအောင် ပြောနေသည့် အကြောင်းပြချက်များနှင့်သာ

+

တူနေပေလိမ့်မည်။ ထိုအရာသည် သူ့ဆုံးဖြတ်ချက် အတွက် ပေးဆပ်ခဲ့ရသည့် တန်ဖိုး ဖြစ်သည်။

ယခုအချိန်တွင် အန်ဒရီယာ အနေဖြင့် များစွာ ရင့်ကျက်လာပြီ ဖြစ်နေသဖြင့် သူကလည်း သူမအရှေ့တွင် မြင်မကောင်းအောင် ပြုမူနေ၍ မသင့်တော့ချေ။

ဘာမှ ဆက်မပြောတော့ပဲနှင့် အားလ်အိုက သူ၏ မျက်လုံးများကို မှိတ်လိုက်လေသည်။

"အင်း... ဒီလိုဆိုရင် ကျွန်မ သွားတော့မယ်"

+

သူ့သမီး၏ ခြေလှမ်းများက ဖြည်းဖြည်းချင်း အသံတိုးသွားကာ နောက်ဆုံးတွင် သူ့နားအတွင်းမှ ပျောက်ကွယ်သွားခဲ့လေသည်။ သူအလွန်အမင်း မျှော်လင့် တောင့်တနေသည့် 'အဖေ' ဟူသော စကားလုံးကို မကြားခဲ့ရသော်လည်း သူမ၏ ဆက်ဆံပုံက ယခင်ကကဲ့သို့ အေးစက်နေခြင်း မရှိတော့ကြောင်းကို သူက ခံစားနိုင်ခဲ့သည်။ အနည်းဆုံးတော့ သူမက သူ့အား သခင်အားလ်ဟု ခေါ်ဝေါ်ခဲ့ခြင်း မရှိတော့ပေ။

ထိုအရာကလည်း လက်ခံနိုင်သည့် အရာတစ်ခုဟု သူက တွေးလိုက်သည်။ ဘာပဲပြောပြော ဤအရာသည် ယာယီ နှုတ်ဆက်ခြင်းသာ ဖြစ်ပြီး အနာဂတ်တွင် သူတို့ အချင်းချင်း တွေ့နိုင်သည့် အခွင့်အရေး ရှိနေနိုင်သေးသည်။

+

အချိန်က ဒဏ်ရာ အားလုံးကို ကုစားနိုင်ပေသည်။

လွန်ခဲ့သော ဆယ်နှစ်က ဆုံးဖြတ်ချက်သည် သူ့အား ဤမျှအထိ ဆုံးရှုံးသွားစေခဲ့သည်။

သို့သော်လည်း ဟော်ဖော့ကွင်း အနေဖြင့် သူ့အမှားကို အဖတ် ပြန်ဆယ်ရန် တူညီသော အချိန် ပမာဏကို အသုံးပြုမည်ဟု ဆုံးဖြတ်ချက် ချခဲ့လေသည်။

*********

+

အဖြူရောင် ရေလှိုင်း ပင်လယ်အောက်မှ ထွက်ခွာလာခဲ့ပြီးတွင် သင်္ဘောက ပင်လယ် အတွင်းသို့ ရောက်လာခဲ့လေသည်။

အေပန်သည် သူ၏ လက်အတွင်းမှ မြေပုံကို အောက်ချလိုက်ပြီး သင်္ဘော ပြတင်းပေါက်မှ တဆင့် အပြင်သို့ လှမ်းကြည့်လိုက်သည်။

ဤလမ်းကြောင်းသည် ဝံပုလွေ နှလုံးသား နိုင်ငံ၏ ရေလှိုင်း အလင်းရောင် ဆိပ်ကမ်းနှင့် ဆက်သွယ်ထားသည့် အဓိက ကုန်သွယ်လမ်းကြောင်းများ အနက် တစ်ခုဖြစ်ပြီး အချိန်နှင့် အမျှ သူတို့သည် သွားလာ

+

လှုပ်ရှားနေကြသော ကုန်သည်လှေများကို တွေ့နိုင်ပေသည်။

တစ်ခါတစ်ရံတွင် သူတို့အနားသို့ တံငါလှေ အချို့ ချဉ်းကပ်လာကာ လတ်ဆတ်သော ငါးများနှင့် ဟင်းသီး ဟင်းရွက်များကို ရောင်းချရန် ကြိုးစားခဲ့ကြသည်။

အကယ်၍ သူက ဘုရင် ဖြစ်နေသေးပါက သူ့အနားတွင် ရွက်လွှင့်နေသော လှေများသည် တော်ဝင် အလံကို လွှင့်ထူထားသည့် သုံးပင်တိုင် ရွက်သင်္ဘောကြီးများ ဖြစ်နေကြမည် ဖြစ်ပြီး သူက လတ်ဆတ်သော အစာများကို စားသုံးလိုနေခဲ့ပါက

+

အစေခံများကို အလွယ်တကူ ခိုင်းစေလိုက်ရုံပင် ဖြစ်သည်။

အရာအားလုံး အတွက် ထိုသစ္စာဖောက်ကောင်များကို အပြစ်တင်ရမည်သာ ဖြစ်သည်။

သူနန်းအချခံခဲ့ရသည်မှာ တစ်ပတ် ရှိသွားပြီ ဖြစ်ပြီး ထိုအချိန် အတွင်း၌ သူသည် ပြန်လာနိုင်မည့် နေ့အကြောင်းကို မစဥ်းစားပဲ မနေနိုင်ခဲ့ချေ။ အကယ်၍ သူသည် မီးခိုးရောင် ရဲတိုက် ဘုရင်အား ဘာမှ မလုပ်နိုင်ခဲ့လျှင်ပင် မိသားစုကြီး သုံးခုတို့အား သူ၏ မြို့တော်နှင့် သူတို့ ပုန်ကန်မှု

+

အသီးအပွင့်များကို ခံစားခွင့် ပေးနိုင်လိမ့်မည် မဟုတ်ပေ။

အသေအချာ စဥ်းစား သုံးသပ်ခဲ့အပြီးတွင် အေပန်သည် နောက်ဆုံးတွင် သူ၏ ပထမ ပန်းတိုင်ကို ရွေးချယ်နိုင်ခဲ့သည်။ ဝံပုလွေ နှလုံးသား နိုင်ငံမှ ဓားသွားတစ်ထောင် ခံတပ် ဖြစ်သည်။ ထိုနေရာသည် အရုဏ်ဦး နိုင်ငံ၏ နယ်စပ်နှင့် ကပ်လျက် တည်ရှိနေပြီး သူ့သခင်က အရုဏ်ဦး နိုင်ငံ၏ မှူးမတ်များနှင့် ဆွေမျိုးနီးစပ် တော်စပ်သည်ဟု ကောလာဟလများ ရှိနေသည်။

သို့ဖြစ်၍ သူသည် မိုရာ မိသားစု အပေါ်၌ ခက်ထန် ကြမ်းတမ်းစွာ ဆက်ဆံလိမ့်မည် မဟုတ်ချေ။

+

သို့သော်လည်း အရေးအကြီးဆုံး အချက်မှာ တိုင်းပြည် နှစ်ခုအတွင်းတွင် နေထိုင်ကြသော မှူးမတ်များ၏ နီးစပ်သော ဆက်ဆံရေးကြောင့် အကယ်၍ သူ့မိသားစု နာမည်ကို လိုအပ်လာခဲ့လျှင် သူ့အား အလွယ်တကူ ဆက်သွယ်နိုင်မည် ဖြစ်လေသည်။

မှူးမတ်များသည် အမြဲတမ်း တစ်ဦးအပေါ် တစ်ဦး ပူးပေါင်း ကြံစည်မှုများ ပြုလုပ်နေကြသော်လည်း နောက်ဆုံးတွင်မူ အားလုံးတို့သည် ကိုယ်ပိုင် အကျိုးအမြတ်များကိုသာ ကြည့်တတ်ကြသူများ ဖြစ်သည်။ သူသည် ယခုအချိန်၌ တောက်ပမြို့တော်၏ အုပ်ချုပ်သူ တစ်ယောက် မဟုတ်တော့သဖြင့် သူတို့၏ အကျိုးအမြတ်များက ပဋိပက္ခ ဖြစ်စရာ အကြောင်း မရှိနေပေ။

+

ထို့အပြင် သူတို့အား အကျိုးအမြတ် အသစ်များ ရနိုင်ရန် အတွက် သူ၏ မိသားစု နာမည်က အသုံးဝင်လာနိုင်သည်။

လက်စားချေရန် အတွက် အောပန်သည် ယခုအချိန်၌ သူ၏ အလိုမကျသော ခံစားချက်များကို ဖိနှိပ်ထားရန် ဆုံးဖြတ်ခဲ့သည်။ အချိန် ကျလာခဲ့လျှင် သူ့အား လျှော့တွက်ခဲ့ကြသော လူအားလုံးကို တန်ဖိုး ကြီးကြီးမားမား ပေးဆပ်စေရပေလိမ့်မည်။

ဤအကြောင်းကို တွေးမိသည်နှင့် သူ၏ စိတ်က ပြန်လည် ရွှင်ပြလာခဲ့ပြီး တစ်ချိန်တည်းပင် ဆာလောင်လာသကဲ့သို့ ခံစားခဲ့ရသည်။

+

အရဏ်ဦး ကမ်းရိုးတန်းမှ ထွက်ခွာလာခဲ့ အပြီးတွင် ဤလမ်းကြောင်းတွင် တွေ့ရမည့် လှေများက ပို၍ပို၍ နည်းပါးလာမည် ဖြစ်သဖြင့် ယခုအချိန်၌ အသီးအချို့ စားသုံးရန် ကောင်းမည်ဟု သူက တွေးလိုက်သည်။ ထိုအချိန်၌ပင် သူ့လှေအနားသို့ ငါးဖမ်းလှေ တစ်စင်း ဆိုက်ကပ်လာသည့် အသံကို ကြားလိုက်ရလေသည်။

အေပန်သည် အပြင်ဘက်မှ ခေါင်းလောင်း တစ်ခုနှင့် ဆက်သွယ်ထားသည့် သူ့စားပွဲပေါ်မှ သေးသွယ်သော ကြိုးတစ်ချောင်းကို လှုပ်ခါလိုက်သည်။ ခေါင်းလောင်းသံ မြည်သည့်

+

အချိန်တိုင်းတွင် အစေခံ တစ်ယောက်က ဝင်လာလိမ့်မည် ဖြစ်သည်။

သို့သော်လည်း ဤအချိန်၌မူ ပြင်ပတွင် မည်သည့် တုံ့ပြန်မှုမှ မရှိခဲ့ပေ။

သူ၏ မျက်ခုံးများက ချက်ချင်း မြင့်တက်သွားသည်။

သူ၏ အစေခံကပင် အပျင်းထူရဲနေသည့် အခြေအနေအထိ နိမ့်ကျသွားလိမ့်မည်ဟု သူက မယုံကြည်နိုင်ခဲ့ပဲ တစ်စုံတစ်ယောက်အား သတ်ဖြတ်လိုနေသည့် ဆန္ဒက ပြင်းပြလာခဲ့သည်။

+

ကောင်းပြီ၊ သူမသည် သူမ၏ ပေါ့လျော့မှု အတွက် တန်ဖိုး ပေးဆပ်ရတော့မည် ဖြစ်သည်။ သူ၏ နောက်လိုက်အုပ်စု အတွင်းတွင် မိုရာ မိသားစု အဖွဲ့ဝင်များနှင့် သူ၏ သစ္စာရှိ နိုက်သူရဲကောင်းများမှ လွဲ၍ ကျန်သောသူများကို သင်ခန်းစာ ကောင်းကောင်းပေးရန် လိုအပ်နေပေသည်။

သဘော်ာပေါ်တွင် ရောက်နေချိန်၌ပင် သူရှိနေသည့် အချိန်တွင် သူတို့သည် နန်းတော် အတွင်းတွင် ရောက်နေသကဲ့သို့ ပြုမူ ဆောင်ရွက်နေရမည် ဖြစ်သည်။

+

အေပန်သည် အခန်းအပြင်သို့
ထွက်လိုက်သော်လည်း တစ်ယောက်ကိုမှ
မတွေ့ခဲ့ရပေ။ အစေခံများသာ မကပဲ
သဘော်သားများ၊ သူ၏ အစောင့်များ၊
ကျေးကျွန်များ... တစ်ယောက်မှ မရှိကြတော့ပေ။

သဘော်ခန်းသည် ထူးခြားစွာ တိတ်ဆိတ်
ငြိမ်သက်လျက် ရှိပြီး သဘော်အား လာရောက်
ရိုက်ခတ်နေသည့် လှိုင်းသံများကိုသာ
ကြားနိုင်ခဲ့သည်။

သူ၏ ကျောပြင်မှ ချွေးအေးများ စတင်
စီးဆင်းလာသည်ကို ရုတ်တရက် ခံစားမိလိုက်သည်။

+

တစ်စုံတစ်ခုက မှားနေလေပြီ။

သူက အစွန့်ပစ်ခံခဲ့ရပြီလော။ မဟုတ်ပေ၊
ထိုအရာက မဖြစ်နိုင်ပေ။ ကြေးစားနှင့်
အစေခံများက ထွက်ခွာသွားလိုနေခဲ့လျှင်ပင်
သူ့မိသားစု လေ့ကျင့်ထားသည့် သူ၏ သစ္စာရှိ
နိုက်သူရဲကောင်းများက သူတို့အား သေချာပေါက်
တားဆီးကြမည် ဖြစ်သည်။ ထို့အပြင်
အငြင်းပွားမှုကြောင့် အနည်းဆုံး အသံအချို့
ထွက်ပေါ်လာခဲ့ပေလိမ့်မည်။

အေပန်သည် အပေါ်သို့ တက်သွား၍ ကုန်းပတ်အား
အကဲခတ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ အပေါ်တွင်
အနည်းဆုံးတော့ သဘော်သား အချို့ ရှိနေလိမ့်မည်

+

ဖြစ်သည်။ သို့သော်လည်း သူနောက်ပြန်လှည့်မည်ပြုခဲ့သော အချိန်၌ပင် သွေးစွန်းနေသော ခေါးမြှောင်တစ်ခုက သူ့လည်ပင်းသို့ ချိန်ရွယ်ထားသည်ကို တွေ့လိုက်ရလေသည်။

ခေါးမြှောင်အား ကိုင်ဆောင်ထားသူမှာ မျက်လုံးများက ကြယ်စင်ကဲ့သို့ လင်းလက်တောက်ပနေသော်လည်း အလွန်အမင်းကို ရုပ်ဆိုးသော အမျိုးသမီး တစ်ယောက် ဖြစ်ပေသည်။

သူမသည် သင်္ဘော အဖွဲ့သားများ အတွင်းတွင် မပါမှန်းကို အေပန်က ချက်ချင်း သဘောပေါက်သွားသည်။ ဤမျှအထိ သိသာထင်ရှားသော အသွင်အပြင် ရှိသည့်

+

လူတစ်ယောက် ပါလာခဲ့လျှင် သူသည်
အစကတည်းက သတိပြုမိမည် ဖြစ်သည်။

သူမသည် ကျူးကျော် ဝင်ရောက်လာသူ
တစ်ယောက် ဖြစ်ပေလိမ့်မည်။

"မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ…
မင်းကိုယ်မင်း ဘာလုပ်နေတယ် ဆိုတာရော
သိရဲ့လား… အောက်တန်းစားမ… ငါက အရဏ်ဦး
ဘုရင်ဖြစ်ပြီး မိုရာ မိသားစုရဲ့…"

သူ၏ အသံက ရုတ်တရက်ပင် ရပ်တန့်သွားသည်။

+

သူ၏ လည်ပင်းမှ သွေးများ ပန်းထွက်လာပြီး သူက လည်ချောင်းမှ တဆင့် အသက်ရှူ၍ မရတော့ကြောင်းကို တွေ့လိုက်ရသည်။ သူ၏ လည်ပင်းမှ ပြင်းထန်စွာ နာကျင်သည့် ဝေဒနာ တစ်ခုသည် ရင်ဘတ်သို့ ရောက်လာ၍ သူ၏ တစ်ကိုယ်လုံးက အေးစက်သွားကာ သူ့စွမ်းအားများ အားလုံးက ပျောက်ကွယ်သွားခဲ့သည်။

သူလဲကျသွားသော အချိန်တွင် သူ၏ ခေါင်းပေါ်မှ တီးတိုး ရေရွတ်သံ တစ်ခုကိုသာ ကြားနိုင်ခဲ့လေသည်။

"ဘာပဲပြောပြော မင်းက သေမျိုးတစ်ယောက်သာပါပဲ"

+

# စာစဉ် ၆၃ : အပိုင်း ၁၃

# အပိုင်း ၉၄၃ : ပျံ့နှံ့သွားသော အနက်ရောင်မီးတောက်

"အားလုံး ရှင်းပြီးသွားပြီလား"

ကုန်းပတ်ပေါ်မှ ဆင်းလာသော ဇိုဝီအား ကြည့်နေရင်း အယ်လီနာက မေးလိုက်သည်။

"အင်း... အချိန် နည်းနည်းတော့ ယူလိုက်ရတယ်" ဇိုဝီက သူမ၏ မျက်နှာပေါ်မှ သွေးစိမ်းများကို

+

သုတ်ပြီးမှ ပြောလိုက်သည်။ "ကံကောင်းစွာနဲ့ အခုအချိန်မှာ အားလုံး ရှင်းသွားပြီ"

"ငါတို့က ဘာဆက်လုပ်ကြမှာလဲ" ဘက်တီက ပခုံးတွန့်နေရင်း မေးလိုက်သည်။ "အရှင်မင်းမြတ် ရိုလန့်ကို တင်ပြချက် တစ်ခု ရေးရမှာလား"

"အယ်လီနာကိုသာ တာဝန်ပေးလိုက်ပါ... ငါက အကျဥ်းချုံးရေးတဲ့ နေရာမှာ မကျွမ်းကျင်ဘူး... ဘာပဲပြောပြော အရှင်မင်းမြတ်ကလည်း ဒါကို သိပ်ပြီးမှ လေးလေးနက်နက် ထားမနေပါဘူး... သူက ငါတို့ကို အခြေအနေကို ထိန်းသိမ်းနိုင်ဖို့ လိုအပ်တဲ့ နည်းလမ်းတိုင်းကို အသုံးပြုနိုင်တယ်လို့သာ ပြောထားခဲ့တယ်"

+

"အေပန်ဟာ ပြောင်းလဲမှုကို မလိုလားတဲ့ လူတစ်ယောက် ဖြစ်ပြီး မကောင်းတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြည့်နေတဲ့ လူတစ်ယောက်လို့သာ ရေးလိုက်ပါ... ဒီလိုမျိုး လူတစ်ယောက်က သေသွားတာ အကောင်းဆုံးပဲ"

"ဒါက အမှန်ပဲ" ဘက်တီသည် သူမက ထိုအရာကို တွေးပြီးသား ဖြစ်နေသကဲ့သို့ ပြောလိုက်သည်။ "တကယ်လို့ သူက မကောင်းတဲ့ ရည်ရွယ်ချက်တွေ မရှိခဲ့ရင် အရဏ်ဦး နိုင်ငံနဲ့ အနီးဆုံး နယ်စပ်မြို့ တစ်ခုကို ဘာဖြစ်လို့ ရွေးချယ်ခဲ့မှာလဲ"

+

"အရှင်မင်းမြတ်က ဒါကို လေးလေးနက်နက် သဘောထားမှာ မဟုတ်ပေမဲ့ ငါတို့ကတော့ ဒီလိုလုပ်လို့ မရဘူး" အယ်လီနာက သူမ၏ လည်ချောင်းကို ရှင်းကာ ပြောလိုက်သည်။

"ငါက မြို့တော်ခန်းမ အတွင်းက အစည်းအဝေး မှတ်တမ်း တစ်ခုအတိုင်း နင်ပြောတာတွေ အပါအဝင် အကျိုးအကြောင်း အသေးစိတ်ကို သုံးသပ် တွက်ချက် ရေးသားလိုက်မယ်"

"နင်က အိမ်မက်ကမ္ဘာ အတွင်းကို အခေါက်အနည်းငယ် ပိုဝင်ရဖို့ အရှင်မင်းမြတ်ရဲ့ မျက်နှာသာ အပေးခံရမှုကို လိုချင်နေတာပဲ

+

ဖြစ်ရမယ်" ဇိုဝီက သူမအား မျက်စောင်းထိုးကာ ပြောလေသည်။

"နင်.. နင်က ဘာပြောလိုက်တယ်"

"တကယ်လား… ငါက ဘာဖြစ်လို့ ဒီလို မစဥ်းစားမိရတာလဲ" ဘက်တီက အယ်လီနာအား စိတ်လှုပ်ရှားစွာဖြင့် ကြည့်လိုက်သည်။ "တရားဝင် တင်ပြချက် တစ်ခုကို ဘယ်လို ရေးရမလဲ ဆိုတာ နင်ကငါ့ကို သင်ပြပေးနိုင်မလား"

"အင်… ကြည့်ကြတာပေါ့" အယ်လီနာက ခြောက်ကပ်စွာ ရယ်လိုက်သည်။ "ပထမဆုံး အလုပ်တွေကို အရင်ပြီးအောင် လုပ်ကြစို့"

+

"ဟုတ်တယ်" ဇိုဝီက သူမ၏ မျက်နှာပေါ်မှ သရော်နေသည့် အပြုံးကို ရုပ်သိမ်းလိုက်သည်။ "ဒါပေမဲ့ ငါတို့ အခု ပြောခဲ့တဲ့ အရာတွေကို တင်ပြချက်ထဲမှာ ထည့်မရေးလိုက်နဲ့နော်"

"ငါသိပါတယ်" အယ်လီနာက ကုန်းပတ်၏ တစ်ဘက်ခြမ်းတွင် ရှိနေသော အနက်ရောင် ဝတ်စုံနှင့် လူအချို့အား လက်ဖွေ့ယမ်းပြလိုက်သည်။ "ဒီကို လာခဲ့ကြပါ"

လူနှစ်ယောက်တို့၏ လက်များဖြင့် ဖေးမထားခြင်းကို ခံနေရသော ဦးဆောင်သည့်လူက စုန်းမများထံသို့ လျှောက်လာခဲ့ကာ

+

ဦးညွတ်လိုက်သည်။ "လေဒီ အော်ရီကယ်...
ကျွန်တော်က ဘာများ လုပ်ပေးရပါမလဲ"

"မင်းက ဒီနေရာကို ငါတို့နဲ့ အတူ လိုက်လာဖို့
ဆန္ဒရှိနေတယ် ဆိုတော့ အပြည့်အဝ
ပြင်ဆင်ထားပြီး ဖြစ်တယ်လို့ ဆိုလိုနေတာပဲ...
ဟုတ်တယ်မလား" အယ်လီနာက လေးနက်စွာဖြင့်
မေးလိုက်သည်။

ထိုအဘိုးအိုသည် အနက်ရောင် ပိုက်ဆံကို
တည်ထောင်ခဲ့သော တောက်ပမြို့တော်၏
ဒဏ္ဍာရီလာ ကုန်သည် ဖြစ်သူ ဘားနတ် လိုသာမှ
လွဲ၍ အခြားမဟုတ်ချေ။

+

နတ်ဘုရား စီရင်ခြင်း စုန်းမများသည် တိုက်ခိုက်မှု စွမ်းရည်များတွင် ပြိုင်ဘက်ကင်းသော်လည်း အေပန်အား ပင်လယ်အတွင်း ကြားဖြတ် တိုက်ခိုက်ရန်နှင့် သူ၏ သေဆုံးမှုက မီးခိုးရောင် ရဲတိုက်နှင့် ပတ်သတ်သည်ဟူသော သဲလွန်စ မကျန်စေရန် အစရှိသော ကိစ္စမျိုးအတွက်မူ သာမန်လူများ၏ ကူညီမှုအား လိုအပ်နေသေးသည်။

သာမန်လူ တစ်ယောက် အတွက် ရှင်ဘုရင်အား လုပ်ကြံ သတ်ဖြတ်မှုသည် မမှန်းဆနိုင်အောင် ကြီးလေးသော ပြစ်မှု တစ်ခုဖြစ်သည်။ အထူးသဖြင့် တော်ဝင်မျိုးဆက် တစ်ခုလုံးအား အဆုံးသတ်စေသည့် အချိန်တွင် ဖြစ်သည်။

+

တစ်ယောက်က မည်မျှပင် ချမ်းသာ ကြွယ်ဝပါစေ ဤကဲ့သို့သော မျိုးဆက်တစ်ယောက်၏ အရှိန်အဝါကို မည်သို့မှ ယှဥ်နိုင်မည် မဟုတ်ပဲ ထိုအရာကို ဘားနတ်၏ တုန်ခါနေသော ပခုံးများက ပြသနေသည်။ သို့သော်လည်း သူက လှုပ်ရှားမှုကို ပြုလုပ်ခဲ့သေးသဖြင့် သူ၏ ရည်ရွယ်ချက်များက သိသာနေသည်။

"ဟုတ်ကဲ့ပါ... ကျွန်တော်က သခင်မ အတွက် တာဝန်ထမ်းဆောင်ဖို့ လိုလားနေပါတယ်"

"စိတ်လျှော့ပါ" အယ်လီနာက သူ၏ ပခုံးအား ကျေနပ် အားရစွာဖြင့် ပုတ်လိုက်သည်။ "နတ်ဒေဝါတွေရဲ့ မျက်လုံး အတွင်းမှာ

+

သာမန်လူတွေရဲ့ ဘွဲ့ထူးတွေက အဓိပ္ပာယ် မရှိပါဘူး... ဘုရင်ဆိုလည်း ဘာဖြစ်တုံး... ဒါက ဘွဲ့ထူးတစ်ခုပါပဲ... မင်းက နောက်တစ်ဆင့် ဘာလုပ်ဖို့ စီစဉ်ထားသလဲ ဆိုတာ ငါ့ကို ပြောပြပါဦး"

ဘားနတ်က အနည်းငယ် စိတ်သက်သာရာ ရသွားသည်။ "အကြံသုံးခု အတွင်းမှာ ကျွန်တော်က ပထမ တစ်ခုကို ပိုနှစ်သက်ပြီး သဘော်ပျက်သွားတဲ့ ပုံစံ လုပ်ခဲ့တာက အလုံခြုံဆုံး နည်းလမ်းလို့ ထင်ပါတယ်... ဒီလမ်းကြောင်းမှာ နှစ်စဉ်နှစ်တိုင်း မိုးသက်မုန်တိုင်း၊ လှိုင်းလုံးတွေ အစရှိတဲ့ အကြောင်းရင်း အမျိုးမျိုးကြောင့် လှေတွေ ဒါဇင်နဲ့ချီပြီး နစ်မြုပ်လေ့ ရှိကြပါတယ်"

+

"ပြီးတော့ နယ်စပ်က ပင်လယ်တစ်လျှောက်မှာ လာမယ့် နှစ်ရက်အတွင်း မုန်တိုင်းတစ်ခု ကျရောက်လာတော့မှာ ဖြစ်တယ်… ကျွန်တော်လို့ လုပ်ဖို့လိုတာက သင်္ဘောကို ပင်လယ်အတွင်း ဆက်မောင်းသွားပြီး သူ့အောက်ခြေမှာ အပေါက်တစ်ပေါက် ဖောက်လိုက်ရုံပဲ… ဒီလိုဆိုရင် တကယ် ဘာဖြစ်သွားမှန်းကို ဘယ်သူမှ သိကြမှာ မဟုတ်ဘူး"

သူက ပင့်သက်တစ်ချက် ရှိုက်၍ ထပ်ပြောလိုက်သည်။ "ပင်လယ် ဓားပြတွေရဲ့ လုယက်တိုက်ခိုက်မှု ဒါမှမဟုတ် မှုန်မတ်တွေရဲ့ လက်စားချေမှု ပုံစံ ဟန်ဆောင်ဖို့ကတော့

+

အကျိုးအကြောင်း ဆီလျော်မှာ မဟုတ်ဘူး... လူတွေရဲ့ သံသယကို ကျွန်တော်တို့က တခြား ပစ်မှတ်တွေ အပေါ်ကို လွှဲချနိုင်ပေမဲ့ မှားယွင်းတဲ့ အချက်အလက်တွေက အသေအချာ စစ်ဆေးမှုကို ဖုံးကွယ်ထားနိုင်မှာ မဟုတ်ဘူး"

"တကယ်လို့ လူတွေက ဘာသဲလွန်စမှ မရခဲ့ရင်တောင် ဟိုမှူးမတ်တွေက သူတို့ဘာသာ သူတို့ သဲလွန်စ အချို့ကို ပြုလုပ် ဖန်တီးနိုင်စွမ်း ရှိနေတယ်"

"သဘော်ာ ပျက်သွားရင်တော့ ရှင်က သဲလွန်စတွေ အားလုံးကို ဖျောက်ဖျက်ပစ်နိုင်မှာလား" ဇိုဝီက အေးစက်စွာဖြင့် မေးလိုက်သည်။

+

"မှန်ပါတယ်... သခင်မ" ဘားနတ်က သေချာစွာ ပြောလိုက်သည်။ "ကျွန်တော်နဲ့ အတူ ပါလာတဲ့ သင်္ဘောသားတွေကတောင် သင်္ဘောနဲ့ အတူ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်... သူတို့ဟာ အခြေအနေတွေကို ရှင်းလင်းအောင် လုပ်ဖို့ အနက်ရောက် ပိုက်ဆံ မွေးမြူထားတဲ့ နှုတ်ဆိတ် စစ်သည်တော်တွေ ဖြစ်ကြတဲ့ အတွက် သတင်း ပေါက်ကြားသွားစရာ အကြောင်း လုံးဝ မရှိပါဘူး"

"နှုတ်ဆိတ် စစ်သည်တော်တွေ... ဟုတ်လား" အယ်လီနာက သူ့ဘေးမှ အစေခံ နှစ်ယောက်အား ကြည့်လိုက်သည်။ "ဒီနှစ်ယောက်ရော သူတို့အတွင်းမှာ ပါသလား"

+

"ပါပါတယ်… သူတို့ဟာ မကြားနိုင်သလို စကားလည်း မပြောနိုင်ပဲ အမိန့်ပေးဖို့ အထူး ကိုယ်ဟန် လက်ဟန်တွေနဲ့ အချက်ပြရပါတယ်… ဒါကြောင့်မို့ သူတို့ကို နှုတ်ဆိတ် စစ်သည်တော်တွေလို့ ခေါ်ခြင်း ဖြစ်ပါတယ်"

"သူတို့က အတော်ကြီးကို တန်ဖိုး ကြီးကြီးမားမား ပေးဆပ်ခဲ့ရမှာပဲ…" အယ်လီနာ အနေဖြင့် ဆွံ့အ နားမကြား တစ်ယောက်အား စစ်သည်တော် တစ်ယောက်အဖြစ် လေ့ကျင့်ပေးရန် မည်မျှ ခက်ခဲကြောင်းကို သိနေခဲ့သည်။

+

အောင်မြင်နိုင်မှုနှုန်းသည် လေ့ကျင့်ပေးခြင်း ခံရသူများက ကောင်းမွန်သော အခြေအနေတွင် ရှိနေလျှင်ပင် အများဆုံး ဆယ်ရာခိုင်နှုန်းသာ ရှိနိုင်သည်။ သို့သော်လည်း မြေအောက် စီးပွားရေး အဖွဲ့အစည်း အနေဖြင့် ဤမျှအထိ ကောင်းမွန်သော ဆွံ့အ နားမကြားများကို မည်သည့်နေရာမှ ရှာဖွေနိုင်ခဲ့သနည်း။

သူတို့သည် အခြေအနေနှင့် ပြည့်စုံသော လူများကို အရင်ဆုံး ရွေးချယ်ကာ ဆေးဝါးဖြင့် ဆွံ့အ နားမကြား ဖြစ်အောင် ပြုလုပ်ခဲ့ခြင်းပင် ဖြစ်ပေလိမ့်မည်။

+

သို့သော်လည်း သူမ အနေဖြင့် သာမန်လူ တစ်ယောက်က အခြား သာမန်လူများကို မည်ကဲ့သို့ ပြုမူ ဆက်ဆံသည်ကို ဂရုစိုက်နေလိမ့်မည် မဟုတ်ချေ။ ဖက်ဒရေးရှင်းခေတ်ကပင် သူတို့သည် လူအများက သူတို့ထက် အားနည်းသော သူများအား အနိုင်ကျင့်ခြင်းကို တားဆီးခြင်း မရှိခဲ့ပေ။

"ဒီတစ်ခေါက်မှာ ကျွန်တော်က ကျွန်တော်ကလွဲလို့ ဘယ်သူမှ အမိန့်ပေးလို့ မရတဲ့ နှုတ်ဆိတ် စစ်သည်တော် ငါးဆယ်ကို ခေါ်လာခဲ့ပါတယ်... သူတို့ဟာ ဒီသဘော်သားတွေကို ကိုင်တွယ်ဖို့ လိုတာထက်တောင် ပိုနေပါပြီ... ဒါကြောင့်မို့ ဒီအစီအစဥ်က လုံးဝကို လုံခြုံ စိတ်ချရပါတယ်" ဘားနတ်က ဦးညွှတ်ရင်း ပြောလိုက်လေသည်။

+

"ကောင်းပြီလေ... ဒီအတိုင်းပဲ လုပ်လိုက်ပါ" အယ်လီနာက ဇိုဝီနှင့် ဘက်တီတို့ ဘက်သို့ ကြည့်လိုက်သည်။ "ဒါပေမဲ့ ကျွန်မမှာ ရှင့်ကိုခိုင်းဖို့ ကိစ္စတစ်ခု ရှိနေသေးတယ်"

စီးပွားရေးသမားအိုကြီးက တံတွေးကို ကြိတ်၍ မျိုချလိုက်သည်။ "ကျွန်တော့်ရဲ့ စွမ်းရည် အတွင်းမှာ ရှိနေတာနဲ့ ကျွန်တော်က အစွမ်းကုန် လုပ်ပေးပါမယ်"

အကယ်၍ မတော်တဆမှု တစ်ခုကို ဖန်တီးရုံ သက်သက် ဆိုပါက သူမသည် ထိုအရာအား အရှင်မင်းမြတ် ရိုလန်ထံမှ ဖုံးကွယ်ထားရန်

+

လိုလိမ့်မည် မဟုတ်ချေ။ သို့သော်လည်း ယခု အမိန့်သည့် ရိုလန်ထံမှ မဟုတ်ပဲ ပါရှာထံမှ ဖြစ်နေသည်။

"ဒါက ရိုးရှင်းပါတယ်... အနက်ရောင် ပိုက်ဆံဟာ အရဏ်ဦး နိုင်ငံရဲ့ ဘုရင်အသစ် ဖြစ်သူ ဟော်ဖော့ကွင်းနဲ့ ဆက်သွယ်ရမယ်... တစ်ဘက်မှာ စီးပွားရေး အဖွဲ့အစည်းဟာ သူ့ကို ထောက်ခံနေရမှာ ဖြစ်ပြီး အခြား တစ်ဘက်မှာတော့ ကွင်းမိသားစုရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်နိုင်ဖို့ သူ့ရဲ့ အစိုးရ အဖွဲ့ အသစ်အတွင်းကို သတင်းပေးတွေ တတ်နိုင်သလောက် ထည့်သွင်းထားရမယ်... နားလည်သလား"

+

"ဒါပေမဲ့... သူက သခင်မတို့ ထောက်ခံထားတဲ့ ရုပ်သေးရုပ် မဟုတ်ဘူးလား" ဘားနတ်က စိတ်ရှုပ်ထွေးစွာဖြင့် မေးလိုက်သည်။

"လိုလိုမယ်မယ်ပေါ့... ဘာပဲပြောပြော သာမန်လူတွေဟာ စိတ်ခတ် ပျော့ညံ့လေ့ ရှိပြီး တကယ့် စိန်ခေါ်မှု ရောက်လာလို့ ရှိရင် ရုပ်သေးရုပ်တွေက သစ္စာရှိသင့်သလောက် ရှိလိမ့်မယ်လို့ ဘယ်သူက အာမခံမှာလဲ" အယ်လီနာက ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။

"ဒါ့အပြင် အရဏ်ဦး နိုင်ငံကို အုပ်ချုပ်ဖို့ မိသားစု တစ်ခုတည်းကို အားကိုးရတာ စိတ်မချရဘူး...

+

ရှင်တို့ရဲ့ အနက်ရောင် ပိုက်ဆံဟာ ဒါရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်လာလိမ့်မယ်လို့ ကျွန်မက မျှော်လင့်နေပါတယ်"

အကယ်၍ တစ်စုံတစ်ယောက်သည် အာဏာကို မက်မောနေခြင်း ရှိပါက ဤကဲ့သို့ အရိပ်အယောင် ပြလိုက်လျှင် အလွန်အမင်း ဝမ်းမြောက်အားရ ဖြစ်နေခဲ့မည် ဖြစ်သော်လည်း ဘားနတ်ကမူ သိပ်ပျော်ရွှင်သည့် အရိပ်အယောင်များကို မပြခဲ့ပဲ စိုးရိမ်စွာဖြင့် မေးလိုက်သည်။

"ဒါက ရေရှည် စီမံကိန်း တစ်ခု ဖြစ်ပြီး ကျွန်တော်က စွမ်းဆောင်နိုင်စွမ်း ရှိနေပါတယ်… ဒါပေမဲ့ သခင်မ

+

သိတဲ့ အတိုင်းပဲ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်
အခြေအနေက..."

အယ်လီနာက သူမ၏ အနောက်မှ ပုလင်း နှစ်လုံးကို
ယူလိုက်ကာ အဘိုးအိုထံသို့ ကမ်းပေးလိုက်သည်။
"သူတို့ကို ဆောင်ထားပြီး ရှင်မသက်မသာ
ခံစားခဲ့ရတဲ့ အချိန်မှာ သောက်လိုက်ပါ... ဒါပေမဲ့
သေချာ မှတ်ထားပါ... တစ်လ အတွင်းမှာ နှစ်ခါ
မသောက်ပါနဲ့... ဒီလိုမျိုး ပုလင်းခြောက်လုံး
အပြီးမှာ ရှင့်ရဲ့ ခန္ဓာကိုယ်က ပြုပြင် ပြောင်းလဲဖို့
လိုအပ်တဲ့ အခြေခံ အခြေအနေတွေနဲ့
ပြည့်စုံသွားပါလိမ့်မယ်"

+

ဘားနတ်၏ မျက်လုံးများ အတွင်း၌ စိတ်လှုပ်ရှားမှုများဖြင့် ပြည့်လာသည်။ သူသည် ပုလင်းများကို စိတ်လှုပ်ရှားစွာဖြင့် ယူလိုက်ပြီးမှ သူ၏ အိတ်ကပ်အတွင်းသို့ အသေအချာ ထည့်လိုက်ကာ လေးနက်စွာ ဦးညွှတ်၍ စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။ "ဒီတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်ဖို့ ကျွန်တော်က အာမခံပါတယ်"

"သေချာ ကြိုးစားပြီး အလုပ်လုပ်ပါ… ဒီကိစ္စ ပြီးတာနဲ့ ကျွန်မတို့က ရှင့်ကို မသေမျိုး အဖြစ် ပြောင်းပေးလိုက်မယ်" အယ်လီနာက နူးညံ့စွာ ပြောလိုက်လေသည်။

+

# စာစဥ် ၆၃ : အပိုင်း ၁၄

## အပိုင်း ၉၄၄ : စုန်းမ အုပ်စု အသစ် (၁)

ကယ်တင်ခြင်း စစ်ဆင်ရေးက အောင်မြင်သွားသည်
ဟူသော သတင်းကို ရပြီးသွားသော အခါ ရိုလန်က
စိတ်သက်သာရာ ရသွားခဲ့သည်။

သူတို့သည် အရှေ့ဦး နိုင်ငံအား တိုက်ခိုက်
အောင်မြင်သူ တစ်ယောက် အနေဖြင့်
ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပဲ သူတို့၏ မူလ အစီအစဥ်နှင့်
အနည်းငယ် လွဲချော်သွားခဲ့သော်လည်း
အနည်းဆုံးတော့ အိမ်နီးချင်း နိုင်ငံမှ မိုရာ မိသားစု၏

+

အုပ်စိုးမှုကို ဖယ်ရှားနိုင်ခဲ့ပြီး အခြေခံအားဖြင့်
တည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့သည်။

ခိုင်မြဲစွာ ခြေကုပ်မယူနိုင်သေးချိန် အထိ
ကွင်းမိသားစုသည် မီးခိုးရောင် ရဲတိုက်၏
သစ္စာအရှိဆုံး မဟာမိတ် တစ်ယောက်အဖြစ်
ဆက်ရှိနေပေလိမ့်မည်။

ထို့အပြင် အန်ဒရီယာကလည်း
ဆောင်းမဲ့မြို့တော်တွင် ရှိနေရာ အကယ်၍
အရာအားလုံးက အဆင်ပြေ ချောမွေ့ခဲ့ပါက
အရေဏ်ဦး နိုင်ငံနှင့် မဟာမိတ် အဖွဲ့သည်
အနည်းဆုံးတော့ နောက်မျိုးဆက် တစ်ခုအထိ
ခိုင်မြဲနေနိုင်ပေသည်။

+

နတ်ဘုရားဆန္ဒ စစ်ပွဲသည် ရာစုနှစ် တစ်ခုအထိ ကြာမြင့်လိမ့်မည်ဟု ရိုလန်က မယုံကြည်နေခဲ့ပေ။

အန်ဒရီယာသည် အခြား နတ်ဘုရား စီရင်ခြင်း စုန်းမများနှင့် အတူ အနောက်ပိုင်း ဒေသသို့ တစ်လအတွင်း ပြန်ရောက်လိမ့်မည်ဟု ခန့်မှန်းရသည်။ ရိုလန်သည် ဤအချိန်ကို အသုံးချကာ မီးခိုးရောင် ရဲတိုက်၏ အနာဂတ် ဖွံ့ဖြိုးမှုများကို အသေအချာ စီစဥ်ရန် ရည်ရွယ်ထားလေသည်။

ဘာပဲပြောပြော တင်မိုသီ၏ လက်အောက်ခံ အကြွင်းအကျန်များကို နှိမ်နင်းခဲ့ အပြီးတွင်

+

သူပုန်များက ယာယီ ပျောက်ကွယ်သွားပြီး တိုင်းပြည်အား နာမည်အရ ပေါင်းစည်းနိုင်ခဲ့ပြီ ဖြစ်သည်။

မီးခိုးရောင် ရဲတိုက်အား တစ်ယောက်တည်း ချုပ်ကိုင်ထားသည့် နိုင်ငံတစ်ခု ဖြစ်လာရန် မြို့အသီးသီးမှ မြို့တော်ခန်းမခွဲများ ကောင်းမွန်စွာ လည်ပတ်နိုင်ဖို့ အချိန်အနည်းငယ် စောင့်ရဦးမည် ဖြစ်သော်လည်း သူက ကြိုတင်၍ ပြင်ဆင်ထားနိုင်ခဲ့ပေပြီ။

အချိန်ကျလာလျှင် မီးခိုးရောင် ရဲတိုက်၏ စွမ်းအားသည် တစ်ခါမှ မကြုံဖူးသည့် အဆင့်အထိ ခုန်ပျံ ကျော်လွှားသွားနိုင်မည် ဖြစ်ပြီး အခြား

+

တိုင်းပြည်သုံးခုနှင့် လုံးဝ ကွဲပြားသော
အဆင့်အတန်း တစ်ခုအထိ
ရောက်သွားပေလိမ့်မည်။

သူ၏ ဖွံ့ဖြိုးရေး အစီအစဉ်များ အတွင်းမှ အဓိက
သော့ချက်မှာ စုန်းမများ၏ စွမ်းရည်ကို အပြည့်အဝ
အသုံးချနိုင်ရန်ပင် ဖြစ်သည်။

ဘာပဲပြောပြော သူတို့သည် ဆောင်းမဲ့မြို့တော်၏
မြင့်မားသော ထုတ်လုပ်နိုင်မှု၏ အကြောင်းရင်းများ
ဖြစ်ကြသည်။

အန်နာ ပြန်လာပြီး လဝက်အတွင်းတွင်
မြို့တော်အနေဖြင့် ပြောင်းလဲမှု များစွာတို့ကို

+

တွေ့ကြုံ ခံစားခဲ့ရပြီး အသိသာဆုံး
ပြောင်းလဲမှုများမှာ ရဲတိုက် အတွင်းတွင် ဖြစ်သည်။

သူ၏ မဟော်ဂနီ စားပွဲသည် ယခင်
အရွယ်အစားထက် နှစ်ဆ ဖြစ်သွားခဲ့ပြီး
စားပွဲပေါ်တွင် စုန်းမဂေဟာ ရုံးခန်း၊ မြို့တော်ခန်းမ၊
စစ်တန်းလျားများ၊ တတိယ နယ်စပ်မြို့၊
လောင်းဆောင်းခံတပ် အစရှိသည်တို့နှင့်
ဆက်သွယ်ထားသော ကြိုးတယ်လီဖုန်း
ဆယ်ခုကျော် ရှိနေသဖြင့် အရေးပေါ်
အခြေအနေတွင် အစောင့်များ အနေဖြင့်
သတင်းပို့ရန် ပြေးလွှားနေစရာ မလိုတော့ပေ။

+

ထို့အပြင် မြို့ရင်ပြင်၌ မြို့တော်နှင့် မြူခိုးငွေ့ တောအုပ်ကို ဆက်သွယ်ထားသော အများသုံး တယ်လီဖုန်းရုံ တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့သည်။ သူသည် မီးရထား သံလမ်းနှင့် အတူ ချဲ့ထွင်သွားပြီး လုပ်သားများနှင့် ကြာမြင့်စွာ ခွဲခွာနေရသည့် သူတို့ မိသားစုဝင်များ အကြား လွမ်းဆွတ်မှုကို ပြေပျောက်စေရန် အတိုင်းအတာ တစ်ခုအထိ ကျေးဇူးပြုနိုင်ခဲ့သည်။

သို့သော်လည်း ဤတယ်လီဖုန်းအား အသုံးပြုခသည် အချိန်အပေါ် မူတည်နေပြီး အသုံးပြုနိုင်သည့် လူအရေအတွက်ကို ကန့်သတ်ထားကာ ကြိုတင်၍ လျှောက်လွှာတင်ထားရမည် ဖြစ်သည်။ အကယ်၍ တစ်ယောက်သည် ဈေးကြီးသည်ဟု ယူဆနေပါက

+

စာပို့ခိုများ သို့မဟုတ် မီးရထားများဖြင့် စာများ ပေးပို့နိုင်သည်။

အခြေခံ ပညာရေး စနစ် ဖွံ့ဖြိုးလာမှုကြောင့် ယခုအချိန်တွင် စာကို အသုံးပြု၍ ဆက်သွယ်သည့် နည်းလမ်းသည် ဆောင်းမဲ့မြို့တော်တွင် အတော်လေး ခေတ်စားလာခဲ့သည်။

ဤစနစ်များအား အကောင်အထည် ဖော်ရန် တာဝန်ရှိသူမှာ မြို့တော်ခန်းမတွင် အသစ် ဖွင့်လှစ်လိုက်သည့် ဌာနတစ်ခု ဖြစ်သော ဆက်သွယ်ရေး ဌာနပင် ဖြစ်သည်။

+

သူ၏ အလုပ်များသည် စာပို့ခိုများမှ စ၍
အိမ်ပို့ဆောင်ခြင်း လုပ်ငန်းများ အထိ သယ်ယူ
ပို့ဆောင်ရေး လုပ်ငန်းအားလုံးကို ချိတ်ဆက်ထားရာ
သူ၏ ဌာနခွဲများသည် ချက်ချင်း ဆိုသလိုပင်
အလွန်အမင်း ကြီးထွားလာ၍ ဆောက်လုပ်ရေး
ဌာနပြီးလျှင် ဒုတိယ အကြီးဆုံး ဌာန
ဖြစ်လာခဲ့သည်။

သူသည် အလုပ်ပေါင်း တစ်ထောင်ခန့်ကို
ဖန်တီးနိုင်ခဲ့ပြီး ယခုလေးတင် ဘွဲ့ရထားသော
ဆောင်းမဲ့မြို့တော်မှ မြို့သူမြို့သားများ
အားလုံးနီးပါးကို အလုပ်ပေးနိုင်ခဲ့သည်။

+

ဤဌာနမှ တဆင့် ရိုလန်သည် အနာဂတ် အုပ်စုကြီး တစ်ခု၏ ပုံရိပ်ကို ရေးရေးလေး မှန်းဆနိုင်ခဲ့သည်။

ထိုအရာသည် အန်နာ၏ ကိုယ်ပိုင်စွမ်းရည်၏ ရလဒ် တစ်ခုသာ ဖြစ်နေသေးသည်။

မိစ္ဆာများ၏ တိုက်ခိုက်မှု ပြဿနာအား ဖြေရှင်းခဲ့ အပြီးတွင် ရိုလန်သည် အိပ်ပျော်နေသောကျွန်းမှ စုန်းမများ၏ စွမ်းရည်များအား စာရင်း ပြုစုရန် အာရုံစိုက်ခဲ့လေသည်။

ရွှေ့ပြောင်းလာသူများ ဒုတိယ အသုတ် ရောက်လာခဲ့အပြီးတွင် အိပ်ပျော်နေသော ကျိန်စာမှ စုန်းမ ၉၆ယောက် အထိ ရှိလာခဲ့ပြီး သူတို့၏

+

စွမ်းရည်များကို စစ်ဆေးခြင်း တစ်ခုတည်းကပင် ဝင်ဒီနှင့် စကိုးတို့အား အလုပ်ဖိစီးစေခဲ့သည်။

ထို့အပြင် စုန်းမတိုင်းက ပူးပေါင်းဆောင်ရွက်လိုကြသည် မဟုတ်ပဲ ပထမအဆင့် အချက်အလက် ကောက်ခံခြင်းအား အတော်လေး ခက်ခဲစေခဲ့သည်။ ကံကောင်းစွာဖြင့် တီလီ၏ ဩဇာ အရှိန်အဝါ၊ ဝင်ဒီ၏ ဖျန်ဖြေ စေ့စပ်ပေးမှုကြောင့် စာရင်း ကောက်ခံခြင်း အစီအစဉ်က အနည်းနှင့် အများ ချောမွေ့စွာ ပြီးစီးသွားခဲ့လေသည်။

ရိုလန် အရှေ့မှ အနက်ရောင် မှတ်စုစာအုပ်သည် စုန်းမ အားလုံး၏ စွမ်းရည်များကို ကနဦး စစ်ဆေးထားမှု၏ ရလဒ်များပင် ဖြစ်သည်။

+

ပြီးခဲ့သော ရက်အနည်းငယ် အတွင်းတွင် သူသည် ထိုစာအုပ်ကို အပြန်ပြန် အလှန်လှန် ဖတ်ရှုခဲ့ပြီး ဖြစ်ကာ စုန်းမ အများစု၏ စွမ်းရည်များကို မည်ကဲ့သို့ အသုံးချရန် စဥ်းစားနိုင်ခဲ့ပြီး ဖြစ်သည်။

ယခုအချိန်တွင် သူ့အနေဖြင့် စုန်းမ စွမ်းရည်များကို ယခင်ကကဲ့သို့ ကိုယ့်ကိုယ်ကိုယ် အားကောင်းလာစေခြင်း၊ ဆင့်ခေါ်ခြင်းနှင့် ပူးတွဲခြင်း အမျိုးအစားများ အဖြစ် သတ်မှတ်ထားခြင်းသည် အကြမ်းဖျင်း ဆန်လွန်းပြီး သူတို့၏ အသုံးဝင်မှုများကို တိုက်ရိုက် ဖော်ပြရာတွင် အသုံးမဝင်ဟု ခံစားခဲ့ရသည်။

+

ထို့ကြောင့် သူသည် စုန်းမများကို သူတို့၏ လုပ်ငန်းဆောင်တာများနှင့် ပြန်လည်၍ အမျိုးအစားခွဲခြားရန် ဆုံးဖြတ်ခဲ့သည်။ ဥပမာအားဖြင့် ထုတ်လုပ်ရေး လုပ်ငန်းများတွင် ကျွမ်းကျင်သော စုန်းမများကို ထုတ်လုပ်ရေး အမျိုးအစား၊ တိရစ္ဆာန်များနှင့် ရင်းနှီး ကျွမ်းဝင်သူများကို မွေးမြူခြင်း အမျိုးအစား၊ အသုံးဝင်မှု တစ်ခုကို မတွေ့နိုင်သေးသော စုန်းမများကို မဆုံးဖြတ်ရသေးသည့် အမျိုးအစား အောက်တွင် ထည့်သွင်းရန် ဖြစ်သည်။

ဤသို့ဖြင့် မြို့တော်ခန်းမသည် ထုတ်လုပ်ရေး လုပ်ငန်းများတွင် အလုပ်ခန့်နိုင်သည့် စုန်းမ အရေအတွက်ကို ကောင်းစွာ သိရှိနိုင်မည် ဖြစ်သည်။

+

ထို့အပြင် ဤစုန်းမ အသုတ်ကို
လေ့လာခဲ့ခြင်းအားဖြင့် ရိုလန်သည် သူတို့၏
စွမ်းရည်များက မည်မျှအထိ ကြီးမားစွာ
ခြားနားနိုင်သည်ကို သိနိုင်ခဲ့သည်။

သူတို့အားလုံးက နိုးထခဲ့ကြပြီးသူချည်း
ဖြစ်ကြသော်လည်း အချို့မှာ ကျောက်တုံး
အက်ကွဲကြောင်း တစ်ခု အတွင်းမှ
ပန်းများပွင့်အောင် လုပ်ပေးနိုင်ပြီး အချို့မှာမူ
ကြီးမား၍ အရပ်ရှည်သော မှော်အစေခံကို
ဖန်ဆင်းပေးနိုင်သည်။

+

အကယ်၍ တိုက်ခိုက်ရေး စုန်းမတစ်ယောက် သေဆုံးသွားပါက သူမ၏ နေရာတွင် အစားထိုးနိုင်ရန် နှစ်နှင့်ချီ၍ ကြာမြင့်မည် ဖြစ်သဖြင့် ဖက်ဒရေးရှင်းသည် ကြာမြင့်စွာ တိုက်ခိုက်ရသည့် စစ်ပွဲကို ခံနိုင်ရည် မရှိခဲ့သည်မှာ အဆန်းတော့ မဟုတ်ချေ။

စုန်းမ တစ်ယောက်အား အကောင်းမွန်ဆုံး အသုံးပြုနိုင်မည့် နည်းလမ်းမှာ စက်ရုံအတွင်းသို့ ထည့်သွင်းလိုက်ရုံသာ ဖြစ်သည်။

ဤစုန်းမ တစ်ရာနီးပါး အတွင်းတွင် ရိုလန်သည် လေးယောက် အပေါ်၌ အထူး အာရုံစိုက်မိသည်။

+

သူတို့မှာ နံပါတ် ၂၆ အနက်ရောင် တိမ်တိုက်၊ နံပါတ် ၄၃ အဇီမာ၊ နံပါတ် ၄၄ ဒိုးရစ်နှင့် နံပါတ် ၈၉ သေးသွယ်လက်ကောက် တို့ဖြစ်ကြသည်။

အနက်ရောင် တိမ်တိုက်၏ စွမ်းရည်မှာ အရောင်ဆိုးခြင်း ဖြစ်သည်။ သူမသည် သူမ လက်တင်လိုက်သော အရာမှန်သမျှကို သူမ နှစ်သက်သည့် မည်သည့်အရောင်ကို မဆို မူလ သဘာဝ မပြောင်းလဲပဲ ဆိုးပေးနိုင်သည်။

သဘောတရား အရ ထိုအရာသည် ပူးတွဲခြင်း မှော်စွမ်းအား အမျိုးအစား ဖြစ်သည်။ သူ၏ သက်ရောက်မှု အချိန်က အကန့်အသတ် ရှိပြီး မှော်စွမ်းအား သုံးစွဲခြင်းသည် ပစ်မှတ်၏

+

အရွယ်အစား အပေါ် မူတည်၍ ကွဲပြားကာ သူ၏ အကျိုး သက်ရောက်မှုသည် နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး၏ လွှမ်းမိုးမှုအောက်တွင် မရှိနေပေ။

သို့သော်လည်း အနက်ရောင် တိမ်တိုက်၏ ဆေးဆိုးခြင်း စွမ်းရည်သည် အမတန်မှ အစွမ်းထက်လှသဖြင့် အကျိုး သက်ရောက်မှု အချိန်က မယုံနိုင်လောက်အောင် ရှည်ကြာသည်။ အရောင် ပြောင်းလဲမှုသည် ထိုအရာဝတ္ထုအား အကျိုးသက်ရောက်မှု မရှိသလောက် ဖြစ်နေသဖြင့် သူမသည် ဆေးဆိုးခြင်း အကျိုး သက်ရောက်မှုအား နှစ်နှင့်ချီ၍ ခံစေရန် မှော်စွမ်းအား အနည်းငယ်ကိုသာ အသုံးပြုရန် လိုအပ်သည်။

+

အခြား စကားလုံးများဖြင့် ပြောရလျှင် အကယ်၍ အနက်ရောင် တိမ်တိုက်က သူမ၏ မှော်စွမ်းအားများ အားလုံး ကုန်ခန်းအောင် သုံးစွဲခဲ့ပါက သူမ ဆိုးထားသည့် ဆေးသည် ရာစုနှစ် တစ်ခုမျှ ခံလိမ့်မည် ဖြစ်သည်။

သို့သော်လည်း အရာဝတ္ထု၏ အရွယ်အစားက စကားပြောသေးသည်။ သူမသည် ပိတုန်းငှက်ကဲ့သို့ သူမ၏ စွမ်းရည်ကို တစ်ခဏတွင်းချင်းတွင် ထုတ်လွှတ်၍ အကျိုးသက်ရောက်သည့် အချိန်ကို လျှော့ချနိုင်စွမ်း မရှိပေ။

ထို့ကြောင့် အကယ်၍ သူမသည် သူမ မှော်စွမ်းအား အပေါ်ပိုင်း အကန့်အသတ်ထက် ကျော်လွန်သော

+

ရောဓမ အရာဝတ္ထု တစ်ခုနှင့် တွေ့ကြုံခဲ့ပါက သူမ၏ စွမ်းရည်သည် အကျိုးသက်ရောက်မှု ရှိတော့မည် မဟုတ်ချေ။ သို့ဖြစ်၍ ပင်လယ်၏ အရောင်အား အသက်တစ်ခေါက် ရှုချိန် အတွင်းတွင် ပြောင်းလဲမည် ဆိုသည့် အရာတစ်ခုက သူမအတွက် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။

အမှန်အတိုင်း ပြောရလျှင် ဝင်ဒီ၏ စမ်းသပ်ချက် အရ အနက်ရောင် တိမ်တိုက်သည် ၁.၅ ကုဗမီတာခန့် ရှိသည့် အလျားနှင့် အနံ လက်နှစ်ဘက်စာခန့် ရှိသော ဧရိယာ အတွင်းတွင် သူမ၏ စွမ်းရည်များကို ထုတ်ဖော်နိုင်သည်။

+

ရှိလန် အတွက် ထိုကဲ့သို့သော ဇရိယာသည် လုံလောက်အောင် ကြီးမားနေခဲ့ပေပြီ။

ဘာပဲပြောပြော အရာဝတ္ထု တစ်ခုအား ခွဲခြမ်းစိတ်ဖြာပြီးမှ ပြန်လည် ပေါင်းစည်းနိုင်စွမ်း ရှိနေသည်။

ပြောရလျှင် အနက်ရောင် တိမ်တိုက်၏ စွမ်းရည်သည် ဆောင်းမဲ့မြို့တော်၏ ဆေးဆိုးခြင်း နည်းပညာ ကွက်လပ်ကို ဖြည့်ပေးနိုင်ခဲ့သည်။ လက်ရှိခေတ်တွင် ဆေးဆိုးခြင်း နည်းလမ်းသည် သဘာဝမှ အရောင်များကို ထုတ်ယူခြင်းဖြင့်သာ မှီခိုနေရပြီး နောက်ပိုင်းခေတ်များတွင် ကြီးမားသော အကျိုးအမြတ်များ ရလာနိုင်သည်။

+

သို့သော်လည်း အမှန်တွင် သဘာဝမှ ထုတ်ယူရရှိသော အရောင်များသည် မသန့်စင်မှု များပြားခြင်း၊ အလွယ်တကူ အရောင်မှိန်သွားခြင်း၊ ရွေးချယ်မှု နည်းပါးခြင်း အစရှိသော အားနည်းချက် များစွာ ရှိနေသည်။ သို့ဖြစ်၍ အရောင်အသွေး စုံလင်သော အဝတ်များကို မှူးမတ်များကသာ တတ်နိုင်ကြပြီး ထိုအရောင်များကလည်း ရွှေချည်၊ ငွေချည်များဖြင့် ထည့်သွင်း ရက်လုပ်ထားခြင်းမှ လာခဲ့ခြင်း ဖြစ်သည်။

ဆိုးဆေးတွင် ကျယ်ပြန့်သော အသုံးဝင်မှုများ ရှိနေသည်။ မိရိုးဖလာ ချည်ထည်လုပ်ငန်း အပြင် ပညာရေး၊ ရိုက်နှိပ်ရေး၊ ဓာတုနှင့် ဇီဝ စက်ရုံများတွင်

+

သူတို့အား လိုအပ်နေသည်။ အနက်ရောင် တိမ်တိုက်သည် ဆိုရာယာ၏ ပခုံးများ အပေါ်မှ ဝန်ထုပ်ဝန်ပိုးအား လျှော့ချပေးနိုင်မည် ဖြစ်ကာ စွယ်စုံသုံး၍ ရနိုင်ပေသည်။

သို့သော်လည်း စုန်းမ နံပါတ် ၄၃ နှင့် ၄၄ တို့သည် ရိုလန်အား ခေါင်းကိုက်စေခဲ့သည်။

အဇီမာနှင့် ဒိုးရစ်တို့သည် ဝင်ဒီ၏ ဖော်ပြချက်များ အရ ပူးပေါင်း ဆောင်ရွက်ရန် လိုလားကြသူများ မဟုတ်ပေ။ အစ ပထမ ဆုံတွေ့မှုတွင် သူတို့သည် တီလီအား မကျေနပ်မှုများကို ဖော်ပြနေကြပြီး ဆောင်းမဲ့မြို့တော်မှ တတ်နိုင်သမျှ အမြန်ဆုံး ထွက်ခွာလိုနေသည်ဟု ပြောခဲ့ကြသည်။

+

ထိုပြဿနာအား စကိုးက ယာယီ ဖြေရှင်းပေးနိုင်ခဲ့သော်လည်း အက်ကြောင်းကမူ ရှိနေဆဲဖြစ်သည်။ သူတို့ နှစ်ယောက်အား အလုပ်လုပ်ပေးရန် သိမ်းသွင်း သွေးဆောင်နိုင်မလား ဆိုသည်က မသေချာနေပေ။

ကံမကောင်းစွာဖြင့် သူတို့၏ စွမ်းရည်များက အမတန်မှ ထူးခြားနေသည်။ အဇီမာ၏ စွမ်းရည်သည် အရင်းအမြစ် ခြေရာခံခြင်း ဖြစ်ကာ အတော်လေး ထူးခြားသော်လည်း အစားမထိုးနိုင်ခြင်း မရှိပေ။ သို့သော်လည်း ဒိုရစ်၏ ပြုစားမှု စွမ်းရည်သည် ရိုလန်အား မှော်စွမ်းအားများ

+

အမြောက်အမြား သုံးစွဲရန် ဖြစ်နိုင်ခြေကို မြှင့်တင်ပေးနိုင်ခဲ့သည်။

## စာစဥ် ၆၃ : အပိုင်း ၁၅

## အပိုင်း ၉၄၅ : စုန်းမ အုပ်စုအသစ် (၂)

အမှန်အတိုင်း ပြောရလျှင် အဇီမာ၏ စွမ်းရည်သည် အပိုင်းအစ တစ်ခု ရှိရုံဖြင့် အရာဝတ္ထု တစ်ခုလုံးအား နောက်ယောင်ခံနိုင်စွမ်း ရှိသည်။ ထို့အပြင် သေးငယ်သော ဒြပ်စင် တစ်ခုမှ တဆင့် အမြောက်အမြား စုဝေးနေသော နေရာကို နောက်ယောင်ခံနိုင်စွမ်း ရှိနေသည်။

+

အိပ်ပျော်နေသောကျွန်းမှ စုန်းမတစ်ယောက် အနေဖြင့် ဤအရာသည် အသက်ရှင်ရန် စွမ်းရည်တစ်မျိုး ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပေ။ ဥပမာအားဖြင့် ရေချိုတစ်ပေါက်ကို ကိုင်ထားရင်း အဇီမာသည် ချောင်းငယ်တစ်ခု သို့မဟုတ် ရေအိုင်တစ်ခုကို ရှာနိုင်စွမ်း ရှိသည်။

သို့မဟုတ် တိရစ္ဆာန် မစင် အတွင်းမှ အသီးစေ့ တစ်ခုကို တွေ့ခဲ့လျှင် သူမသည် ထိုအသီးပင်၏ နေရာနှင့် အရွယ်အစားကို ခန့်မှန်းနိုင်ပေသည်။

သူမ၏ စွမ်းရည်သည် အဖွဲ့အား အတော်လေး အထောက်အကူ ပြုနိုင်ခဲ့သဖြင့် အရှေ့ပိုင်း ဒေသမှ စုန်းမ အချို့သည် သူမ၏ ဦးဆောင်မှုအောက်သို့

+

ရောက်လာခဲ့ပြီး သူတို့ဘာသာ အဖွဲ့ငယ် တစ်ခု ဖွဲ့စည်းနိုင်ခဲ့သည်။

ရိုလန်၏ မျက်စိများ အတွင်းတွင် အရင်းအမြစ် ခြေရာခံခြင်းသည် သဘာဝ အရင်းအမြစ်များကို ရှာဖွေရန် အကောင်းဆုံး နည်းလမ်းဖြစ်ပြီး ရှယ်ဗီ၏ မှော်မျက်လုံးထက်ပင် ပို၍ ကောင်းမွန်နိုင်သေးသည်။

အကျိုးအကြောင်းမှာ ရိုးရှင်းပေသည်။ ရှယ်ဗီက မြေပြင်အား ထိုးဖောက် ကြည့်ရလျှင် သူမ၏ မှော်စွမ်းအား သုံးစွဲမှုသည် အလွန်အမင်း များပြားသွား၍ သူမ၏ အာရုံခံနိုင်စွမ်းကလည်း အကြီးအကျယ် လျော့နည်းသွားသည်။

+

သူမသည် မြောက်ပိုင်း သတ္တုတွင်း အတွင်းမှ သတ္တုရိုင်းများကို အမှတ်အသား ပြုရန် လုံးဝ အရည်အချင်း ပြည့်မီနေသော်လည်း အောက်တွင် နက်ရှိုင်းစွာ မြှုပ်နှံနေသော သတ္တုကြောများကို ရှာဖွေရန်မှာမူ သူမ၏ စွမ်းရည်ထက် ကျော်လွန်သွားသည်။

သူမ အနေဖြင့် အပေါ်ပိုင်း အလွှာများမှ အရင်းအမြစ်များကိုပင် သူတို့၏ အမျိုးအစားနှင့် ပမာဏကို ခွဲခြား ပြောဆိုရန် ခက်ခဲနေပြီး မြေအောက်တွင် တစ်စုံတစ်ခု ရှိသည်ကိုသာ ပြောနိုင်၍ ဘာဖြစ်သည်ကိုမူ မပြောနိုင်ပေ။

+

ရိုလန်သည် ဤနေရာ၌ အဇီမာ၏ စွမ်းရည်ကို သံသယ မရှိနေပေ။ သူမသည် အရင်းအမြစ် တစ်ခု၏ နေရာ အတိအကျကို သိနိုင်ရုံတင် မကပဲ အရန် သတ္တုကြောများကိုပင် ရှာတွေ့နိုင်သေးသည်။ အကယ်၍ သူမ၏ စွမ်းရည်ကို လူစီယာ၏ သန့်စင်မှု စွမ်းရည်နှင့် ပေါင်းစည်းလိုက်ပါက ရိုလန်သည် မီးခိုးရောင် ရဲတိုက် မြေပုံ အတွင်းတွင် ဒြပ်စင်ဇယား တစ်ခုလုံးမှ ဒြပ်စင်များကို မှတ်သားနိုင်လိမ့်မည် ဖြစ်သည်။

ရိုလန်သည် ဘူမိဗေဒကို သင်ကြားခဲ့စဉ်က သူ့အား အဖမ်းစားနိုင်ခဲ့ဆုံး အရာမှာ အရင်းအမြစ်များဖြင့် အမှတ်အသား ပြုထားသည့် ရောင်စုံ နိုင်ငံမြေပုံပင် ဖြစ်ပေသည်။

+

ယခုအချိန်၌ မီးခိုးရောင် ရဲတိုက်သည်
သူ့အလံအောက်တွင် တစုတစည်းတည်း ဖြစ်သွားပြီ
ဖြစ်သဖြင့် သူသည် သတ္တုရိုင်း အရင်းအမြစ်များကို
နိုင်ငံ တစ်ခုလုံး သို့မဟုတ် အရဏ်ဦး နိုင်ငံ၊
ဖွံ့ဖြိုးသော နယ်မြေ အစရှိသည့် နယ်မြေအနှံ့တွင်
ချဲ့ထွင် ရှာဖွေရပေလိမ့်မည်။

အဇီမာက ကူညီရန် ဆန္ဒရှိမရှိခဲ့လျှင်ပင်
ဆောင်းမဲ့မြို့တော် အတွက် ဆိုးကျိုး မရှိနိုင်ပေ။
ဘာပဲပြောပြော ထိုအရင်းအမြစ်များက ဘယ်ကိုမှ
ထွက်ပြေးသွားမည် မဟုတ်ပဲ အချိန် လုံလောက်စွာ
ရရှိခဲ့လျှင် သူ၏ ရည်မှန်းချက်များကို
အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

+

သို့သော်လည်း ဒိုရစ်၏ ပြုစားမှု စွမ်းရည်ကမူ ထိုသို့ မဟုတ်ပေ။

ကောင်းမွန်သော စောင့်ကြည့်ခြင်း နည်းလမ်းများ မရှိနေသဖြင့် ရိုလန်၏ မှော်စွမ်းအား အပေါ်မှ သုတေသန ပြုလုပ်မှုများသည် ကောင်းမွန်စွာ စတင်နိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် မှော်စွမ်းအားများကို ထုတ်ယူ သုံးစွဲရန် စုန်းမများကိုသာ အသုံးပြုနိုင်ခဲ့သည်။

ပြုစားခြင်းသည် မယုံနိုင်လောက်သော စွမ်းရည်တစ်ခု ဖြစ်သည်။

+

ဝင်ဒီသည် မှတ်စုစာအုပ် အတွင်း၌
ဤစွမ်းရည်သည် မှော်စွမ်းအားကို
မလှုပ်ရှားနိုင်သော အရာဝတ္ထု တစ်ခုနှင့်
ပေါင်းစည်းကာ ပြန်လည် အသုံးပြုနိုင်သဖြင့်
ထိုအရာဝတ္ထု၏ အားကုန်သည့် ဖြစ်စဉ်ကို
နှေးကွေးစေပြီး အသက်ဝင်လာသကဲ့သို့
ဖြစ်စေခဲ့သည်ဟု ဖော်ပြထားခဲ့သည်။

ရိုလန်သည် သူမ စွမ်းရည်၏ ဖော်ပြချက်များကို
ထပ်မံ ဖြည့်စွက်ရန် ရှိနေခဲ့သည်။ စုန်းမများသည်
ခလေ့ထုံးစံ အရ အသက်မရှိသော အရာဝတ္ထု
တစ်ခုတွင် မှော်စွမ်းအားများ မရှိနိုင်ဟု
ဖော်ပြခဲ့ကြမှန်းကို သိနေခဲ့သည်။

+

အခြေအနေ အများစုတွင် ဤဖော်ပြချက်က
မှန်နေခဲ့သော်လည်း ချွင်းချက်တစ်ခု ရှိနေခဲ့သည်။
နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးပင် ဖြစ်သည်။

အစ္စဘာယ်လာနှင့် အက်ဂါသာတို့ ပူးတွဲ
ဆောင်ရွက်ခဲ့သည့် သုတေသန ရလဒ်များ အရ
နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးတွင်
မှော်စွမ်းအားများ ရှိကြောင်းကို ဖော်ပြနေခဲ့သည်။
သို့မဟုတ် အနည်းဆုံးတော့ နိုးထလာသည့်
စုန်းမများသာ အသုံးပြုနိုင်သည့် မှော်စွမ်းအားကို
ဆွဲဆောင်နိုင်သည့် စွမ်းရည် ရှိနေသည်။

အစ္စဘာယ်လာသည် နတ်ဘုရား တုံ့ပြန်မှု
ကျောက်တုံး၏ နှောင့်ယှက်မှု အောက်မှ

+

ရေိယာအား ချောမွေ့အောင် ပြုလုပ်နိုင်ခဲ့အပြီးတွင် သူ့မျက်နှာပြင်ပေါ်တွင် သေးငယ်သော မှော်စွမ်းအား အမှုန်များကို စက္ကန့် အနည်းငယ်သာ ကြာသော်လည်း မြင်နိုင်စွမ်း ရှိခဲ့သည်။

ဖြစ်စဥ် တစ်ခုလုံး အတွင်းတွင် တတိယလူမှ မှော်စွမ်းအားများကို ထည့်သွင်းခဲ့ခြင်း မရှိသဖြင့် မှော်စွမ်းအား အမှုန်များသည် နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး ကိုယ်တိုင် ပိုင်ဆိုင်ထားသည့် အရာများသာ ဖြစ်ရပေလိမ့်မည်။

အခြား စကားလုံးများဖြင့် ပြောရလျှင် သူမျှော်လင့်ထားသည်နှင့် ကွာခြားစွာ နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးတွင် အခြား

+

မှော်စွမ်းအားများကို ချိုးနှိမ်ထားနိုင်သည့် သိပ်သည်းသော မှော်စွမ်းအား တစ်ခု မရှိနေခဲ့ပေ။ သူ့တွင် မှော်စွမ်းအားများ ရှိနေသော်လည်း ပမာဏ အနည်းငယ်သာ ဖြစ်သည်။

သူသည် မှော်စွမ်းအားများ၏ အကျိုးသက်ရောက်မှုများကို မည်ကဲ့သို့ ဖယ်ရှားနိုင်သည် ဆိုသည့် အချက်ကိုမူ နောက်ပိုင်းတွင် သုတေသန ဆက်လုပ်ရမည် ဖြစ်သည်။ သူအသေအချာ ပြောနိုင်သည့် အချက် တစ်ခုကမူ အသက်မရှိသော အရာဝတ္ထုများသည် မှော်စွမ်းအားများနှင့် သဟဇာတ မဖြစ်ဟူသော အချက်က လုံးဝ မှန်ကန်နေခြင်း မရှိနေပေ။

+

နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး တစ်တုံးသည်
အစ္စဘယ်လာ၏ ချိန်ညှိမှု အပြီးတွင်
သာမန်ကျောက်တုံး တစ်တုံး မကြာခင်
ဖြစ်သွားသည့် အတွက် အက်ဂါသာသည်
ရဲတင်းသော မှန်းဆချက် တစ်ခုကို ပြုလုပ်ခဲ့သည်။

နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး အတွင်းမှ
မော်စွမ်းအားသည် အဆက်မပြတ်
ကုန်ခန်းနေခဲ့သော်လည်း သူသည်
သက်ရှိတစ်ယောက် ပြုလုပ်ခဲ့သကဲ့သို့ မော်စွမ်းအား
အသစ်များကို ဆက်တိုက် စုပ်ယူနေခဲ့သည့် အတွက်
မော်စွမ်းအား လည်ပတ်မှု တစ်ခုကို
ဖန်ဆင်းနိုင်ခဲ့သည်။

+

နေအလင်းရောင်မှ အပူရှိန်ကို စုပ်ယူကာ
နေ့အချိန်တွင် အပူချိန် မြင့်မားလာပြီး ညအချိန်တွင်
အပူကို ပြန်လည် ထုတ်လွှတ်သည့် ကမ်းခြေမှ
သဲများကဲ့သို့ပင် ဖြစ်သည်။ ထိုအရာက
အစ္စဘယ်လာသည် နတ်ဘုရား တုံ့ပြန်မှု
ကျောက်တုံး တစ်ခု၏ တည်ဆောက်ပုံကို
နှောင့်ယှက်ခြင်း မပြုပဲ သူ၏ သဘာဝကို လုံးဝ
ပြောင်းလဲနိုင်စွမ်း ရှိမှုကို ရှင်းပြနိုင်ပေသည်။

အစ္စဘယ်လာသည် နတ်ဘုရား တုံ့ပြန်မှု
ကျောက်တုံးအား 'သတ်'ခဲ့သည်ဟုလည်း
အက်ဂါသာက ယုံကြည်နေခဲ့သည်။

+

ဝင်ဒီ၏ ဖော်ပြချက်သည် အက်ဂါသာ၏ သုံးသပ်မှုကို အခြေခံ၍ ပြုလုပ်ထားခြင်း ဖြစ်သည်မှာ သိသာနေသည်။

ရိုလန်ကမူ ဘာမှ အမှုမထားခဲ့ပဲ နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး သတ္တုကြောသည် အမှန်တွင် သက်မဲ့ အရာဝတ္ထု တစ်ခုသာ ဖြစ်သည်ဟု ယုံကြည်နေခဲ့သေးသည်။ အရာဝတ္ထု တစ်ခုက မှော်စွမ်းအားကို စုပ်ယူနိုင်ခြင်း သို့မဟုတ် ထုတ်လွှတ်နိုင်ခြင်းသည် သူ၏ အသက်ရှိမှု မရှိမှုနှင့် မသက်ဆိုင်နေပေ။

သူတို့သည် သူ၏ အလုပ်လုပ်သည့် သဘောတရားအား မသိခဲ့ခြင်းသည် အဏုကြည့်

+

မှန်ပြောင်းများ မပေါ်ခင်က လူသားများသည် ပိုးမွှားကမ္ဘာ အကြောင်းကို ဘာမှ မသိခဲ့သကဲ့သို့ သူတို့ အကြောင်းကို သိပ်မသိနိုင်သေး၍သာ ဖြစ်သည်။

သူ၏ မျက်လုံးများ အတွင်း၌ ပြုစားခြင်းသည် တစ်နည်းတစ်ဖုံအားဖြင့် ပြောရလျှင် နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး အဖြစ် ပြောင်းလဲခြင်း တစ်မျိုးနှင့်သာ တူနေပေသည်။

သို့ရာတွင် သဘောတရားက မည်သို့ပင် ဖြစ်စေကာမူ ဤစွမ်းရည်သည် အမတန်မှ အသုံးဝင်သည်မှာ သံသယ ဖြစ်ဖွယ်ရာ မရှိပေ။ စမ်းသပ်ချက်များ အရ သူသည်

+

မှော်ကျောက်တုံးများ၊ မှော်အင်းကွက်များနှင့်
အပြုစားခံ အရာဝတ္ထုများ အပေါ်၌
အကျိုးသက်ရောက်မှု ရှိနိုင်သည်။

သူတို့ အတွင်းသို့ ထည့်အသွင်းခံခဲ့ရသော
မှော်စွမ်းအားများသည် သူ့ကိုယ်သူ ထောက်ပံ့နိုင်၍
လည်ပတ်မှု တစ်ခုကို ဖန်တီးနိုင်ခဲ့လေသည်။

ဥပမာအားဖြင့် အရဏ်ဦး အမှတ်တစ်အား
မှော်စွမ်းအားများဖြင့် အပြည့် ထည့်သွင်းထားလျှင်
လျှပ်စစ်စွမ်းအားကို ငါးရက်ဆက်တိုက်
ထုတ်လုပ်နိုင်ပြီး ဆန်းကြယ်လမင်းက ဓားကျိုးအား
ကိုင်ဆောင်ထားသည့် အချိန်၌မူ သူ၏

+

အလုပ်လုပ်နိုင်သည့် အချိန်သည်
နောက်ထပ်ဆယ်ရက် ထပ်တိုးသွားသည်။

မည်သို့ပင် ဖြစ်စေကာမူ ကြေးချောင်း အတွင်းသို့
ထည့်သွင်းထားသည့် မှော်စွမ်းအားသည် ဆက်တိုက်
ကုန်ခန်းနေခဲ့ပြီး အပြုစားခံ အရာဝတ္ထု တစ်ခု
အတွင်းတွင် ထာဝရ မနေနိုင်ခဲ့ပေ။

ထိုအရာက အကယ်၍ ဆန်းကြယ်လမင်း၏
မှော်စွမ်းအားသည် အန်နာ အဆင့်တိုင်အောင်
တိုးတက်သွားခဲ့လျှင်ပင် အရုဏ်ဦး အမှတ်တစ်
အနည်းငယ်ကိုသာ တစ်ချိန်တည်းတွင် ပို၍
ထိန်းသိမ်း ထောက်ပံ့ထားနိုင်မည်သာ ဖြစ်သည်ဟု
ဆိုလိုနေခြင်း ဖြစ်သည်။

+

ထိုအရာသည် အမြောက်အမြား အသုံးပြုရန် မပြောနှင့် စက်ရုံများကို အလင်းပေးရန်နှင့် ကိရိယာများ လည်ပတ်ရန် လိုအပ်မှုကို လောက်ငရုံလေးသာ တတ်နိုင်မည် ဖြစ်သည်။

သို့သော်လည်း ဒိုးရစ် ပြုစားထားသည့် အရဏ်ဦး အမှတ်တစ်သည် သူ၏ မှော်စွမ်းအား သုံးစွဲမှုကို ကာမိရန် ပတ်ဝန်းကျင်မှ မှော်စွမ်းအားများကို စုပ်ယူနိုင်စွမ်း ရှိနေသဖြင့် သံလိုက်ဝင်ရိုးများကို ဆက်တိုက် လည်ပတ်နိုင်စွမ်း ရှိနေပေသည်။

သူ၏ မှော်စွမ်းအား ဆုံးရှုံးမှုနှင့် ရယူမှုတို့က လုံးလုံးလျားလျား တူညီနေခြင်း မရှိသော်လည်း

+

တိုးတက်လာမှုက အချိန် အနည်းငယ် ပြုစားမှု တစ်ခု အတွက် အံ့အားသင့်ဖွယ် ကောင်းနေသေးသည်။

ထိုအရာက ဆန်းကြယ်လမင်းသည် စွမ်းအား ပြန်လည် ဖြည့်တင်းရန် လုပ်ဆောင်နေစရာ မလိုတော့ပဲ စွမ်းအား ထုတ်လုပ်သူ တစ်ယောက် ဖြစ်လာနိုင်သည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

ထို့အပြင် ထိုအရာသည် စက်ရုံများ အပြင် အခြား နေရာများစွာတို့က တည်ငြိမ်သော လျှပ်စစ်များကို ရနိုင်တော့မည် ဟူ၍လည်း ဆိုလိုနေခြင်းပင် ဖြစ်သည်။

+

တစ်ချိန်တည်းတွင် မူလက တန်ဖိုး အနည်းငယ်သာ
ရှိခဲ့သော ပြုစားနိုင်မှု စွမ်းရည် များစွာတို့က
ယခုအချိန်တွင် အဓိပ္ပာယ် ရှိလာပေတော့မည်။

ထို့အပြင် အက်ဂါသာနှင့် အစ္စဘယ်လာတို့သည်
နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးများနှင့်
ဆင်တူသော စမ်းသပ်မှု ပစ်မှတ် များစွာတို့ကို
ရရှိလာနိုင်သဖြင့် သူတို့၏ မှော်စွမ်းအား
သုတေသနများ အပေါ်တွင် ကြီးမားစွာ
ကူညီနိုင်ပေလိမ့်မည်။

ပြုစားခြင်းများ၏ ပြဿနာများ ဖြစ်သော
အကျိုးသက်ရောက်မှု ရရှိရန် အချိန်များစွာ
ကြာမြင့်ခြင်း၊ အကျိုး သက်ရောက်မှု နည်းပါးခြင်း၊

+

မော်စွမ်းအား လည်ပတ်မှုများကို နတ်ဘုရား
တုံ့ပြန်မှု ကျောက်တုံးများဖြင့် ချိုးဖျက်နိုင်ခြင်း
အစရှိသည့် အရာများသည် စွမ်းရည်ကိုယ်တိုင်နှင့်
ယှဉ်လိုက်လျှင် ဘာမှ မဟုတ်နေပေ။

သို့ဖြစ်၍ မည်သို့ပင် ဖြစ်စေကာမူ ရိုလန်သည်
ထိုကဲ့သို့သော စုန်းမ တစ်ယောက်အား
ထိန်းထားရန် လိုအပ်နေပေသည်။

ပြန်လည် သုံးသပ် စဥ်းစားခဲ့အပြီးတွင်
အလုပ်ဖြစ်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ
သကြားဖုံးထားသည့် ကျည်ဆန်ပင် ဖြစ်မည်ဟု
သူက ခံစားမိခဲ့သည်။

+

ဘာပဲပြောပြော လူအများအား သွေးဆောင်
ဖြားယောင်းသည့် ပညာရပ်တွင် သူကိုယ်တိုင်ထက်
ပိုသာသောသူကို သူက မတွေ့နိုင်သေးပေ။

နောက်ဆုံးစုန်းမ ဖြစ်သော နံပါတ် ၈၉
သေးသွယ်လက်ကောက် အနေဖြင့် သူမသည်
သူမ၏ နာမည်အတိုင်းပင် ဖြစ်သည်။

သူမသည် ကျောက်မျက်ကုန်သည် တစ်ယောက်၏
သမီးဖြစ်ပြီး ပန်းပုပညာတွင် မွေးရာပါ ပါရမီ
ပါလာသူလေး ဖြစ်သည်။ သူမတွင် သေးသွယ်သော
လက်ကောက်ဝတ်များ ရှိရုံတင် မကပဲ
ရှုပ်ထွေးသော ပုံစံများကို ထွင်းထုနိုင်သည့်

+

ပျော့ပျောင်းသော လက်ချောင်းများလည်း
ပါလာခဲ့သေးသည်။

သူမ နိုးထလာခဲ့အပြီးတွင် သူမ၏ ပါရမီက
အကြီးအကျယ် တိုးတက်လာခဲ့ပြီး များစွာပို၍
လျင်မြန်စွာ ထွင်းထုနိုင်ရုံတင် မက မည်သည့်
အရာကို မဆိုလည်း ထွင်းထုနိုင်ပေသည်။

တစ်ချက် ကြည့်လိုက်လျှင် အန်နာကလည်း
ထိုအရာအား သူမ၏ အနက်ရောင်
မီးတောက်များဖြင့် အလွယ်တကူ
ပြုလုပ်နိုင်သည်ဟု ဆိုရမည် ဖြစ်သော်လည်း
သူမသည် နှစ်ခေါက်တိုင်တိုင်
ဆင့်ကဲတိုးတက်ပြီးသည့် ပါရမီရှင်မလေး ဖြစ်သည်။

+

ဖက်ဒရေးရှင်း အတွင်း၌ပင် သူမသည် ထိပ်တန်း အကြီးတန်း စုန်းမများ အကြားတွင် အပါအဝင် ဖြစ်မည် ဖြစ်ကာ သေးသွယ်လက်ကောက်နှင့် လုံးဝ ကွဲပြား ခြားနားသော အဆင့်တွင် ရှိနေသည်။

ရိုလန်က သေးသွယ်လက်ကောက်အား နှစ်သက်ရသည့် အချက်မှာ သူမသည် အန်နာထံမှ အလုပ်ဝန်များကို ကူထမ်းနိုင်သောကြောင့် ဖြစ်သည်။ ထို့အပြင် တိကျစွာ ထုတ်လုပ်နိုင်စွမ်း ရှိသောသူကလည်း များများစားစား မရှိနေပေ။

အိပ်ပျော်နေသောကျွန်း အပေါ်တွင် သူမသည် မျှုးမတ်များအတွက် ကျောက်မျက်များ

+

သွေးပေးနိုင်သည့် ထိပ်တန်း လက်မှုပညာရှင်
တစ်ယောက်သာ ဖြစ်နေနိုင်သော်လည်း
ဆောင်းမဲ့မြို့တော်တွင်မူ သူမသည် အခြား
စုန်းမများနှင့် အတူ လူမှု အဖွဲ့အစည်းအား
တိုးတက်နိုင်စေရန် ကူညီနိုင်မည် ဖြစ်လေသည်။

+